

သချိုင်း

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၁၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်

ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့အာက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဓမ္မာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်

မျက်နှာဖုံး- မောင်နေကြည်

အတွင်းပန်းချီ- ကောလတ်

ကွန်ပျူတာ-ဓာနည်ဇော်

စာအုပ်ချုပ်-ဓာနည်

အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၂၁၊ ဖေဖော်ဝါရီလ။

တန်ဖိုး-၆၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့အာက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း။ သာကေတမြို့နယ်၊ ရန်ကုန်။

ဖုန်း။ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၃၇၉၆၇၀၀၄





# သင်္ချိုင်းအမှတ်

## ၄

ကျုပ်အဘနဲ့ အမေက ဘုန်းကြီးကျောင်းကို ဆီဦး လှူရတာ လွှတ်ဝါသနာပါတာဗျ။ သူတို့ယာကထွက်တဲ့ နှမ်းဖြစ်ဖြစ် ပဲဖြစ်ဖြစ် ဆီကြိတ်ပြီး ကျလာတဲ့ ယာထွက်ဆီဦးနဲ့ ဟင်းကောင်းချက် ဆွမ်းချိုင့်ပြင် ပြီးရင် ဆီဦးသုံးပိဿာကို ပုံးနဲ့သွတ်ပြီး သွားလှူကြတာဗျ။

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

ကျုပ်က ဆီးနှံ့စီးပြီး ထွန်တုံးကိုင်ရတာပေါ့ဗျာ။ ထွန်တုံး ဆိုတာက ဆီးနှံ့နှက်ခမ်းကို လျှောက်လာတဲ့ နှမ်းဖတ်တို့ ပဲဖတ် တို့ကို ဆုံထဲ ပြန်ပြန့်တွန်းချရတဲ့ တာတာပေါ့ဗျာ။

အဲဒါလူ ဆီထွက်ပေါက်မှာ ပိတ်နေတဲ့ ပဲဖတ်တွေကို ထိုးထိုးထုတ်လို့ဗျ။ ဒါမှ ဆီကျကောင်းတာပေါ့ဗျာ။

ကျုပ်ပဲကို နွားကြီးတွေကလည်း နွားဖီးကြီးတွေဆိုတော့ ကမ္ဘာ့ဟာဗျား သာသာလေးပေါ့ဗျာ။ ကျုပ်တို့ဘားအဖေနွားယောက် ကြိုက်ပြီး ထားတဲ့သီက ငါးဝိသာလောက်တောင် ရှိနေပြီဗျ။ အမေက ပက်ဆုံသား မှုသာသားတယ်။ မနက်ဖြန် ဝက်သားကို နပ်ချိုး ဘုံးမျိုး ချက်ပြီး ဘုန်းကြီးကျောင်းကို ဆွမ်းပို့ကြတော့မှာ ဗျ။ သူတို့ယောက်ယက်ခတ်တဲ့ ဆီဦးကို လှူရတော့မှာဆိုတော့ အပျော် အမေက ပြုံးပြုံး ပြုံးပြုံးနဲ့ကို ဖြစ်နေကြတာပဲဗျို့။

ဪ... ကျုပ်တို့ အညာရဲ့ အညာသားတွေရဲ့ဘဝ ဆို တာ လည်း မြေနဲ့အတူ ရုန်းကန်ပြီး ထွန်ကြ ယက်ကြ စိုက်ကြ မျိုးကြ။ ရာသီဥတု ကောင်းလို့ နှမ်းတွေ ပဲတွေ အောင်ရင် ရလာတဲ့ ငွေတွေကို ရှေ့တွေးပါပြီး ရကြ၊ ပိုတာလျှံတာကို လှူကြတန်းကြနဲ့ ကိုယ်တာနဲ့ကိုယ်တော့ ပျော်နေကြတာပေါ့ဗျာ။

တကယ်လည်း အပြစ်မဲ့တဲ့ ပျော်ရွှင်မှုပါဗျာ။

"ကိုကြီးတာတေ၊ ဆီကြိတ်နေတာလားဗျ"

ကြိတ်ဆုံစီးရင်းကနေ ကျုပ်လှည့်ကြည့်လိုက်တော့ ကျောက်ခဲဗျ။ နောက်မှာ သံမဏိလည်း ပါတယ်ဗျ။

"ဟေ့ကောင်တွေ လာကွ"

လို့ ကျုပ်က လှမ်းခေါ်လိုက်တော့ ဒီကောင်နှစ်ကောင် ကြိတ်ဆုံဆီကို တန်းလာကြတာပေါ့ဗျာ။ အဘနဲ့ ကျုပ်နဲ့ ဆီကြိတ်တာကို ရပ်ကြည့်နေကြပြီး သိပ်မကြာဘူးဗျ။

"ကဲ ကိုကြီးတာတေ ဖယ်၊ ကျုပ် စီးမယ်"

"ဟာ နေပါကွ၊ ကျောက်ခဲရ"

"ဖယ်ပါဗျာ၊ ကျုပ် တစ်လှည့်စီးပေးပါ့မယ်၊ ကျုပ် ဆီကောင်းကောင်း ကြိတ်တတ်ပါတယ်ဗျ"

ပြောပြောဆိုဆိုနဲ့ ဒီကောင် ကျုပ်ကို ဆွဲချရော့ဗျို့။ ပြော မရတဲ့အဆုံးတော့ ကျုပ် ဖယ်ပေးလိုက်တော့တယ်။ ကျောက်ခဲက ကျုပ်နေရာကို ဇွေ့ခနဲ တက်ထိုင်လိုက်ပြီး ကျုပ်လက်ထဲက ထွန်တံကို လှမ်းယူတယ်ဗျ။ ဒီတော့ ကျုပ်က အဘနေရာ ဝင်ရ တာပေါ့ဗျာ။

“အဘ သွားနားလိုက်ဦး”

လို့ ပြောပြီး ဆီထွက်ပေါက်မှာ ကျုပ်က ပဲဖတ် ထိုးရတော့တာပေါ့ဗျာ။

“ကျုပ်က ကိုကြီးတာတေတို့ နှမ်းကြိတ်နေတယ်ထင်တာ၊ လက်စသတ်တော့ ပဲကြိတ်နေကြတာကိုး”

“မနှစ်တုန်းက နှမ်းဆီဦး လှူတယ်လေကွာ၊ ဒီနှစ်တော့ ပဲဆီဦး လှူမယ်ဆိုပြီး ပဲကြိတ်တာ၊ နှမ်းအိတ်တွေလည်း ရှိတယ် ကျောက်ခဲရ”

ကျုပ်နဲ့ ကျောက်ခဲက ကြိတ်ဆုံမှာ ဆီကြိတ်နေကြတော့ သံပေါက အမေ့ဆီကိုသွားပြီး ဆီထည့်တဲ့နေရာမှာ ဝင်ကူတယ်ဗျ။

ဒီကောင်နှစ်ကောင်က ကျုပ်အိမ်ရောက်ရင် တကယ့်ကို အိမ်သားတွေလို နေကြတာဗျ။ မသိတဲ့လူဆိုရင် ကျုပ်ညီတွေလို့ကို ထင်ကြမှာ။

“တာတေရေ၊ ဟေ့ တာတေ”

ဟော ကျုပ်ကို ခေါ်ပြန်ပြီဗျို့။ ပိုင်းဝကို လှမ်းကြည့်တော့

ဘန့်ဘွေးကုန်းက ကိုစံအေးကြီးဗျ။

"ဟာ၊ လေးလေးသံပြာကြီးပါလား"

ကျောက်ခဲက လူသွက်ဆိုတော့ သွက်ခနဲ ပြောလိုက်တာဗျ။

"ကိုကြီးစံအေး လာဗျ၊ ကျုပ် ဒီမှာ ဆီကြိတ်လို့"

ဒီတော့မှ ကိုစံအေးက ကျုပ်ကို မြင်သွားပြီး ဝင်လာတာဗျို့။

"ဟာ တာတေကလည်းကွာ၊ မျောက်ကို ကြိတ်ဆုံစီးနိုင်းထားရတယ်လို့ကွာ၊ ဒီမျောက်က ဘာလုပ်တတ်မှာတုံးကွ"

ကိုစံအေးက ကျောက်ခဲကို မြင်မြင်ချင်း စ,ရောဗျို့။ ကျောက်ခဲက ဘာမှပြန်မပြောဘဲ သွားလေးအဖြီးသားနဲ့ ရယ်နေတယ်ဗျ။

"ဟာ ဟိုမှာလည်း မျောက်တစ်ကောင်ပါလား၊ အရှီးရေ၊ သတိထားနော်၊ ဒီမျောက်တွေက ဆီလည်း သောက်ရင် သောက်မှာဗျ"

"လေးလေးစံအေး၊ ကျုပ်က မျောက်မဟုတ်ဘူးဗျ၊ အလုပ်တွေ အကုန်လုပ်တတ်တဲ့ လူဗျ"

"ဟော…ဟုတ်လား သံမဏိရဲ့ မင်း ဘာတွေလုပ်တတ်လို့တုံးကွ"

"ကျုပ်က အညာသားတွေ လုပ်တတ်တာဆိုရင် အကုန်လုပ်တတ်တယ်"

"မင်း ထန်းပင်တော့ မတက်တတ်ပါဘူး သံမဏိရာ"

"ယင်းထောင်ရှိရင် ကျုပ်တက်တတ်တယ်ဗျ"

လို့ သံမဏိက ပြန်ပြောတယ်ဗျ။

"ဟား ဟား ဟား၊ မင်းအကောင်တွေက တကယ့်တောင်တွေပဲ တာတေရဲ့"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေး တစ်လိပ်ကိုမီးညှိပြီး ကိုစံအေးကို တည့်လိုက်တယ်။

"ကိုကြီးစံအေးရေ၊ ဒီကောင်နှစ်ကောင်က ကျုပ်နဲ့တွဲပြီး သန်ချိုင်းကုန်းတွေထဲ လျှောက်လိုက်နေတဲ့ ကောင်တွေဗျ။ ပေါ့သေးသေးကောင်တွေ မဟုတ်ဘူးဗျို့"

"မင်း ထင်လို့ပါကွာ၊ ဒီကောင်တွေ သရဲနဲ့ ပက်ပင်းတိုးရင် ထွက်ပြေးမယ့် ကောင်တွေပါကွာ"

ကိုစံအေးက ကျောက်ခဲ မခံချင်အောင် စ,ရောဗျို့။

“သရဲလောက်တော့ လာမပြောနဲ့ လေးလေးရေ၊ ဟို တလောက ကိုကြီးဟာတောရဲ့ရွာ ဗွေဆိုးနဲ့ ကဝေကြီးရဲ့ တိုက်ခွား နဲ့ တိုက်တုန်းက ကျုပ်ရှိတယ်ဗျ။ အဲဒီကဝေကြီးကို ကျုပ် ဓားနဲ့ ဝင်ပြီးပိုင်းမလို့လုပ်တာ၊ ကိုကြီးဟာဘောက အခင်းနဲ့ ပစ်လိုက်လို့ ပေါ့ဗျာ၊ မဟုတ်ရင် အဲဒီကဝေ ကျုပ်လက်နဲ့ သေတယ်”

“ဟား ဟား ဟား ဟား၊ ဟုတ်မှလည်း ကြွားပါ ကျောက်ခဲရာ”

ကိုစံအေးက ကျောက်ခဲပြောတာကို သဘောကျပြီး ရယ် တော့တာပဲဗျာ။

“နို့ နေပါဦး ကိုကြီးစံအေးရဲ့၊ ကိုကြီးစံအေး ကျုပ်ဆီ လာတာ ကိစ္စရှိလို့လား”

“ဟာ လာရင်းကိစ္စကို မေ့နေတာပေါ့၊ ငါ မင်းဆီကို လာတာ စာလာပေးတာကွ၊ ရော့ ရော့၊ ဒီမှာစာ”

“စာ ဟုတ်လား ကိုကြီးစံအေး၊ ကျုပ်ဆီကို ဘယ်သူမှ စာမရေးဖူးပါဘူးဗျာ”

ကျုပ်က ကိုကြီးစံအေးလက်ထဲက စာအိတ်ကလေးကို လှမ်းယူလိုက်တယ်။ စာအိတ်က အညိုလေးဗျ။ လက်ရေးက

လည်း ဝိုင်းစက်နေတာ။ ဘုန်းကြီးကျောင်းထွက်တွေ ရေးတဲ့ လက်ရေးမျိုးဗျ။

“*မောင်တာတေ*”

*ထနောင်းကုန်းရွာ ပေးပါ။*

“ဓာက ညက ကားနဲ့ ပါလာတာကွ၊ ကားဆရာ ကိုစံက ငါ့အဘကို လာပေးသွားတာ၊ ဘိုးလူပေကိုယ်တိုင် ကားဂိတ်ကိုလာပြီး ကိုစံကို ပေးသွားတာတဲ့”

“ဟာ ဟုတ်လား၊ ကိုစံက ဘိုးလူပေကို သိလို့လားဗျ”

“ဟကောင်ရ၊ ဘိုးလူပေကို ငါတို့တစ်ရွာလုံး သိတယ်ကွ၊ ဘိုးလူပေ လာတိုင်း ကိုစံမောင်းတဲ့ကားနဲ့ လာတာချည်းပဲ လေကွာ”

ကျုပ်က စာအိတ်ကိုဖောက်ပြီး အထဲကစာကို ဖတ်လိုက်တယ်။

*နေ့စွဲ - ၂.၂.၁၉၇၀*

*သို့/*

*မောင်တာတေ သိစေရန် ဆရာကြီး စာရေးလိုက်ပါသည်။*

*အလွန်အရေးကြီးသော ကိစ္စတစ်ခု ပေါ်လာသဖြင့် ဆရာ တို့ ခရီးထွက်ရပါမည်။ ထိုခရီးတွင် မောင်တာတေကိုပါ လိုက်ပါ စေလိုပါသည်။*

*မောင်တာတေ လိုက်ပါမည်ဆိုပါက သုံးရက်အတွင်း မြို့ကို အရောက်လာပါ။ တောင်ပိုင်းက "အောင်တော်မူ" ဘုန်းကြီး ကျောင်းမှာ တည်းပါသည်။*

*ဆရာကြီး*

*ဘိုးလှုပေ*

ကိုစံအေး ပြန်သွားပြီးတော့ ကျောက်ခဲနဲ့ သံမဏိက မပြန်သေးဘူးဗျ။ ကျုပ်တို့ ဆီကြိတ်လို့ပြီးမှ အမေချက်ထားတဲ့ ဝက်သနီချက်နဲ့ ထမင်းစားကြသေးတယ်။ ပြီးတော့မှ အေးအေး ဆေးဆေး ပြန်သွားကြတယ်။

ကျုပ်ကတော့ အဘနဲ့ အမေကို လုပ်စရာရှိတာတွေ တစ်ရက် လုပ်ပေးလိုက်သေးတယ်ဗျ။ ပြီးတော့မှ နောက်နေ့မနက် စောစောကားနဲ့ မြို့ကို လိုက်ခဲ့တယ်။

ကျုပ်တို့ထနောင်းကုန်းက မြို့ကိုထွက်တဲ့ကား မရှိဘူး လေဗျာ။ ဘန့်ဘွေးကုန်းကို မနက်အစောကြီးသွားပြီး စီးရတာဗျ။

"ဟဲ့ တာတေ၊ မြို့သွားမလို့လား"

"နင့်အဘနဲ့ နင့်အမေ နေကောင်းကြလား"

"ဒီနှစ် ဘယ်လိုတုံး ပဲရရဲ့လား"

"တာတေက ဆရာကြီး ဖြစ်နေပြီကွ"

"မင်းနွား ဈေးဆိုး သေသွားတာ စိတ်မကောင်းလိုက်တာကွာ"

"နင်လည်း လှယဉ့် မရှိကတည်းက တို့ရွာကို သိပ်မလာတော့ဘူးနော် တာတေ"

ဘန့်ဘွေးကုန်းသားတွေက ကျုပ်ကို မသိတဲ့သူမှ မရှိတာဗျာ။ ကျုပ်ကိုတွေ့တာနဲ့ မျိုးစုံအောင် ပြောတော့တာကျို့။ ရွာလမ်းဆိုတော့ ကြမ်းတာပေါ့ဗျာ။ ခုန်းခုန်း ဒိုင်းဒိုင်းနဲ့မြည်ပြီး ဘယ်ယိမ်းညာယိမ်းနဲ့ မောင်းနေတဲ့ ကားဆရာ ကိုစံရဲ့ ကားဟောင်းကြီးက မြို့ကိုရောက်တာနဲ့ အားလုံး ကားပေါ်ကဆင်းပြီး ကိုယ့်လမ်းကိုယ်သွားကြရတော့တာပေါ့ဗျာ။

ကျုပ်ကတော့ မြို့တောင်ပိုင်းက အောင်တော်မူကျောင်းကို ထွက်လာခဲ့တယ်။ အောင်တော်မူကျောင်းဝင်းက တော်တော်လေး ကျယ်တာဗျ။ ကျုပ်က ပထမဆုံးတွေ့တဲ့ ဦးပဉ္စင်းတစ်ပါးကို

မေးလိုက်တယ်။

"ဦးပဉ္စင်း၊ ဒီကျောင်းမှာ တည်းနေကြတဲ့ ဆရာကြီးနှစ်ယောက်ကို သိသလားဘုရား"

"ခြောက် တစ်ယောက်က ချောင်ထုံးနဲ့ထင်တယ်"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်"

"ဒီတည့်တည့်သွား၊ အောင်တော်မူစေတီလေး တွေ့လိမ့်မယ်၊ အဲဒီစေတီရဲ့ တောင်ဘက်က ကျောင်းလေးထဲမှာ တည်းကြတယ်။ သစ်သားကျောင်း မဟုတ်ဘူး၊ အုတ်ကျောင်းလေးမှာ"

"မှန်ပါ့ဘုရား"

ဦးပဉ္စင်း လမ်းညွှန်တဲ့အတိုင်း ကျုပ်က လျှောက်လာလိုက်တယ်။ အောင်တော်မူစေတီလို့ ရေးထားတဲ့ မုခ်ဦးအောက်ကနေ ကျုပ်ဝင်လိုက်ပြီး ထုံးသင်္ကန်းဖြူဖြူလေး ကပ်ထားတဲ့ ဂိုးတောင်ပြည့်စေတီကို ထိုင်ပြီးရှိခိုးလိုက်တယ်။

"အခုသွားရမယ့် ခရီးမှာ ချောချောမွေ့မွေ့ ရှိပါစေ"

လို့လည်း ကျုပ် ဆုတောင်းလိုက်တယ်။ ပြီးတော့မှ စေတီရဲ့ တောင်ဘက်ကဆင်းပြီး အုတ်ကျောင်းလေးကို ရှာလိုက်တယ်။

ဟော တွေ့ပြီဗျို့။ အုတ်ကျောင်းလေးက သိပ်မကြီးပေမဲ့ နှစ်ထပ်ကျောင်းလေးဗျ။ ကျုပ်က အုတ်လှေကားအတိုင်း ကျောင်း အပေါ်ကို တက်လိုက်တယ်။

"ဟော မောင်တာတေ ရောက်ပြီလားကွဲ့၊ ကျုပ်က မောင်တာတေ လာမှလာနိုင်ပါ့မလားလို့ တွေးနေတာကွဲ့"

"ဘယ်နေလိမ့်မတုံး ဆရာကြီးရယ်၊ ဆရာကြီးဆီက စာရောက်လာကတည်းက ကျုပ်က ချက်ချင်းပြေးလာချင်နေတာ ဗျ"

"သာဓုကွယ်၊ သာဓု၊ သာဓု"

"နို့ ခုလာတာ ဆရာကြီးတစ်ယောက်တည်း မဟုတ်ဘူး လား"

ကျုပ်က ဆရာကြီး ဘိုးလူပေကို မေးလိုက်တယ်။

"ဆရာတစ်ယောက် ပါသေးတယ်ကွဲ့၊ အခု ဘုရားခန်း ထဲမှာ ပုတီးစိပ်နေတယ်။ ခဏနေရင် ထွက်လာပါလိမ့်မယ်"

ကျုပ်နဲ့ ဘိုးလူပေ စကားဆက်ပြောနေကြတယ်။ ဘိုးလူ ပေက ကျုပ်မိဘတွေကို မာကြောင်း သာကြောင်း မေးတယ်။ ဘနှံဘွေးကုန်းက ဘိုးစိမောင်တို့သတင်း မေးတယ်။ ပြီးတော့

သူသိတဲ့ တခြားလူတွေအကြောင်းလည်း မေးတယ်ဗျ။

ကျုပ်တို့ စကားပြောကောင်းနေတုန်းမှာပဲ ဘိုးလူပေနဲ့ ပါလာတဲ့ ဆရာက ဘုရားခန်းထဲက ထွက်လာတယ်ဗျ။

"ဟော မောင်တာတော၊ ဆရာကြီးကို ဂါရဝပြုလိုက်ပါဦး"

လို့ ဘိုးလူပေက ပြောလို့ ကျုပ်က ဂါရဝပြုဖို့ နောက်ကို လှည့်လိုက်တယ်ဗျ။

ဟာ…ကျုပ် အံ့ဩသွားလိုက်တာဗျာ။ ကျုပ်မျက်စိတွေကို တောင် မယုံနိုင်အောင် ဖြစ်သွားခဲ့တာဗျို့။

"ဆရာကြီး၊ ဆရာကြီး စိုင်းနွံဖ"

ကျုပ်ကို ပြုံးပြုံးကြီး ကြည့်နေတဲ့ ကျုပ်ဆရာကြီး စိုင်းနွံဖ ကို ကျုပ် ချက်ချင်း ကန်တော့လိုက်တယ်။

"မောင်တာတောက နည်းနည်းလေးဝွားလာတာကလွဲ ရင် ဒီအတိုင်းပဲကွဲ၊ မျက်လုံးတွေမှာ ရှိရင့်တဲ့ အရောင်တွေကို အရင်အတိုင်း တွေ့နေရတာကွဲ"

ကျုပ်က ကျုပ်သိချင်တဲ့ အကြောင်းကို မေးလိုက်တယ်။

"ဆရာကြီး ဒေါက်တာဦးမင်းအောင်နဲ့ တွေ့သေးသေး

ဆရာ”

“ဆရာကြီး ဒေါက်တာမင်းအောင်က နိုင်ငံခြားကို အပြီး ထွက်သွားတာကွဲ့၊ နိုင်ငံခြားတိုင်းပြည်တွေမှာပဲ ကာဝေတွေကို လိုက်ပြီးနှိမ်နင်းနေတာကွဲ့”

ကျွန်ုပ်ဖျက်ထုံးတွေ ဆေသွားတာယ်ဗျာ။ ဆရာကြီး ဦးမင်း အောင်ကို ကျွန်ုပ် တော်တော်ကို သတိရသွားတာယ်။ ကျွန်ုပ်စိတ်တွေ ကို အမြဲသိနေတဲ့ ဆရာကြီး စိုင်းနွံဖက ကျွန်ုပ်ကို မေးတာယ်ဗျ။

“မောင်တာတေက ဆရာကြီး ဒေါက်တာမင်းအောင်ကို သတိရနေတာကို”

ကျွန်ုပ်နဲ့ ဆရာကြီး စိုင်းနွံဖ ပြောနေတာကိုကြည့်ပြီး ဘိုးလှုမေက ပြုံးပြီး ခေါင်းလေးညိတ်နေတာယ်ဗျ။

“မောင်တာတေ၊ ဆရာဦးမင်းအောင်တို့ အစ်ကိုနွံဖတို့နဲ့ ကာဝေပိုက်တုန်းက တော်တော်ကို အတွေ့အကြုံတွေ ရလိုက်မှာ ကွဲ့နော်”

“ဟာ ရတာတွေမပြောနဲ့ ဆရာကြီးရေ၊ ကြောက်လည်း တော်တော်ကို ကြောက်ခဲ့တာပါဗျာ”

“အင်း၊ အခုကြုံရမယ့်ကိစ္စကလည်း တော်တော်ကို

ကြောက်စရာကောင်းမှာကွဲ့"

"ဟာ ဟုတ်လား ဆရာကြီး"

"မောင်ဟာဘော စဉ်းစားကြည့်လေကွယ်၊ ခါတိုင်းဆို ရင် ကျုပ်တစ်ယောက်တည်း လာတာမို့လား၊ အခု အစ်ကိုနွံဖပါ လိုက်လာရတယ်ဆိုတော့"

ဒီတော့မှ ကျုပ်သဘောပေါက်သွားတာဗျို့။

"ဒါဆိုရင် ကိစ္စက တော်တော်ကို အရေးကြီးပုံပဲ ဆရာ ကြီးရဲ့"

ဆရာကြီး ဖိုင်းနွံဖကလည်း ဆရာကြီး ဘိုးလူပေရဲ့ ဘေးမှာ ဝင်ထိုင်လိုက်တယ်ဗျ။

"ကိုလူပေရေ၊ ကျုပ်တို့ အခုသွားရမယ့်ကိစ္စက အင် မတန်မှ ထူးဆန်းပြီး နက်နဲတဲ့ အကြောင်းတရားတွေ ပါနေ တာကွဲ့၊ ဒီတော့ ခရီးမစခင်မှာ မောင်ဟာတောကို အကြောင်းစုံ ပြောထားရင် သင့်မယ်ထင်တယ်။ ဒီလိုမှမဟုတ်ရင် မောင်ဟာ တောမှာ လိုက်သာလာရတယ်၊ ဘာမှ ဂဃနဏ မသိဘဲ ဖြစ်နေမှာ ကွဲ့"

"ဟုတ်ကဲ့ အစ်ကိုနွံဖ၊ ကျုပ်လည်း ဒီအကြောင်းတွေကို

မောင်တာတေ နားလည်အောင် ပြောထားချင်ပါတယ်၊ ပြောသင့် မပြောသင့် ဆိုတာကို ချိန်နေတာ အစ်ကိုနဲ့မရဲ့”

“ဟာ ပြောသင့်တယ် ကိုလှပေရဲ့”

“ဟုတ်ကဲ့၊ ဒါဆိုရင် ဒီအကြောင်းတွေကို အစကနေ အဆုံးအထိ မောင်တာတေ ကြိုသိရအောင် ကျုပ်ပြောပြလိုက်ပါမယ်၊ ဟဲ အခုတော့ မောင်တာတေကို ဆွမ်းစားကျောင်း ခေါ်သွားပြီး ထမင်းကျွေးလိုက်ဦးမယ်”

“အေး အေး၊ ဟုတ်တာပေါ့၊ မောင်တာတေက ကားပေါ်က ဆင်းဆင်းချင်း တန်းလာခဲ့တာဆိုတော့ ဆာရောပေါ့”

ဘိုးလှပေက ကျုပ်ကို ဆွမ်းစားကျောင်းကို ခေါ်လာကယ်ဗျ။ ဆွမ်းစားကျောင်းတာဝန်ယူတဲ့ ဦးပဉ္စင်းတွေက ကျုပ်ကို ဂရုတစိုက်နဲ့ ကျွေးမွေးကြတယ်ဗျ။ အောင်တော်မူဆရာတော်နဲ့ ဘိုးလှပေက ဟိုတုန်းကတည်းက အလွန်ခင်ကြတာတဲ့ဗျ။ အောင်တော်မူဆရာတော် သာသနာ့ဘောင် မဝင်ခင်အထိ အမြဲတမ်း တတွဲတွဲ နေကြတာတဲ့ဗျ။ ဘိုးလှပေရဲ့ မွေးစားအဖေ ပထမံဆရာ မွှားကြီးကိုလည်း အောင်တော်မူဆရာတော်က ရင်းရင်းနှီးနှီး သိတာပေါ့ဗျ။ ဒီတုန်းကဆိုရင် ဘိုးလှပေတို့အိမ်မှာ စားအိပ်သောက်

အိမ်ဆိုပဲ။ အခုလည်း ဘိုးလူပေ ရောက်လာရင် လွှတ်ဝမ်းသာသာ တဲ့ဗျာ။

ကျောင်းက ဦးပဥ္စင်းတွေကလည်း သျှောင်တစောင်းနဲ့ ဘိုးလူပေဟာ ဆရာတော့် ငယ်သူငယ်ချင်းဆိုတော့ လွှတ်ဂရုစိုက်ကြတာတဲ့ဗျ။

(ဘိုးလူပေနဲ့ ဆရာနွံ့ဖတို့ရဲ့ ဆက်စပ်မှုကို သိချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ **"မဖဲဝါမွေးတဲ့သား"** စာအုပ်ထဲက **"ကာဝေဒသွေး"** ဆိုတဲ့ ဝတ္ထုထဲမှာ ပါတယ်ဗျ။ အဲဒီစာအုပ်ကို ပြန်ရှာပြီး ဖတ်ကြည့်ဗျာ)

ဒီတုန်းက ဘိုးလူပေ မွေးတာစပေါ့ဗျာ။ ဆရာနွံ့ဖက အသက် ၂၀ ဝန်းကျင်ပေါ့။ အခုတော့ ဘိုးလူပေက အသက် ၅၀ အရွယ်၊ ဆရာနွံ့ဖက အသက် ၇၀ အရွယ်ဗျ။ ဒါပေမဲ့ ဆရာနွံ့ဖက သန်တုန်းမြန်တုန်း၊ သွားနိုင်လာနိုင်တုန်းဗျ။ အသက် ၇၀ သာ ပြောတယ်။ ဟိုအရင် ကျုပ်နဲ့တွေ့တုန်းကအတိုင်းပဲဗျ။ ဆရာနွံ့ဖဆိုတာ ကျုပ်ကို မျက်ကွင်းသေး ပေးခဲ့တဲ့ ဆရာလေဗျာ။ **"ကာဝေဆယ့်နှစ်ကြိုး"** မှာ ဒေါက်တာဝင်းအောင်ရယ်၊ ဆရာနွံ့ဖရယ်၊ ကျုပ်ရယ် ကာဝေလိုက်သွားကြတဲ့အကြောင်း ရေးထားတာ

လေဗျာ။ မဖတ်ရသေးရင်တော့ ရှာပြီးဖတ်ကြည့်ဗျ။

ဘိုးလူပေက ကျုပ်ကို ထမင်းကျွေးပြီး ပြန်ခေါ်လာတယ်ဗျ။ အုတ်ကျောင်းလေးကို ပြန်ရောက်တော့ ဒီအကြောင်းကို ပြောပြတော့တာပဲဗျ။

ဘိုးလူပေ ပြောပြတဲ့ အကြောင်းတွေဟာ လူ့လောကမှာ ကျုပ် တစ်ခါမှ မကြားဖူးတဲ့ အကြောင်းတွေပါဗျာ။ ဘိုးလူပေ ကျုပ်ကိုပြောတဲ့အတိုင်းပဲ ကျုပ်ပြန်ပြောပြပါမယ်။

"မောင်တာတေရေ၊ ပဟာဒီလောကကြီးမှာလေ မဖြစ်နိုင်ဘူးလို့ ထင်ရကဲ့အရာတွေတောင် ဖြစ်နိုင်တယ်ကွဲ့၊ ကျုပ် အခုပြောပြမယ့် အကြောင်းတွေဟာ စိတ်ကူးယဉ်ပြီး ရေးထားတဲ့ ဝတ္ထုတစ်ပုဒ်လို့ မထင်လေနဲ့၊ တကယ့်အဖြစ်တွေကွဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒီလိုကွဲ့၊ ကျုပ်ရဲ့ မွေးစားအဖေ ပထမံဆရာမှူးကြီး ထွက်ရပ်မကြွမင်က မောင်တာတေရဲ့ ဆရာကြီး ပိုင်းနှံ့ဖနဲ့ ဆရာ တပည့်နှစ်ယောက် စစ်ကိုင်းနယ်ထဲမှာ နို့အောင်းနေတဲ့ ကဝေ ဆရာကြီးတစ်ယောက်ကို သွားပြီး နှိမ်နင်းခဲ့ကြတယ်။ အဲဒီကဝေ ကြီးဟာ ကဝေပညာမှာ ကမ်းကုန်အောင်တတ်တဲ့ လူတစ်

ယောက်ပဲကွဲ့၊ မောင်တာတော ကြုံဖူးတာပဲလေ၊ ကဝေတွေ သေရင်
ငရဲမီးတောက်ထပြီး အဝီစိကို ရောက်သွားကြတာလေ"

"ဟုတ်ကဲ့၊ ခဏခဏ မြင်ဖူးပါတယ် ဆရာကြီး"

"အေး၊ အဲဒီမှာ တချို့ကဝေတွေက ငရဲမီးတောက်
မထဘဲ နတ်မိစ္ဆာဖြစ်သွားတာလည်း ရှိတယ်ကွဲ့၊ သူတို့က ရုပ်
မရှိဘဲ နာမ်ပဲရှိတဲ့ ဘုံတစ်ခုတဲ့ မောင်တာတေရဲ့။ အဲဒီနတ်မိစ္ဆာ
တွေဟာ ရုပ်ကို သိမ်းလိုချင်ကြတာတဲ့၊ လူ့ဘဝကို အင်မတန်မှ
ပြန်ရောက်ချင်ကြတာဆိုပဲ၊ လူ့အဖြစ် ပြန်ပြီးဝင်စားဖို့ အမြဲချောင်း
နေကြတာတဲ့ကွဲ့။ ဒါကို သိလို့လည်း စတုမဟာရာဇ်နတ်ဘုံက
နတ်ဘီလူးတွေက ဒီနတ်မိစ္ဆာတွေ လူ့အဖြစ် ပြန်မဝင်စားရအောင်
စောင့်ကြပ်နေကြရတာတဲ့။ စောင့်နေတဲ့ကြားထဲကပဲ လူ့လောက
မှာ ပဋိသန္ဓေရသွားခဲ့ရင် သန္ဓေသား ပျက်ကျအောင်လုပ်ပြီး
နတ်မိစ္ဆာကို ပြန်ခေါ်လာကြရတာဆိုပဲ"

"ဟာ ဒီလောက်တောင် စောင့်ကြပ်နေတာပါလား
ဆရာကြီးရဲ့"

"ဟုတ်တယ်ကွဲ့ မောင်တာတေရဲ့၊ တစ်ခါတလေ
မီးဖွားတော့မှ သိသွားရင်လည်း ချက်ချင်းဇီဝိန်ခြွေချပြီး နတ်မိစ္ဆာ

ကို ပြန်ခေါ်လာကြရတာတဲ့"

"အဲဒီလို ခေါ်လာပြီးရင် ဘာလုပ်ကြတာတုံး ဆရာကြီးရဲ့"

"ဟာ အပြစ်ဒဏ်ပေးကြတာပေါ့ မောင်တာတေရဲ့၊ ပြင်းပြင်းထန်ထန်ကို အပြစ်ပေးတာဆိုပဲ။ ဒါကြောင့်မို့ အဲဒီလိုတွေ သိပ်မလုပ်ရဲကြတာပေါ့"

"ဒါဆိုရင် နတ်ဘီလူးတွေကို ကျေးဇူးတင်ရမှာပေါ့နော် ဆရာကြီး"

"ဒါပေါ့ကွဲ့၊ နတ်ဘီလူးတွေက အကောင်မှော်သမားတွေကို အားကြီးရွံမုန်းတာကွဲ့၊ ကျုပ်တို့သုံးတဲ့ အင်းတွေကိုစောင့်တဲ့ အင်းစောင့်ဆိုတာလည်း အဲဒီနတ်ဘီလူးတွေပဲကွဲ့။ ကျုပ်တို့ အထက်လမ်းသမားတွေ၊ အလင်းမှော်ပညာရှင်တွေကို ဒီနတ်ဘီလူးတွေက တော်တော်ကို ကူညီကြတာကွဲ့"

"ဒါဆိုရင် တော်သေးတာပေါ့ ဆရာကြီးရယ်"

"ကျုပ်တို့သက်လို သေသွားတဲ့ ကဝေတွေထဲက ပညာမြင့်တဲ့ ကဝေတွေက နတ်မိစ္ဆာတွေနေတဲ့ဘုံကို ရောက်သွားကြတယ်ကွဲ့၊ ဒ ပါယ်ခလေးဘုံထဲက နေရာတစ်ခုပဲပေါ့ မောင်တာတေ

ရယ်။ ဒီနတ်မိဗ္ဗာတွေကို နတ်ဘီလူးတွေက အလစ်မပေးဘဲ အမြဲစောင့်ကြည့်နေကြတာ။ အခု ကျုပ်ပြောမယ့် အကြောင်းအရာက နတ်ဘီလူးတွေ စောင့်ကြပ်နေတဲ့ကြားကကို ဖြစ်သွားတဲ့အဖြစ်တစ်ခုပေါ့ မောင်တာတေရယ်။ ဒီဇာတ်လမ်းကို ပြောရမယ်ဆိုရင် စောစောက ပြောခဲ့တဲ့ စကားကိုပဲ ပြန်ကောက်ရဦးမကွဲ့။ ကျုပ်အဖေ ဆရာဖွားကြီးနဲ့ အစ်ကိုနွံဖတို့ သွားပြီးနိမ်နင်းခဲ့ကြတဲ့ ကဝေကြီးရဲ့ နာမည်က မိုးညိုတဲ့ကွဲ့။ ကဝေရာဇာကြီး မိုးညိုက ငှရဲမီးတောက်မထဘဲ နတ်မိဗ္ဗာတွေနေတဲ့ အပါယ်ဘုံကို ရောက်သွားတယ်၊ သူလည်း တခြားနတ်မိဗ္ဗာတွေလိုပဲ လူ့ဘဝကို ပြန်ရောက်ဖို့ အမြဲကြံစည်နေတာပေါ့ကွယ်"

"သူတို့အကုသိုလ်တွေနဲ့ဆိုရင် လူ့ဘဝ ပြန်ရောက်ဖို့ ဘယ်လွယ်မှာတုံး ဆရာကြီးရယ်"

"ဟာ ဟုတ်တာပေါ့ကွဲ့၊ ဒီကောင်တွေ လူပြန်ဖြစ်ဖို့ဆိုတာ အတော်ကြီးပေါ့ကွယ်၊ ဒါကြောင့်လည်း လူပြန်ဖြစ်ဖို့ နည်းမျိုးစုံနဲ့ ကြံကြတာကွဲ့။ သူတို့ တတ်ထားတဲ့ ပညာတွေကိုသုံးပြီး နည်းမျိုးစုံ လုပ်ကြတာပေါ့ မောင်တာတေရယ်"

"ဒီကဝေတွေဟာ မချိမဆန့်သေပြီး မိဗ္ဗာဖြစ်နေတာ

ဟောင် သူတို့ရဲ့ အတတ်တွေကို မစွန့်ကြသေးဘူးနော် ဆရာကြီး"

"ဟာ ဘယ်စွန့်လိမ့်မတုံးကွယ်၊ အဝီစိငရဲကို မရောက်မချင်း ဘယ်တော့မှ မစွန့်ကြဘူးကွဲ့၊ အဲဒီအထဲမှာ အခုပြောမယ့် ကဝေကြီး မိုးညိုက အဆိုးဆုံးကွဲ့ မောင်တာတေရဲ့"

"ဟုတ်လား ဆရာကြီးရဲ့၊ ကဝေကြီး မိုးညိုက ဘာတွေများ လုပ်လို့တုံးဗျ"

"နတ်မိစ္ဆာဘုံကို ရောက်သွားတဲ့ မိုးညိုဟာ လူ့လောကမှာ လူပြန်ဖြစ်ပြီး သူတတ်ခဲ့တဲ့ ပညာတွေကိုလည်း အပြည့်ပြန်ရချင်တယ်ကွဲ့"

"ဟာ တော်တော်အကြံကြီးတဲ့ ကဝေပါလား ဆရာကြီးရဲ့"

"ဟုတ်ပါ့ကွယ်၊ ဒါပေမဲ့ သူဖြစ်ချင်တဲ့ ရည်ရွယ်ချက်ကို ဖြစ်ရဖို့ဟာ မိုးညိုအတွက် လွယ်လွယ်ကူကူတော့ မဟုတ်ဘူးကွဲ့၊ အချိန်တွေ အကြာကြီးယူပြီး အားထုတ်ခဲ့ရတာကွဲ့"

"နေပါဦး ဆရာကြီးရဲ့၊ ကျုပ် နားမလည်လို့ တစ်ခု မေးပါရစေ"

"မေးလေ မောင်တာတော၊ ဘာမေးချင်လို့တုံး"

"ဒီကာဝေတွေဟာ သေပြီး နတ်မိစ္ဆာ ဖြစ်သွားတဲ့အချိန်မှာ သူတို့ရဲ့ ပညာတွေ သူတို့ဆီမှာ ရှိသေးလို့လား"

"ရှိတာပေါ့ မောင်တာတောရဲ့၊ ဒီကောင်တွေရဲ့ ရုပ်က သေသွားပေမယ့် ရုပ်ပွားတစ်ခုနဲ့ နတ်မိစ္ဆာဘုံကို ရောက်သွားတာကွဲ့၊ ဘဝတစ်ခုကို ပြောင်းသွားတာ မဟုတ်ဘူး၊ ဘုံတစ်ခု ပြောင်း သွားတာ"

"ဪ၊ ဒါဆိုရင် ကဝေကြီး မိုးညို့ရဲ့ အမှောင်မှော် ပညာတွေဟာ သူ့ဆီမှာ အကုန်ရှိနေတာပေါ့ ဟုတ်လား ဆရာကြီး"

"အေး ဟုတ်တယ်ကွဲ့၊ ဒါပေမဲ့ သူတို့လုပ်ခဲ့တဲ့ အကုသိုလ်တွေက သူတို့ကို လူပြန်ဖြစ်ခွင့် ဘယ်ပေးမှာတုံးကွယ်၊ ဒါကြောင့်လည်း ဒီကောင်တွေ နည်းမျိုးစုံသုံးပြီး လူ့လောကကို ပြန်ရောက်အောင် ကြိုးစားကြတာပေါ့ မောင်တာတောရယ်"

ပထမဆုံး မိုးညို ဘာလုပ်တုံးဆိုရင် သူ့တပည့်တွေကို သူ နတ်မိစ္ဆာဖြစ်သွားတယ်ဆိုတာ မပြောဘဲ အလွန်အစွမ်းထက်တဲ့

ကဝေနတ်ကြီး ဖြစ်နေတယ်လို့ အိပ်မက်ပေးတာကွဲ့။ အိပ်မက်ထဲမှာလည်း သူ့ကိုယ်သူ အလှန်ခန့်ညားတဲ့ နတ်တစ်ပါးအသွင်ဆောင်ပြီး တန်ခိုးတွေ ပြတာတဲ့ကွဲ့။ ဒီမှာတင် သူ့တပည့်တွေက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတာပေါ့ကွယ်။ သူတို့ဆရာ . ကဝေရာဇာကြီး မိုးညိုဟာ ကဝေနတ်ကြီးဖြစ်ပြီး သူတို့ကို စောင့်ရှောက်နေတယ်လို့ ယုံသွားကြတာ မောင်တာတေရဲ့။ နတ်မိစ္ဆာကလည်း ဒီအိပ်မက်ကို တပည့်တစ်ယောက်စီကို ပေးတာဆိုပဲ၊ ဒီမှာတင် အနယ်နယ်အရပ်ရပ်မှာရှိတဲ့ မိုးညို့ရဲ့ တပည့်တွေဟာ စစ်ကိုင်းဘက်က မိုးညို သေခဲ့တဲ့ရွာမှာ စုဝေးပြီး အစည်းအဝေးလုပ်ကြတယ်တဲ့ကွဲ့။

အဲဒီမှာ ကဝေနတ်ကြီး ဖြစ်သွားတဲ့ သူတို့ဆရာကြီးကို ပူဇော်ပသကြ၊ ကင်ကြမြှောက်ကြ၊ ပင့်ကြသတဲ့ကွယ်။ ဒီမှာတင် နတ်မိစ္ဆာ မိုးညိုက သူ့တပည့် ကျော်ဟန် ဆိုတဲ့ ကဝေတစ်ယောက်ကို ဝင်ပူးပြီး ဒီအစီအစဉ်ကို ချတော့တာတဲ့ပေါ့။ တပည့်တွေကလည်း သူတို့ဆရာကြီးကို တကယ်ပဲ နတ်ကြီးဖြစ်နေတယ်ထင်ပြီး သူတို့ဆရာကြီး ခိုင်းတဲ့အတိုင်း လုပ်ကြဖို့ သဘောတူကြတယ်ဆိုပဲ"

နတ်မိစ္ဆာကြီး မိုးညိုက သူ့တပည့်တွေကို ဘာလုပ်ခိုင်း

တယ်ဆိုတာ ကျုပ် သိချင်သွားတယ်ဗျ။ ဒါပေမဲ့ ဘိုးလူပေကို ဖြတ်ပြီးမမေးရဲဘူးလေဗျာ။ ဒီတော့ ဘိုးလူပေ ပြောပြတာကိုပဲ ကျုပ်နားထောင်ရတော့တာပေါ့ဗျာ။

"မြေလတ်ဘက်မှာ ကန်ချိုင့်ဆိုတဲ့ ရွာလေးတစ်ရွာ ရှိတယ်ကွဲ့၊ အဲဒီရွာမှာ မောင်စိန်နဲ့ မိပန်းလို့ ခေါ်တဲ့ လင်မယား နှစ်ယောက် ရှိတယ်။ မောင်စိန်တို့ မိပန်းတို့ဟာ ကန်ချိုင့်ဇာတိ မဟုတ်ကြဘူးတဲ့၊ တခြားအရပ်ကနေ ပြောင်းလာတာဆိုပဲ။ တောင်ချိုင့်ကို ရောက်တော့ ကြံ့ရာကျပန်း လုပ်ကိုင်စားကြရတာ တဲ့ကွဲ့၊ မောင်စိန်က ယာထွန်ငှားရင်လည်း ထွန်ပေးလိုက်တာပဲတဲ့၊ နှမ်းကြဲ ပဲကြဲ ငှားရင်လည်း ကြဲပေးလိုက်တာပဲတဲ့၊ ပေါင်းနုတ် ငှားရင်လည်း လင်မယားနှစ်ယောက် လိုက်နုတ်ကြတာပဲတဲ့။ သစ်ခုတ် ဝါးခုတ် ငှားရင်လည်း လိုက်ခုတ်တာပဲတဲ့ကွဲ့။ ဒီလိုနဲ့ လင်မယားနှစ်ယောက် ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်ကြရ သတဲ့၊ ကန်ချိုင့်တစ်ရွာလုံးက သူတို့ကို ခင်ကြတယ်တဲ့ကွဲ့။

ရပ်ထဲရွာထဲမှာ အလှူအတန်းရှိရင်လည်း လင်မယား နှစ်ယောက် ချွေးတလုံးလုံးနဲ့ ချက်ကြပြုတ်ကြတာ ရွာထဲက လူတွေက နားပါဦးလို့တောင် ပြောယူရတာဆိုပဲ။ ဒါပေမဲ့ ယာဝိုင်

နွားပိုင် မရှိတော့ ကြုံရာအလုပ်ကို ပျံ့ကျလုပ်စားနေတာပဲကွယ်၊ ဘယ်မှာ ချောင်လည်တယ်လို့ ရှိမှာတုံးကွယ်၊ ဆင်းဆင်းရဲရဲ နေကြထိုင်ကြရတာပေါ့။

တစ်ရက်ကျတော့ ထူးသန်းတဲ့ လူတစ်ယောက် သူတို့ အိမ် ရောက်လာတယ်တဲ့ကွဲ့၊ ဒီလူက အပေါ်ဖြူ အောက်ဖြူ ဝတ်ထားတဲ့ ခေါင်းမှာလည်း ပုဝါဖြူလေး ပေါင်းထားတယ်ဆိုပဲ။

"ဒါ မောင်စိန်တို့ မပန်းတို့ အိမ်လားကွဲ့"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

အိမ်လို့သာ ဆိုရတယ်၊ တကယ်ကတော့ တဲသာသာ လေးတဲ့ကွဲ့၊ အဲဒီအဝတ်ဖြူ ဝတ်ထားတဲ့လူက ပြေးငြာဆိုဆိုနဲ့ အိမ်ပေါ်ကို တက်လာပြီး ဘုရားစင်ရှေ့မှာ ဝင်ထိုင်တယ်ဆိုပဲ။ ပြီးတော့ ဘုရားစင်ဘက်လှည့်ပြီး ဘုရားကို ကျကျနန ရှိခိုးသတဲ့။ ပြီးတော့မှ မောင်စိန်တို့လင်မယားဘက် လှည့်ပြီး ပြောတာတဲ့ ကွဲ့။

"အထက်ပုဂ္ဂိုလ်တစ်ပါး လွှတ်လိုက်လို့ ကြွလာရတာပါ၊ ကျုပ်နာမည်က အောင်ပင်လယ်ဆရာကျော်တဲ့ကွဲ့၊ မကြာခင် အထက်ပုဂ္ဂိုလ်ကြီး ကြွလာလိမ့်မယ်၊ ကျုပ်ကို ဓာတ်စီးပြီး ခင်တို့

လင်မယားကို ပြောစရာရှိတာတွေ သူကိုယ်တိုင် ပြောလိမ့်မယ်'

မောင်စိန်တို့ လင်မယားကတော့ အထူးအဆန်းဖြစ်ပြီး ဘာပြောရမှန်းတောင် မသိတော့ဘဲ လက်အုပ်ကလေးချီထားကြရတာပေါ့ကွယ်။

အဲဒီလိုပြောပြီးတာနဲ့ အောင်ပင်လယ်ဆရာကျော် ဆိုတဲ့လူက တဆတ်ဆတ် တုန်လာပြီး အထက်မှဏ္ဍိုလ်ဆိုတာ ကြွလာရောတဲ့ကွဲ့။

'ဟဲ့ ငါ့သားနဲ့ သမီး၊ မောင်စိန်နဲ့ မိပန်း နင်တို့ ဆင်းရဲလှချည်ကလား'

'ဟုတ်ပါတယ် အဘရယ်၊ ကျုပ်တို့ လွှတ်ဆင်းရဲကြတာပါဗျာ'

လို့ မောင်စိန်က မရဲတရဲနဲ့ ပြန်ပြောသတဲ့။

'အိမ်ထောင်ကျတာ သုံးနှစ်သာရှိတယ်၊ သားသမီးလည်းခုထိ မရကြဖူးလား'

'ဟုတ်ပါတယ် အဘရယ်၊ ကျုပ်တို့မှာ သားသမီးလည်း မထွန်းကားပါဘူးဗျာ'

လို့ မောင်စိန်က ပြန်ပြီးလျှောက်တင်သတဲ့။

"အေး ဒါဆိုရင် ငါမေးမယ်၊ မင်းတို့လင်မယား မချမ်းသာချင်ဘူးလား"

"ဟာ ချမ်းသာချင်တာပေါ့ အဘရယ်"

"အေး ဟုတ်ပြီ၊ မင်းတို့ သားသမီးရော မလိုချင်ဘူးလားဟေ့"

"ဟာ သားသမီး လိုချင်တာလည်း ရှူးမတတ်ပါပဲ အဘရယ်"

"ကောင်းပြီ၊ မင်းတို့ကို သူဌေးဖြစ်အောင်လည်း ငါလုပ်ပေးမယ်၊ သားသမီး ရအောင်လည်း လုပ်ပေးမယ်၊ ကြိုက်သလား မောင်စိန်"

"ဟာ အဘရယ်၊ ဘယ်နှယ်ပြောပါလိမ့်ဗျာ၊ အဲဒီလိုသာဆိုရင် အဘနိုင်းချင်ရာ နိုင်းပါဗျာ၊ ကျွန်ုပ်ရော ဟောဒီမိန်းမရော လုပ်ပေးပါ့မယ်"

မောင်စိန်က ဝမ်းသာအားရနဲ့ ပြန်ပြောသတဲ့ကွဲ့။

"ကျွန်ုပ်လည်း နိုင်းချင်ရာနိုင်း လုပ်ပေးပါမယ် အဘရယ်" လို့ မိန်းမကလည်း ဝင်ပြောသတဲ့။

"ဟာ ဒါဆိုရင် နေရာကျပြီပေါ့ကွယ်၊ အေး ဒီအတိုင်း

တော့ မရှေ့ဘူးကွဲ့၊ ငါပြောတာကို မင်းတို့ သေသေချာချာ နား ထောင်ကြ၊ မင်းတို့ သဘောတူတော့မှ ကတိကဝတ်ပြုကြရမှာ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ အဘ"

"အေး မင်းတို့မှာ သားလေး မွေးလာလိမ့်မယ်၊ ပြီးတော့ မင်းတို့လင်မယားပါ သူ့မွေးလင်မယားလည်း ဖြစ်လာလိမ့်မယ်၊ မင်းတို့သားကို မင်းတို့နှစ်ယောက်နာမည်ပေါင်းပြီး မောင်စိန်ပန်း လို့ နာမည်မှည့်ခေါ်ရမယ်။ မောင်စိန်ပန်း အရွယ်ရောက်တဲ့အခါ ငါပေးစားခိုင်းတဲ့ မိန်းကလေးနဲ့ မင်းတို့ ပေးစားရမယ်၊ ဘယ့်နှယ် တုံးကွဲ့"

"ဟာ အဘရယ်၊ အဘ သင့်တော်လို့ စီစဉ်တာကို ကျုပ်တို့ မငြင်းပါဘူးဗျာ"

"အေး ကောင်းပြီ၊ မင်းတို့ သားနဲ့ချွေးမမှာ သားဦးလေး မွေးလိမ့်မယ်"

"ဟာ ကျုပ်တို့ မြေးလေးပေါ့နော် အဘ"

မောင်စိန်က ဝမ်းသာအားရနဲ့ မေးလိုက်သတဲ့ကွဲ့၊

"အေး ဟုတ်တယ်၊ အဲဒါကို မင်းတို့ ကတိကဝတ်ပြုကြ ရမှာပဲကွဲ့၊ အဲဒီပထမဆုံးမွေးလာတဲ့ ကလေးကို သာသနာ့မြေ့ဖို့

ငါ့ကို ပေးရလိမ့်မယ်"

"ဗျာ"

"ဟုတ်တယ် မောင်စိန်၊ မင်း ကိုလင်မယား သူဌေးတွေ ဖြစ်အောင်လည်း ငါလုပ်ပေးမယ်၊ ကလေးမရနိုင်တဲ့ မင်းတို့ လင်မယားကို သားမောင်စိန်ယန်း မွေးလာအောင်လည်း ငါလုပ်ပေး မယ်၊ ဒါပေမဲ့ ငါတောင်းတာကို မင်းတို့ မပေးနိုင်ဘူးဆိုရင် ငါနဲ့ မင်းတို့ရဲ့ ကတိကဝတ်မပြုရဘဲပေါ့ကွယ်။ မင်းသားနဲ့ မင်း ချွေးမက နောက်ထပ် ကလေးတွေ မွေးကြဦးမှာပေါ့၊ မင်းတို့မှာ မြေးတွေ ရကြဦးမှာပဲ၊ ပထမဆုံးမွေးတဲ့ ကလေးကိုတော့ ငါ့ကို ပေးရလိမ့်မယ်"

မောင်စိန်နဲ့ မိပန်း ဦးစားကြတယ်ကွဲ။

"ကိုစိန်ရှည် အသက် သေသွားပြီး တောင်းတာပဲတော်၊ ပြီးတော့ ကျုပ်တို့မှာ နောက်ထပ် မြေးတွေလည်း ရကြဦးမှာပဲ တော်"

"မင်းသဘောတူတယ်ပေါ့ မိပန်း"

"ဟာ ကိုစိန် ရဦးစားလေတော်၊ မှင်ရော ကျုပ်ရော အသာသာ မဆောင့်ရောက်ရင် သူဌေးလင်မယား ဖြစ်လာစိရော

ရှိလို့လား၊ ပြီးတော့ သားသမီးရော ရစရာရှိလို့လားတော့"

"နေ့အ မင်းပြောတော့လည်း ဟုတ်တာပဲ မိပန်းရဲ့"

မောင်စိန်က ဓာတ်မီးနေတဲ့ အောင်ပင်လယ်ဆရာကျော်အက်ကို လှည့်လိုက်ပြီး ပြောရောတဲ့ဟော့။

"အဘပြောတာတွေကို ကျွပ်တို့လင်မယား သဘောတူပါတယ် အဘ၊ ကျုပ်တို့လင်မယားကိုသာ သူဌေးတွေဖြစ်အောင် သားလေးမွေးအောင် စောင့်ရှောက်ပေးပါ အဘရယ်၊ ပထမဆုံး မွေးလာမယ့် မြေးဦးလေးကို အဘတောင်းတဲ့အတိုင်း ပေးပါ့မယ် ဗျာ"

"ဟာ နေရာကျပဟ၊ ဒါဆိုရင် သောက်ရေတစ်ခွက် ခပ်စမ်းဟေ့"

မောင်စိန်က ကပျာကယာနဲ့ သောက်ရေအိုးထဲက ရေတစ်ခွက် ခပ်ပေးလိုက်တယ်။

"ကဲ လိုက်ဆိုကြပေတော့"

"ကျွန်တော် မောင်စိန်နှင့် ကျွန်မ မပန်းတို့သည် ယွေးခွးရှင် အဘနှင့် ကတိကဝတ်ပြုကြပါသည်၊ ကျွန်တော် ကျွန်မတို့၏ သား မောင်စိန်မှ မွေးလာသော သားဦးကလေးကို ပျော့ရှုံးမှု

အသာအား ကျေကျေနပ်နပ် ပေးကြပါမည်၊ ယခုပေးထားသော ကတိအဝတ်ကို တည်ပါက ကိုးလို့ချမ်းသာကြွယ်ဝကြပြီး၊ ကတိကဝတ်ကို ဖျက်ကွက်ပါက မိသားစုအားလုံး အသေဆိုးနှင့် သေကြရပါစေ'

မောင်စိန်နဲ့ မိပန်းက လိုက်ဆိုလို့လည်းပြီးရော –

'ဟော့ဒီသစ္စာရေကို တစ်ယောက်တစ်ဝက် သောက်ကြပေတော့၊ ကတိဖျက်ရင်တော့ သစ္စာဆိုထားတဲ့အတိုင်းပေါ့ကွယ်'

မောင်စိန့်တို့လင်မယားလည်း သစ္စာရေကို တစ်ယောက်တစ်ဝက် သောက်လိုက်ကြရောတဲ့ကွဲ့။ သူတို့ သစ္စာရေကို သောက်ပြီးတာနဲ့ ကတ်ပီးနေတဲ့ ပုဂ္ဂိုလ်က ထွက်သွားရောတဲ့ မောင်တာတေရဲ့။ ဒီတော့မှ အောင်ပင်သယ်ဆရာကျော်က မေးသတဲ့။

'ဘယ်လိုလဲကွ၊ ပုဂ္ဂိုလ်ကြွသွားသလား'

'ဟာ ကြွလာတယ် ဆရာ၊ ကြွလာပါတယ်'

'မင်းတို့နဲ့ ဘာတွေ ပြောကြတုံးကွဲ့'

'ကြွလာတဲ့ အဘက ကျုပ်တို့လင်မယားကို သူ့မြေးတွေ

ဖြစ်အောင် လုပ်ပေးမတဲ့ ဆရာရဲ့၊ ပြီးတော့ သားမွေးအောင်လည်း စောင့်ရှောက်ပေးမတဲ့ဗျ။ ကျုပ်တို့သားကို ခုကတည်းက နာမည်ကောင်း မှည့်ပေးသွားတယ် ဆရာရဲ့၊ ကျုပ်တို့သား အရွယ်ရောက်ရင် သူပေးစားတဲ့ မိန်းကလေးနဲ့ အိမ်ထောင်ချရမှာတဲ့ဗျ၊ ပြီးတော့ မွေးလာတဲ့ သားဦးလေးကို အဘက အလှူခံတယ်၊ သူ့ကို ပေးရမယ်တဲ့"

အောင်ပင်လယ်ဆရာကျော်က ခေါင်းတညိတ်ညိတ်လုပ်ပြီး မေးတယ်တဲ့။

"ဒီတော့ မင်းတို့က သဘောတူလိုက်သလား"

"ဟာ တူလိုက်တာပေါ့ ဆရာရယ်၊ တူရုံတင်မကဘူး၊ သစ္စာရေတောင် ကျုပ်တို့ သောက်လိုက်ကြတယ်၊ ကျုပ်က တစ်ဝက် မိန်းမက တစ်ဝက် သောက်ကြတာဗျ"

ဒီတော့မှ အောင်ပင်လယ်ဆရာကျော်က ပြုံးလိုက်ပြီး ပြောသတဲ့။

"အေး မင်းတို့ ပေးသွားတဲ့ ကတိအတိုင်း အထက်ပုဂ္ဂိုလ်ကြီးက လုပ်ပေးမှာ သေချာတယ်ကွဲ့ မောင်စိန်ရဲ့၊ မင်းတို့ကလည်း မင်းတို့ သစ္စာရေသောက်ပြီး ပေးလိုက်တဲ့ ကတိကို တည်ဖို့မို

တယ်၊ မင်းတို့ ကတိတည်ရင်တော့ မင်းတို့ ဆိုထားတဲ့ သစ္စာ အတိုင်း ဖြစ်မှာ သေချာတယ်ကွဲ့"

"ဗျာ၊ ဒီအတွက်တော့ စိတ်ချပါ ဆရာရယ်၊ ကျုပ်တို့က ကတိတစ်ခုပေးပြီးရင် ဘယ်တော့မှ မဖျက်ပါဘူးဗျာ"

"အေး ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ကွယ်၊ ကျွမ်းလာတဲ့ တာဝန်လည်း အောင်မြင်ပြီဆိုတော့ ကျုပ်သွားတော့မယ် မောင်စိန်ရေ"

မောင်စိန်နဲ့ မိပန်းက အောင်ပင်လယ်ဆရာကျော်ကို လက်အုပ်ကလေးတွေချီပြီး ကန်တော့ကြတဲ့ကွယ်။

နောက်နေ့မှာပဲ ဆက်လမ်းက ပျောက်ရောတဲ့ကွဲ့"

"ဟင် ဘာဖြစ်လို့တုံး ဆရာကြီးရဲ့"

ကျုပ်က ဘိုးလူပေရဲ့ စကားကို ဖြတ်ပြီးမေးလိုက်မိတယ်ဗျ။

"နောက်တစ်နေ့မနက် မောင်စိန်တို့လင်မယား အိပ်ရာက ထတော့ မောင်စိန့်ခေါင်းအုံးအောက်မှာ ရွှေဒင်္ဂါးငါးပြားတွေ့သတဲ့။ လင်မယားနှစ်ယောက်ဆိုတာ ဝမ်းသာလွန်းလို့ အသားတွေ တောင် တုန်နေကြတာဆိုပဲ။ ဒီအကြောင်းကို မောင်စိန်တို့

လင်မယားက ဘယ်သူ့ကိုမှ မပြောဘဲ ငြိမ်နေကြတာပေါ့ကွယ်။ တစ်ရက်ကျော် တစ်ခါ၊ နှစ်ရက်ကျော် တစ်ခါ ဆိုသလို ရွှေဒင်္ဂါးတွေ မှန်မှန်ရနေတာကွဲ့၊ အဲဒီရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး ယာတွေ ဝယ်ကြတယ်ဆိုပဲ၊ ပြီး နွားတစ်ရှဉ်းဝယ်ပြီး ကိုယ်ပိုင်ယာနဲ့ နွားပိုင်နဲ့ ဖြစ်လာတာတဲ့ကွဲ့။ သူတို့ယာကလည်း နှမ်းတွေ ပဲတွေ ထွက်လိုက်တာမှ ပြောမကောင်းအောင်ကို ထွက်တာဆိုပဲ။ လင်မယားနှစ်ယောက် ဝိုင်းကျယ်ကျယ်ဝယ်ပြီး ကျွန်းအိမ်ကြီး ဆောက်ကြသတဲ့၊ အဲဒီအိမ်ကြီး ဆောက်တဲ့နှစ်မှာပဲ မိပန်းမှာ ကိုယ်ဝန်ရပြီး သားလေးမွေးတယ်ဆိုပဲ။ သူတို့သားကို မောင်စိန်ပန်းလို့ နာမည်မှည့်တာပေါ့ကွယ်၊ မောင်စိန်ပန်းလေးကလည်း တစ်နှစ်ပြီး တစ်နှစ် ကြီးလာ၊ မောင်စိန်နဲ့ မိပန်းကလည်း စီးပွားတွေ တက်သထက် တက်လာကြတယ်တဲ့၊ ယာတွေလည်း ထပ်ထပ် ဝယ်အားကြတာ တော်တော်ကို များနေပြီတဲ့ကွဲ့။ ကန်ချိုင့်က လူချမ်းသာစာရင်းကိုတောင် မောင်စိန်တို့က ဝင်သွားသတဲ့ မောင်တာ့တော့ရဲ့"

"ဟာ ဒါဆိုရင် သူတို့နဲ့ ကတိကဝတ်ပြုထားတဲ့ မုဆိုးလ်က သူတို့ကို တကယ်စောင့်ရှောက်တာပဲပေါ့ ဆရာကြီးရဲ့"

"ဒါပေါ့ကွဲ့၊ စောင့်ရှောက်လို့ ဒီလိုဖြစ်လာကြတာပေါ့ ကွဲ့၊ အေး အဲဒီမှတ္တိုလ်က ကန်ချိုင့်မှာ မောင်စိန်တို့လင်မယားကို စောင့်ရှောက်ပေးနေတဲ့ အချိန်မှာပဲ ကန်ချိုင့်နားက မြို့လေးမှာ လင်မယားနှစ်ယောက်ကိုလည်း တစ်ပြိုင်နက်တည်း စောင့်ရှောက် ပေးနေတာတဲ့ကွဲ့"

"ဟင် ဘယ်လိုတုံး ဆရာကြီးရဲ့"

"မြို့ကလေးရဲ့ နာမည်တော့ ကျုပ်မပြောလိုဘူးကွဲ့ မောင်တာတေရဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီလူတွေက သက်ရှိ ထင်ရှား ရှိနေကြတာလေကွယ်"

"ဟုက်တာပေါ့ ဆရာကြီးရဲ့"

"အေး၊ အဲဒီမြို့လေးရဲ့ မြို့စွန်ရပ်ကွက်ကလေးမှာ လင်က ဆိုက်ကားနင်းပြီး မယားက ပဲပြုတ်ရောင်းရတဲ့ ကိုလှနဲ့ မလေး ဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ်တဲ့ကွဲ့။ အိမ်ထောင် ကျတာ ငါးနှစ်သာ ရှိပေမယ့် သားသမီးလည်း မမွေး၊ ပင်ပင်ပန်း ပန်း ဆင်းဆင်းရဲရဲလည်း လုပ်ကိုင်စားကြရသတဲ့ကွယ်။ တစ်နေ့ တော့ သူတို့ငှားနေတဲ့ အိမ်ကလေးကို ဝတ်ဖြူစင်ကြယ် ဝတ်ထားတဲ့ ဆရာတစ်ယောက် ရောက်လာသတဲ့။

"ဒါ ကိုလှတို့ ဓလေးတို့အိမ်လားကွဲ့"

လို့ မေးလိုက်တော့ အိမ်ထဲက ကိုလှတို့လင်မယားက ပျာပျာသလဲ ပြန်ဖြေကြသတဲ့။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် ကိုလှပါ"

အဲဒီဆရာက အိမ်ပေါ်ကို တန်းတက်လာပြီး ဘုရားစင်ရှေ့မှာ ဝင်ထိုင်သတဲ့ကွဲ့။

"ဆရာကြီး ဘယ်က ကြွလာတာတုံးခင်ဗျာ၊ ဘာများ လိုအပ်လို့ပါတုံး"

လို့ ကိုလှက စည့်ဝတ်ပြုပြီး မေးသတဲ့။

"ကျုပ်က ရှမ်းပြည်က ကြွလာတာပါ၊ ကျုပ်နာမည်က ရေပြာအိုင်ဆရာမြတဲ့ဗျ၊ ကျုပ် အခုလာရတာက အထက်ပုဂ္ဂိုလ်ကြီးတစ်ပါး လွှတ်လိုက်လို့ လာရတာပါ၊ မင်းတို့လင်မယား လက်အုပ်ချီထားကြ၊ အထက်ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ကြွလာပြီး မင်းတို့ကို စကားပြောလိမ့်မယ်"

ကိုလှတို့လင်မယားလည်း တအံ့တသြနဲ့ လက်အုပ်ကလေးတွေ ချီထားကြရတာပေါ့ကွယ်၊ ဒီအချိန်မှာပဲ ရေပြာအိုင်ဆရာမြက တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာပြီး ပုဂ္ဂိုလ်ဝင်စီး

ရောတဲ့ကွယ်။

“ငါ့သားနဲ့ သမီး၊ မောင်လှနဲ့ မလေးလေးကွဲ့”

“ဟုတ်ပါတယ် အဘ၊ မောင်လှနဲ့ မလေးပါ”

“အေး မင်းတို့လင်မယားဟာ တော်တော်ကို ပင်ပန်းဆင်းရဲတာကလား”

“ဟုတ်ပါတယ် အဘရယ်၊ ကျွန်တော့်ဆိုက်ကားကိုလည်း စီးမယ့်သူ သိပ်မရှိဘူး အဘရဲ့၊ မလေး ပဲပြုတ်ကလည်း တစ်မြို့လုံး ပတ်ရောင်းတာတောင် သိပ်မရောင်းရဘူး အဘရဲ့”

“ကောင်းပြီ ငါ အခုကြွလာတာ မင်းတို့အကျိုးအတွက်ပဲ၊ မင်းတို့လင်မယားကို သူဌေးလင်မယားဖြစ်အောင် လုပ်ပေးမလို့ပဲကွဲ့”

“ဟာ ဝမ်းသာလိုက်တာ အဘရေ”

ကိုလှကရော မလေးကပါ ပြောကြတာပေါ့ကွယ်။

“ပြီးတော့ သားသမီးမရှိတဲ့ မင်းတို့လင်မယားမှာ အင်မတန်ချစ်စရာကောင်းတဲ့ သမီးလေး မွေးလာအောင် အဘ စောင့်ရှောက်ပေးမယ်”

“ဟာ အဘရယ်၊ ကျွန်တော်ရော မလေးရော သမီးလေး

တစ်ယောက် သိပ်လိုချင်တာ အဘရဲ့၊ အဘရယ် ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်တို့လင်မယားကို အဘ နိုင်းချင်ရာ နိုင်းပါဗျာ၊ အဘ နိုင်းတာဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ပေးဖို့ အဆင်သင့်ပါပဲဗျာ"

"အေး နေရာကျပြီပေါ့ကွယ်၊ ဒီလိုကွဲ့ မောင်လှရဲ့၊ မင်းတို့သမီးလေး အရွယ်ရောက်လာတဲ့အခါကျရင် ငါစီမံတဲ့ ယောကျ်ားလေးနဲ့ အိမ်ထောင်ချထားပေးရမယ်၊ ဘယ့်နှယ်တုံးကွဲ့"

"ဟာ အဘရယ်၊ ကျွန်တော်တို့အပေါ်မှာ ဒီလောက် စောင့်ရှောက်တဲ့ အဘစီမံတာကို ကျွန်တော်တို့က သဘောမတူစရာ မရှိပါဘူးဗျာ"

"အင်း ဒါဆိုရင်တော့ နေရာကျပြီပေါ့ကွယ်၊ အေး တစ်ခုတော့ ပြောရဦးမယ်ကွဲ့ မောင်လှရဲ့၊ မင်းတို့ မွေးလာမယ့် သမီးလေးကို အခုကတည်းက ငါ နာမည်ပေးခဲ့မယ်၊ ဒီနာမည်ကိုပဲ မှည့်ကြရမယ်၊ တခြားနာမည် မမှည့်ရဘူး"

"ဟုတ်ကဲ့ အဘ၊ ပေးပါ အဘပေးပါ၊ အဘပေးတဲ့ နာမည်ပဲ ကျွန်တော်တို့ မှည့်ပါ့မယ်"

"အေး အေး၊ မင်းတို့ အဖေအမေနှစ်ယောက်စလုံးရဲ့ နာမည်ပါအောင် လှလေးစိန်လို့ မှည့်ရမယ်ကွဲ့"

"ဟာ၊ ကောင်းလိုက်တဲ့ နာမည်လေး အဘရယ်၊ ဟာ အဘရယ် ကျွန်တော်တော့ အခုတည်းကတော့ သမီးလေးကို ချစ်နေမိပါပြီဗျာ"

"အင်း၊ မင်းတို့နဲ့ ကတိကဝတ်ပြုဖို့ တစ်ခုကျန်သေး တယ်ကွဲ့"

"ဗျာ၊ ဘာများတုံး အဘရဲ့၊ အမိန့်ရှိပါဗျာ"

"မင်းတို့သမီးလေး လူလေးစိန်ဟာ အရွယ်ရောက်လို့ ငါနေရာချပေးတဲ့သူနဲ့ အိမ်ထောင်ပြုပြီးသွားရင် မင်းတို့မှာ မြေးဦး လေး ရလိမ့်မယ်ကွဲ့၊ အဲဒီမြေးဦးလေးကို သာသနာပြုဖို့အတွက် ငါ့ကို ပေးရလိမ့်မယ်"

"ဗျာ၊ ဘယ်လို အဘရဲ့"

"အေး တည့်တည့်ပြောမကွယ်၊ မင်းသမီးနဲ့ သားမက် ရတဲ့ ပထမဆုံးကလေးကို ငါခေါ်သွားမယ်၊ အဲဒါကို မင်းတို့ အခုကတည်းက သဘောတူရမယ်၊ ဒါမှ မင်းတို့ကို သူဌေး လင်မယားဖြစ်အောင် လုပ်ပေးမှာတွေ၊ ကလေးရအောင် လုပ်ပေး မှာတွေကို ငါ့ဘက်က လုပ်ပေးမှာ။ မင်းတို့ စဉ်းစားကြည့်လေ၊ မင်းတို့သမီးနဲ့ သားမက်က နောက်ထပ် ကလေးတွေ မွေးဦးမှာပဲ၊

မင်းတို့မှာ မြေးတွေ ရကြဦးမှာပဲလေ၊ ပထမဆုံးကလေးကိုတော့ ငါ့ကို ပေးရလိမ့်မယ်"

ကိုလှနဲ့ မလေးက ခဏတော့ တွေသွားတယ်ဗျ။ ခဏနေ တော့ ကိုလှက ပြောတယ်။

"မလေးရယ် တို့မှာ နောက်ထပ်မြေးတွေ ရဦးမှာပဲကွာ၊ အသာတောင်းတဲ့အတိုင်း မြေးဦးလေးကို ပေးလိုက်ပါကွာ၊ ပြီးတော့ အဘက သာသာနာပြုဖို့ပဲဟာ"

ဒီတော့မှ မလေးက ပြောသတဲ့ကွဲ့။

"ကျွန်မလည်း သဘောတူပါတယ်တော်"

"ဟာ ဒါဆိုရင်တော့ နေရာကျပြီဟေ့၊ ကဲ မောင်လှ သောက်ရေတစ်ခွက် ခပ်ကွယ်"

မောင်လှက သောက်ရေတစ်ခွက် ကမျာကယာခပ်ပြီး ခေါက်စီးနေတဲ့ ရေပြာဆိုင်ဆရာမြရဲ့ရှေ့မှာ ချပေးပုံက်တယ်တဲ့ ကွဲ့။

"ကဲ လိုက်ဆိုကြ၊ ကျွန်တော် ကျွန်မတို့သည် သမ္မာဒိဋ္ဌိ ကတိကဝတ်ပြုကြပါသည်၊ အဘစောင့်ရှောက်သဖြင့် ရရှိလာသော စည်းစိမ်ဥစ္စာများကိုလည်း လက်ခံရယူပါမည်၊ သမီးလေး

လှလေးစိန်ကိုလည်း ရရှာပါသည်၊ သမီးကလေး အိမ်ထောင်ကျ၍ မွေးဖွားလာသော သားဦးကလေးကို ကျေးဇူးရှင် အဘအား ပေးပါမည်ဟု ကတိပြုပါသည်။ ဤသစ္စာ မပျက်ပါက ဆယ်ထက်ထမ်းပိုး တိုးပြီးချမ်းသာပါစေ။ အကယ်၍ ဤသစ္စာကို ဖျက်ကွက်ခဲ့ပါက ဆွေမျိုးအစဉ်အဆက် ဘေးဆိုး ရန်ဆိုး ကြမ္မာဆိုးနှင့် ရင်ဆိုင်ကြရ၍ အသေဆိုးများဖြင့် သေကြပါစေ၊ ကဲ ဒီရေကို မင်းတို့လင်မယား တစ်ယောက်တစ်ဝက် သောက်ကြပေတော့

ကိုလှနဲ့ မလေးက သစ္စာရေကို တစ်ယောက်တစ်ဝက် သောက်လိုက်ကြတယ်တဲ့ကွယ်။ သူတို့နှစ်ယောက် သစ္စာရေ သောက်ပြီးတာနဲ့ ခါတ်စီးတဲ့ မုဆိုးလည်း ပြန်ကြသွားရောတဲ့ ပေါ့။

ဒီတော့မှ ရေပြာအိုင်ဆရာမြက သတိပြန်ရလာပြီး-

"ကဲ ဘယ်လိုတုံး ကိုလှ၊ မုဆိုးပါကြီး ကွလာသလား"

"ဟာ ကြွလာတယ်လေ ဆရာရဲ့၊ ကျွန်တော်တို့လင်မယား ကို သူဌေးဖြစ်အောင် လုပ်ပေးမတဲ့ဗျ၊ ပြီးတော့ သမီးလေး ရအောင်လည်း လုပ်ပေးမတဲ့ဗျ"

"နောက်တော့ကွဲ"

"ကျွန်တော်တို့ အဘနဲ့ ကတိကဝတ်တစ်ခု ပြုကြတယ် ဗျ"

"ကောင်းပြီ ကိုလှ၊ ကောင်းပြီ၊ ဒီအကြောင်း မပြောနဲ့တော့။ ဒါက မင်းတို့ရဲ့ လျှို့ဝှက်ချက်ပဲ၊ ကဲ အားလုံးနေရာကျပြီ ဆိုရင် ကျုပ်လည်း သွားတော့မယ်"

လို့ ပြောပြီး ရေပြာဆိုင်ဆရာမှူလည်း ပြန်ထွက်သွားရော တဲ့ကွဲ့ မောင်တာတောရဲ့။

အဲဒီနေ့က စပြီး ရေလိုက်ရင် သုံးရက်မြောက်တဲ့နေ့က စပြီး မနက်စိုးသင်းတာနဲ့ မောင်လှရဲ့ ခေါင်းအုံးအောက်မှာ ရွှေဒင်္ဂါးပြား ငါးပြား ငါးပြား တွေ့တယ်ဆိုပဲ။ မောင်လှရဲ့ ဇလေး လည်း အဲဒီရွှေကို သူသိသူမှ မပေါက်ကြားအောင် လျှို့ဝှက် ထားပြီး ရလာတဲ့ ရွှေဒင်္ဂါးပြားတွေကို မြို့ကြီးတစ်မြို့မှာ သွားသွား ရောင်းသတဲ့ကွဲ့။ ရလာတဲ့ငွေနဲ့ ကုန်ခြောက်ဆိုင် စတည်တယ် ဆိုပဲ။ ဆိုင်စတည်ကတည်းက ရောင်းလိုက်ရတာ ထမင်းတောင် စားချိန်မရှိလို့ ကသုတ်ကရက် စားရတယ်ဆိုပဲ၊ ပထမဆုံး စဖွင့်တဲ့ ဆိုင်လေးကနေ ဆိုင်ကြီးဖြစ်လာတယ်။ သုံးနှစ်ကြာတော့ မြို့လယ်က စျေးဒေသမှာ တိုက်ခန်းတစ်လုံးဝယ်ပြီး ဆိုင်ကြီး

ဖွင့်နိုင်သွားသတဲ့။ ဒီအချိန်မှာ ကိုလှနဲ့ မလေး ကုန်စုံဆိုင်ဆိုတာ တောရော မြို့ပါ ကြိုက်ကြိုက်တိုး ဝယ်ကြရတဲ့ ဆိုင်ကြီးတစ်ဆိုင် ဖြစ်သွား တာပေါ့ကွယ်။ အနီးအနားရွာတွေတင်မကဘူး၊ ဝေးလံတဲ့ ရွာတွေ ကပါ သူတို့ဆိုင်မှာ ဖောက်သည်ယူကြတော့ ဆိုင်မှာ အလုပ်သမား ကတောင် ဆယ်ယောက်ကျော် ရှိတာဆိုပဲ။

အဲဒီအချိန်မှာပဲ မလေးမှာ ကိုယ်ဝန်ရှိပြီး သမီးလေး မွေးသတဲ့။ သူတို့သမီးလေးကို လှလေးစိန်လို့ နာမည်ပေးထား ပေါ့ကွယ်။

လူ့ဘဝဆိုတာက ဘာကြာတာမှတ်လို့ကွယ်၊ ကန်ချိုင်က မောင်စိန်တို့ မိပန်းတို့ရဲ့ သားလေး မောင်စိန်ပန်းရော၊ မောင်လှနဲ့ မလေးရဲ့ သမီးလေး လှလေးစိန်ရော အရွယ်ရောက်လာကြတော့ တာပေါ့ကွယ်။

ဒီမှာတင် သူဌေး ကိုစိန်တို့လင်မယားရဲ့ အိမ်ကြီးဆီကို အောင်ပင်လယ်ဆရာကျော် ရောက်လာတယ်ဆိုပဲ။

ကိုစိန်တို့လင်မယားကရော သူတို့သား မောင်စိန်ပန်းက ပါ ခရီးဦးကြိုပြုကြသတဲ့။ ပြီးတော့ ဆရာကျော်ကို ဟင်းမျိုးစုံနဲ့ ထမင်းကျွေးကြတယ်ဆိုပဲ။ ထမင်းစားသောက်ပြီးတော့ ဆရာ

ကျွန်တော် သူလာရတဲ့ကိစ္စကို ပြောသတဲ့။

"ဪ သူဌေး ကိုစိန်နဲ့ သူဌေးကတော် မယ်နဲရေ၊ မောင်စိန် ဟန်းလည်း အရွယ်ရောက်ပြီဆိုတော့ ကလေးကို အိမ်ထောင်ချထား ပေးဖို့ အချိန်ကျရောက်လာပြီကွဲ့၊ မင်းတို့ပေးခဲ့တဲ့ ကတိကဝတ် တွေကိုရော သတိရကြတယ်မို့လား"

"ဟာ သတိရပါပြီလား ဆရာရယ်၊ ကျုပ်တို့ အထက် ပုဂ္ဂိုလ်ကြီးနဲ့ သစ္စာရေသောက်ပြီး ကတိကဝတ်ပြုထားကြတာကို ဘယ်တုန်းကမှ မမေ့ပါဘူးဗျာ၊ ကျုပ်တို့လည်း သားမောင်စိန်ဟန်း ကို အိမ်ထောင်ချပေးချင်လှပါပြီ ဆရာရယ်"

"အေး ဒါဆိုရင် မင်းတို့ဘက်က သင့်တော်ရာ လူကြီး လေးငါးယောက်နဲ့ ယာဘီမြို့ကို သွားရမယ်ကွဲ့၊ အဲဒီမြို့မှာ သူဌေး ကိုလှနဲ့ မလေး ဆိုတဲ့သူတွေ ရှိတယ်။ သူတို့က ဈေးထဲမှာ နှစ်ထပ်တိုက်ကြီးနဲ့ နေကြပြီး ကုန်ခြောက်ဆိုင်ကြီး ဖွင့်ထားတာ ကွဲ့၊ ကိုလှနဲ့ မလေးမှာ တစ်ဦးတည်းသော သမီးကလေး လှလေး စိန် ဆိုတာ ရှိတယ်၊ အင်မတန်ချောမောပြီး အင်မတန်မှ ငြိမ်ဝ ယဉ်ကျေးတဲ့ ကလေးမလေးကွဲ့၊ အဲဒီကလေးမလေးနဲ့ မောင်စိန် ဟန်းနဲ့ကို သွားပြီး ကြောင်းလမ်းပေးလိုက်မယ်"

"ဟာ ဖြစ်ပါ့မလား ဆရာရယ်၊ ကျုပ်တို့ချင်း ဘ
အဆက်အစပ်မှ မရှိတာ၊ လက်ခံပါ့မလားဗျာ"

"ဒီအတွက် မပူနဲ့၊ ကျုပ်တို့ စီစဉ်ထားမယ်၊ ဟိုကလည
ခင်များတို့ ရောက်လာမှာ ကြိုပြီးသိနေလိမ့်မယ်၊ သူတို့သ
လှလေးစိန်နဲ့ မောင်စိန်ပန်းကို နေရာချပေးဖို့ အဆင်သင့်ကို စော
နေမှာ၊ သွားသာ သွားကြပါ၊ မောင်စိန်ပန်းကိုလည်း တစ်
တည်း ခေါ်သွားကြရလိမ့်မယ်"

ပြောစရာရှိတာတွေ ပြောဆိုပြီးတော့ အောင်ပင်လယ
ဆရာကျော် ပြန်ကြွသွားတယ်တဲ့ကွဲ့။

ဒီအချိန်မှာပဲ ကိုလှတို့ မလေးတို့တိုက်ကို ဝတ်ဖြူ
ကြယ် ဝတ်ထားတဲ့ ရေပြာအိုင်ဆရာမြ ဆိုတဲ့ ဆရာက ရော
သွားတယ်။ ကိုလှနဲ့ မလေးကလည်း ဆရာမြကို ဝမ်းသာအား
ကြိုဆိုကြတာပေါ့ကွယ်။

ဆရာမြကို ကောင်းကောင်းမွန်မွန် ဧည့်ခံကျွေးမွေး
သတဲ့။ ဆရာမြကလည်း သူလာတဲ့ကိစ္စကို ပြောသတဲ့။

"ကဲ ကိုလှနဲ့ မလေး သမီးလေး လှလေးစိန်လည်
အရွယ်ရောက်ပြီကွဲ့၊ အထက်ပုဂ္ဂိုလ်ကြီးနဲ့ မင်းတို့ပြုထားကြ

ကတိကဝတ်တွေကို သတိရကြတယ်မို့လား"

"ဟာ သတိရပါတယ် ဆရာရယ်၊ ကျွန်တော်တို့လည်း သမီးလေးကို အိမ်ထောင်ရက်သား ချပေးချင်နေပါပြီဗျာ၊ ကျွန်တော်တို့ ချမ်းသာကြွယ်ဝသမျှတွေကို အမွေဆက်ခံမယ့်သူတွေ လိုချင်နေပါပြီ၊ ပြီးတော့ မြေးတွေ မြစ်တွေနဲ့ ဘဝကို ပျော်ပျော်ကြီး နေချင်လှပါပြီဗျာ"

"အေး၊ ဒီလို ကတိတည်တော့ ကောင်းတာပေါ့ကွယ်၊ မင်းတို့လည်း ရွှေအမိုးရာမှာ ဝိုဝိုပြီး ကြီးပွားချမ်းသာကြမှာပါ၊ ကဲ ဒါဆိုရင် နားထောင်ကြ၊ ကန်ချိုင့်ရွာမှာ သူဌေး ကိုစိန်နဲ့ သူဌေးကတော် မဝန်းဆိုတာ ရှိတယ်၊ ချမ်းသာလိုက်ကြတာမှ ကျိုကျိုကိုတက်နေတာကွဲ့၊ သူတို့မှာ တစ်ဦးတည်းသော သားကလေး မောင်စိန်ယန်း ဆိုတာ ရှိတယ်။ အခင်မတာနဲ့ လိမ္မာရေးခြားရှိတာကွဲ့။ အဲဒီသူငယ်နဲ့ မင်းတို့သမီးလေး လှလေးစိန်ကို နေရာချပေးကြရလိမ့်မယ်"

ကိုလှက ခေါင်းညိတ်ပြီး စဉ်းစားတယ်တဲ့ကွဲ့။ ပြီးတော့မှ

အထက်မှဂျိုလ်ကြီးနဲ့ ပြုထားတဲ့ ကတိကဝတ်တွေကို

ကျွန်တော်တို့ ဘယ်တော့မှ မမေ့ပါဘူး ဆရာရယ်၊ ဒါပေမဲ့ အခုပြောတဲ့သူတွေနဲ့ ကျွန်တော်တို့က အဆက်အစပ် မရှိတာ"

"ဟာ ဒီအတွက် မပူနဲ့ကွဲ့၊ မကြာခင်မှာ သူငယ်လေး မောင်စိန်ပန်းကို ခေါ်ပြီး ဒီကိုရောက်လာကြလိမ့်မယ်၊ ကလေးတွေရဲ့ ကျောင်းသပိတ်ပွဲလေးအတွက် ကြိုပြီး ပြင်ဆင်ထားနိုင်ဖို့ ကျုပ်က လာပြီးအကြောင်းကြားတာကွဲ့"

"အော် ဒီလိုလား၊ ဒီအတွက်တော့ စိတ်ချပါ ဆရာ ကျွန်တော်တို့ဘက်က အဆင်သင့် ပြင်ထားပါ့မယ်ဗျာ"

"အေးကွယ်၊ ဒါဆိုရင်တော့ နေရာကျပြီပေါ့၊ ကျုပ်က ဒီကိစ္စကို အသိပေးဖို့ လာတာပါ၊ အခုလို အဆင်ပြေပြီဆိုတော့ ငါ ပြန်ရုံပေါ့ မောင်လှရယ်"

ပြောပြောဆိုဆိုနဲ့ ဘကြီးအုန်းဆရာကြီးက ပြန်ဖို့ပြင်သတဲ့ကွဲ့၊

"ဟာ ဆရာရယ် နေပါဦးဗျာ၊ ကျွန်တော်တို့လင်မယားရဲ့ ဘဝကို ပြောင်းလဲပေးခဲ့တဲ့ ဆရာကို ကျွန်တော် အမြဲမျှော်နေတာပါဗျာ၊ ဖြစ်နိုင်ရင် ကျွန်တော်တို့အိမ်မှာ တစ်ပတ်တန်သည် ဆယ်ရက်တန်သည် ဆိတ်တင်းကျုံးပါဦးလား ဆရာရယ်"

"ဟာ ဒါတော့ဖြင့်လို့ မရဘူး မောင်လှရဲ့၊ အလောက်

ညွှန်ကြားထားတဲ့ တာဝန်တွေကို ထမ်းဆောင်ဖို့က ရှိသေးတယ်ကွဲ့၊ နောင်တော့ ဆုံကြဦးမှာပေါ့ကွယ်၊ ဟဲ ဟဲ ကျုပ်ပြန်ကြဦးမယ် မောင်လှရေ"

"ရေပြာအိုင်ဆရာမြကို ထောင်းဟန်လို့ မရတော့ဘဲအတွက် မောင်လှက ဘူမယား မလေးနဲ့ သမီး လှလေးစိန်ကို ခေါ်ပြီး မိသားစုသုံးယောက် ဆရာမြကို ကန်တော့ကြတယ်တဲ့။ ဆရာမြအတွက် လမ်းစရိတ်ကိုလည်း အလုံအလောက် လှူလိုက်ကြတယ်ဆိုပဲကွဲ့။

နောက်တစ်လလောက်ရောက်တော့ ကန်ချိုင့်က မောင်စိန်တို့ မယ်နုတို့က သားမောင်စိန်ယန်းနဲ့အတူ ကိုလှတို့တိုက်ကို ရောက် လာကြတယ်တဲ့ကွဲ့။ ကန်ချိုင့်က လူကြီးသုံးယောက်လည်း လိုက်လာကြတာပဲ မောင်ဘဘတေရေ။

ကိုလှတို့ မလေးတို့ကလည်း ဝမ်းပန်းတသာနဲ့ ခရီးဦးကြိုပြုကြတာပေါ့ကွယ်။

အဲဒီမှာ အံ့သြစရာကောင်းတာက မောင်စိန်ယန်းနဲ့ လှလေးစိန်တို့ဟာ တစ်ယောက်ကိုတစ်ယောက် မေတ္တာ[illegible]ရဲ့ ဖက်ပြီး ငိုကြရောတဲ့ဟေ့"

"ဗျာ၊ ဖက်ပြီး ငိုတယ် ဟုတ်လား ဆရာကြီး"

ကျုပ်က အံ့သြပြီး မေးလိုက်တာဗျ။ ခုမှတွေ့တဲ့ လူနှစ်ယောက်က ဘယ်လိုဖြစ်ပြီး ဖက်ငိုကြတာတုံးဗျာ။ ကျုပ်ဖြင့် တွေးလို့ကို မရဖြစ်တော့တာပဲ။

"ဟုတ်တယ်ကွဲ့ မောင်တာတေရဲ့၊ သူတို့နှစ်ယောက်ဟာ အရင်ဘဝက အလွန်ချစ်ကြတဲ့ လင်မယားဆိုပဲ၊ ဒီဘဝမှာ ပြန်တွေ့တော့ ဝမ်းသာလွန်းလို့ ငိုကြတာဆိုပဲ၊ အရင်ဘဝကိုချက်ချင်း မှတ်မိသွားကြတာတဲ့ကွ"

"ဒီလိုမျိုး ဖြစ်နိုင်လို့လား ဆရာကြီးရဲ့"

"အင်း ဖြစ်တော့ ဖြစ်နိုင်တာပေါ့ကွယ်၊ သူတို့နှစ်ယောက် က ဇာတိသရဉာဏ် ရလို့သာ မှတ်မိတာ ဖြစ်မှာပေါ့"

"သူတို့မိဘတွေကတော့ ဝမ်းသာကြမှာပေါ့နော် ဆရာကြီး"

"ဟာ ဝမ်းသာကြတာပေါ့ကွယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခုမှ မြင်ဖူးကြတဲ့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် စုံမက်မှု မရှိဘူးဆိုရင် လူကြီးတွေ စိတ်ဆင်းရဲကြရမှာပေါ့၊ အခုလိုဆိုတော့ ဝမ်းသာအားရ ဖြစ်ကြတာပေါ့ကွယ်"

"မင်္ဂလာ ဆောင်ဖြစ်သွားတာပေါ့နော် ဆရာကြီး"

"ဟာ ဆောင်လိုက်ကြတာမှ လှလေးစိန်တို့ဘက်မှာ
-ခံပွဲ၊ မောင်စိန်ပန်းတို့ဘက်မှာ တစ်ပွဲကွဲ့။ မင်္ဂလာဆောင်ပြီး
-တော့ ကန်ချိုင့်မှာ တစ်လှည့်၊ ကိုလှတို့ မလေးတို့ဆီမှာ တစ်လှည့်
-ကြတယ်တဲ့။ ကန်ချိုင့်ရောက်တော့လည်း ကိုစိန်တို့ မပန်းတို့
-လုပ်တွေကို ဝိုင်းလုပ်ကြတာပေါ့ကွယ်။ ကိုလှတို့အိမ်နေတော့
-ည်း ကိုလှတို့ဆိုင်ကြီးမှာ ဝိုင်းလုပ်ကြကိုင်ကြသတဲ့။ ဒီတော့
-ဖက်မိဘတွေကလည်း သဘောကျကြတာပေါ့ကွယ်။ အင်း
-ဒီလိုနဲ့ အိမ်ထောင်သက် ခြောက်လလောက်ရှိတော့ လှလေးစိန်
- ကိုယ်ဝန်ရှိလာရောတဲ့ကွဲ့။ ကိုယ်ဝန်ရင့်လာလို့ မွေးကာနီး
-းကာနီးမှာ လှလေးစိန်က သူ့အမေ မလေးဆီကို ပြန်တာပေါ့
-ယ်၊ မောင်စိန်ပန်းကလည်း လိုက်လာတာပေါ့၊ ဒီလိုနဲ့ မီးဖွားဖို့
-က်ရောက်တော့ ကိုစိန်နဲ့ မပန်းပါ လိုက်လာကြတယ်ဆိုပဲ။
-ို့ထဲက အရပ်လက်သည်နှစ်ယောက်ကိုလည်း အဆင်သင့်မှာ
-ားတာတဲ့ မောင်တာတောရေ"

"ဒါနဲ့ ဘာလေးမွေးတုံး ဆရာကြီးရဲ့"

ကျုပ်ကလည်း မြန်မြန်သိချင်နေတော့ မေးလိုက်မိတာ

ဖျ။"

"အင်း ဘာမှမရွေးဘူးကွဲ့"

"ဗျာ၊ ဘယ်လို ဆရာကြီး၊ ဘာမှမရွေးဘူး ဟုတ်လား"

"ဟုတ်တယ် မောင်ဘာမော၊ တစ်ညမှာ လှလေးစိန်
အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ သူမီးဖွားတာတဲ့ကွဲ့၊ သူ
ဖွားထားတဲ့ ယောက်ျားလေးကလေးမိန်းမကြီးနှစ်ယောက်က ဖွားပေ
တာတဲ့ကွဲ့၊ အိမ်ရှေ့မှာ နှစ်ဖက်မိဘတွေရော၊ သူယောက်ျား
မောင်စိန်ပန်းရော စိတ်ပူပြီး ခြေမကိုင်မိ လက်မကိုင်မိဖြ
ဖြစ်နေကြသတဲ့၊ နောက်တော့ သားယောက်ျားလေး ဖွားတာတဲ့ကွဲ့
ကလေးက ဖြူဖြူဖွေးဖွေးလေးဆိုပဲ၊ တော်တော်ကို ချစ်ဖို့ကောင်း
တာဆိုပဲ၊ အိပ်မက်ထဲမှာ လန့်နိုးသွားတော့ လှလေးစိန်က အဖေ
ကြားရဲ့ မောင်စိန်ပန်းကို နှိုးသတဲ့။

"ကိုစိန်ပန်း၊ ကိုစိန်ပန်း ကလေးရော၊ ကလေး"

မောင်စိန်ပန်းကလည်း အိပ်ရာလန့်နိုးသွားပြီး -

"ဟင် ကလေး ဟုတ်လား လှလေးစိန်၊ ဘယ်က
ကလေးတုံး"

"ကျွန်မမွေးတဲ့ ကလေးလေ၊ ရှင့်သား ရှင့်သား"

"ဟာ လှလေးစိန်ကလည်း မင်းမှ မီးမဖွားရသေးတာ၊ ကလေးက ဘယ်မှာရှိမှာတုံး၊ မင်းအိပ်မက် မက်နေတာ ဖြစ်မှာပါကွာ"

လို့ မောင်စိန်ပန်းက ပြောလိုက်တော့မှ လှလေးစိန်က ခေါ်သွားပြီး -

"ဟုတ်လား၊ ကျုပ် အိပ်မက် မက်နေတာလား"

ဆိုညာပြီး သူ့ဗိုက်ကို လက်နဲ့ စမ်းကြည့်လိုက်တော့မှ အလန့်တကြားနဲ့ အပြီးငိုတော့တာတဲ့ဟော့"

"ဟင် ဘာဖြစ်လို့တုံး ဆရာကြီး"

"လှလေးစိန် လွယ်ထားတဲ့ ဆေ့ဆေ့လာဆေ့ ကိုယ်ဝန်ကြီး မရှိတော့ဘူးတဲ့ကွဲ့၊ ဗိုက်က ချပ်ပြားနေတာဆိုပဲ"

"ဗျာ၊ ဒါ ဘယ်လိုဖြစ်တာတုံး ဆရာကြီးရဲ့"

"သူတို့ ကတိပေးထားတဲ့အတိုင်း သူတို့ရဲ့ မြေးဦးလေးကို ပေးလိုက်ကြရတာပေါ့ကွယ်"

"ကလေးမွေးပြီးမှ ယူကြမှာ မဟုတ်ဘူးလား ဆရာကြီးရဲ့"

"လူဆိုတာ စိတ်ပြောင်းသွားနိုင်တာပေါ့ကွယ်၊ ကလေး

မျက်နှာလည်းတွေ့ရော ဘယ်မိဘက ကိုယ့်ကလေးကို ပေးတော့မှာလဲ မောင်တာတေရယ်၊ ပြီးတော့ မောင်စိန်တို့ မောင်လှတို့ ကတိကဝတ် လုပ်ကြတဲ့ကိစ္စကို သူတို့သားသမီးတွေဖြစ်တဲ့ မောင်စိန်ပန်းတို့ လှလေးစိန်တို့က သိကြတာမှ မဟုတ်တာ၊ လွယ် ထားတဲ့ ကိုယ်ဝန်က ပျောက်သွားတယ်ဆိုတော့ မအေရော ဖအေရော ငိုကြတော့တာပေါ့ကွယ်"

"ဗိုက်ထဲက ကလေးကို ဘယ်လိုပညာတွေနဲ့များ ယူသွားကြတာတုံး ဆရာကြီးရဲ့"

"နတ်မိစ္ဆာတစ်ကောင်အတွက်ကတော့ ဒီလောက် ကလေးဟာ အသေးအမွှားပါ မောင်တာတေရယ်"

"ဗျာ၊ နတ်မိစ္ဆာ ဟုတ်လား ဆရာကြီး"

"အေးလေကွယ်၊ နတ်မိစ္ဆာမိုးညို လုပ်တာလေကွယ်"

"ဗျာ၊ ဒါဆိုရင် ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ရောက်လာတဲ့ အောင်ပင်လယ်ဆရာကျော်တို့ ရေပြာအိုင်ဆရာမြတို့ ဆိုတာ အထက်လမ်းဆရာကြီးတွေ မဟုတ်ဘူးလား ဆရာကြီးရဲ့"

"ဘယ်ကဟုတ်မှာတုံး မောင်တာတေရယ်၊ အဲဒါ မိုးညိုရဲ့လက်ရုံး တပည့်နှစ်ယောက်ပေါ့ကွယ်၊ ဒီကောင်နှစ်ကောင်က

စက်ကြိုးနှင်းပြီး ကောင်းကင်မှာ တက်နေနိုင်တဲ့ ကဝေတွေကွဲ"

"ဟာ ဒါဆိုရင် အထက်ဆရာတွေ ဟန်ဆောင်ပြီး လာတာပေါ့ ဟုတ်လား ဆရာကြီး"

"ဟုတ်တာပေါ့ကွဲ့၊ ဒီလိုကိစ္စတွေကတော့ ကဝေတွေလုပ်နေကျ အသေးအဖွဲ့ကိစ္စတွေပါကွယ်၊ ကဝေတွေရဲ့ မာယာတွေပေါ့ကွယ်"

"ဒါဆိုရင် ဆရာကျော်တို့ ဆရာမြတို့ကို ဓာတ်စီးပြီး ဦးစိန်တို့ ဦးလှတို့နဲ့ ကတိကဝတ်တွေလုပ်တဲ့ အထက်ပုဂ္ဂိုလ်ကြီးဆိုတာ ဘယ်သူတုံး ဆရာကြီးရဲ့"

"အဲဒါ နတ်မိစ္ဆာ မိုးညိုပေါ့ကွဲ့၊ သူ့ကိုယ်သူ အထက်ပုဂ္ဂိုလ်ယောင်ဆောင်ပြီး ဓာတ်စီးတာပေါ့ကွယ်၊ ဘယ်လိုအထက်လမ်းပုဂ္ဂိုလ်က ဒီလိုအလုပ်ကို လုပ်မှာတုံး မောင်တာတော့ရယ်"

"ဒါနဲ့ ဦးစိန်တို့ ဦးလှတို့က ဘာတွေပြောကြတုံး ဆရာကြီးရဲ့"

"ပြောတယ်ကွဲ့၊ ကိုစိန်က မျက်ရည်လေး စမ်းစမ်းနဲ့ ကိုလှကို ပြောပြတယ်။

"ကျုပ်မှားခဲ့တာပါ ကိုလှရယ်၊ ကျုပ်အပြစ်ပါဗျာ၊ ကျုပ်

တို့လင်မယား သိပ်ဆင်းရဲလွန်းလို့ ချမ်းသာချင်လွန်းတာနဲ့ အခုလို ကြံခဲ့မိတာပါဗျာ"

လို့ ပြောပြီး သူတို့ အိမ်ထောင်ကျကာစက သူတို့ဆီကို အောင်ပင်လယ်ဆရာကျော် ရောက်လာတာကစပြီး အထက်ပုဂ္ဂိုလ်ကြီးနဲ့ ကတိကဝတ်ပြုပြီး သစ္စာရေသောက်ခဲ့ကြတာ၊ မြေးဦးလေး ပေးပါမယ်လို့ ကတိပေးခဲ့တာတွေ တစ်ခုမကျန် ပြောပြသတဲ့ကွဲ့။ ဒီတော့မှ ကိုလှကလည်း အံ့သြပြီး သူတို့ဆီကို ရေပြာဒိုင်ဆရာမြ ရောက်လာပုံကစပြီး သူတို့လည်း ကိုမိန်လိုပဲ သစ္စာရေသောက်ခဲ့ကြတဲ့အကြောင်း မြေးဦးလေး ပေးပါ့မယ်လို့ ကတိပြုခဲ့တဲ့အကြောင်းတွေ ပြန်ပြောပြသတဲ့။ ဒီတော့မှ အထက်ပုဂ္ဂိုလ်တွေက အတွက်ကျကျ စီမံပြီး လုပ်ခဲ့တဲ့အကြောင်းကို သဘောပေါက်သွားကြသတဲ့ကွယ်။ သူတို့စိတ်ထဲမှာတော့ သူတို့နဲ့တွေ့တာ အထက်ပုဂ္ဂိုလ်တွေလို့ပဲ ထင်နေကြတုန်းပေါ့ကွယ်။

အရပ်ထဲမှာတော့ ကလေးအပတ်မတောင်ဘူးလို့ပဲ သတင်းလွှင့်ကြတာပေါ့လေ"

"ဒီကလေးကို နတ်မိစ္ဆာကြီးက ဘာလုပ်ဖို့ လိုချင်ရတာတုံး ဆရာကြီးရဲ့"

"ကျုပ်ပြောခဲ့ပါရောလား မောင်တာတေရဲ့၊ နတ်မိစ္ဆာဖြစ်သွားတဲ့ မိုးညိုက လူ့ရွာဝကို ပြန်လာဖို့ ကြံစည်တာပေါ့ကွယ်၊ သူ့လို ကဝေကြီးတစ်ယောက်အနေနဲ့ လူ့ဘဝမှာ ပျိုသစ်နေနေရဖို့ မဖြစ်နိုင်တော့ဘူးလေ၊ ဒီတော့ မျိုးဆက်နှစ်ဆက်ကို သူက မောင့်ရှောက်ပေးပြီးမှ တတိယမျိုးဆက်ကို သူယူသွားတာပေါ့ကွယ်"

"ဒီကလေးကို သူ ဘယ်လိုမွေးမှာတုံး ဆရာကြီးရဲ့"

"သူကတော့ ဘယ်မွေးနိုင်မှာတုံးကွယ်၊ သူကပဲညို ကဝေမတစ်ယောက် မွေးမှာပေါ့၊ ဒီကလေး ကိုးနှစ်ပြည့်ရင် အဲဒီကလေးရဲ့ ဝိညာဉ်နဲ့ သူ့ရဲ့ဝိညာဉ်ကို လဲတော့မှာကွဲ့"

"ဟာ ဒါဆိုရင် ကလေးက သေသွားမှာပေါ့ ဆရာကြီးရဲ့"

"သေမှာပေါ့ကွယ်၊ သူ့ဝိညာဉ်က ကလေးကိုယ်ထဲကို ဝင်ပြီး ဆက်လက်ရှင်သန်လာမှာပေါ့ မောင်တာတေရဲ့"

"ဒါဆိုရင် သူ့ပညာတွေပါ ပါလာမှာလား ဆရာကြီးရဲ့"

"ပါလာမှာကွဲ့ မောင်တာတေရဲ့၊ ပညာတွေက ပိုကောင်းအစွမ်းထက်လာဦးမှာကွဲ့၊ နတ်မိစ္ဆာတစ်ကောင်ရဲ့ အစွမ်းတွေပါ ထပ်ပြီးပါလာမှာ၊ ဒါပေမဲ့ သူက လူ့ဘော့ ဘယ်ပြန်ဖြစ်မှာတုံး

ကွယ်၊ လှပဟန်ဆောင်ထားတဲ့ နတ်မိစ္ဆာတစ်ကောင်ပဲပေါ့။ အဲဒီ အချိန်ကျရင် သူ့ကို နှိမ်နင်းဖို့ဆိုတာ တော်တော်ကို ခက်သွားပြီကွဲ၊ သူကလည်း ပါးပါးနပ်နပ်ကို နေတော့မှာ၊ သူ့ကို လူတွေ မရိပ်မိ အောင်ကို ပိပိရိရိနေပြီး လူ့လောကကို ဒုက္ခပေးတော့မှာကွဲ့”

“အခု ဒီကလေးက ဘယ်အရွယ်ရောက်ပြီတုံး ဆရာကြီးရဲ့”

“ကိုးနှစ်ပြည့်ပြီကွဲ့”

“ဗျာ”

“အဲဒါကြောင့် အစ်ကိုနဲ့ဖနဲ့ ကျုပ်နဲ့ ခရီးထွက်လာကြရ တာပေါ့ မောင်တာတေရယ်”

“ဒီကလေးက အခု ဘယ်မှာတုံး ဆရာကြီးရဲ့”

“အဲဒါကို ကျုပ်တို့ မသိကြဘူးကွဲ့”

“ဟာ ဒါဆိုရင် ဒီကလေးကို ဘယ်လိုရှာကြမတုံး ဆရာ ကြီးရဲ့”

“နတ်မိစ္ဆာ မိုးညို့က အခုလာမယ့် လကွယ်ညမှာ ကလေးနဲ့ ဝိညာဉ်ချင်း လဲတော့မှာ မောင်တာတေရဲ့”

“ဗျာ၊ ဟုတ်လား ဆရာကြီး၊ ဘယ်နေရာမှာမှန်းမှ မသိ

တာ၊ ကျုပ်တို့ ဘယ်လိုလုပ်မတုံး ဆရာကြီးရဲ့"

"သေချာပေါက် ကျုပ်တို့သိထားတာ တစ်ခုတော့ ရှိတယ်ကွဲ့၊ သူတို့ ဝိညာဉ်လဲပွဲ လုပ်တဲ့အခါ သချိုင်းမှာပဲ လုပ်ကြရမယ်၊ ဘယ်သချိုင်းမှာ လုပ်မယ်ဆိုတာကို ကျုပ်တို့ သိဖို့ပဲလိုတယ်"

"ဗျာ၊ သချိုင်းမှာ လဲမှာ ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်ကွဲ့၊ အဲဒါကြောင့် မောင်ဘာဘောကို မဖြစ်မနေ ခေါ်ရတာ၊ မောင်ဘာဘောရဲ့ မိတ်ဆွေ မဖဲဝါကို မေးမှဖြစ်တော့မယ် ထင်တယ်ကွဲ့"

"ဪ ဒီလိုလား၊ ကျုပ် မဖဲဝါကိုပင့်ပြီး မေးပေးမယ်လေ ဆရာကြီး"

"ဟုတ်ပြီ မောင်ဘာဘော၊ အချိန်က သိပ်မရှိတော့ဘူးဆိုတော့ ဒီညပဲ မဖဲဝါကို မေးပေးပါ။ ဒီအတွက် ဘာတွေလိုတုံးကွဲ့၊ ဟင်းတွေဘာတွေ ချက်ရမှာလား၊ လိုတာတွေ လုပ်ကွယ်၊ ရော့ ဒီမှာ ငွေတွေ ယူသွားကွဲ့"

"မယူပါဘူး ဆရာကြီး၊ ကျုပ်မှာ ပါလာပါတယ်၊ ကျုပ်သူငယ်ချင်း တင်မြင့်အိမ်ကိုသွားပြီး လိုအပ်တာတွေ လုပ်လိုက်

မယ်၊ ညရောက်ရင် ကိစ္စပြီးမှပဲ ကျုပ်ပြန်လာခဲ့မယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"

ဆရာကြီးနှစ်ယောက်စလုံးက ကျုပ်ကို သာဓုခေါ်ကြတယ်။ ကျုပ်က ဆရာကြီးနှစ်ယောက်ကို ကန်တော့ပြီး ဈေးဘက်ကို ထွက်လာခဲ့တယ်။

ကျုပ်သူငယ်ချင်း ကားယားတင်မြင့်အကြောင်းကို ရှေ့ပိုင်းက ထွက်ခဲ့တဲ့ စာအုပ်တွေမှာ ကျုပ်ရေးခဲ့ပါတယ်။ တင်မြင့်က ဈေးကောက်လေဗျာ။ လမ်းလျှောက်ရင် ကားယား ကားယားနဲ့ လျှောက်လို့ ကျုပ်တို့က သူ့ကို ကားယားတင်မြင့်လို့ ခေါ်တာဗျ။

တင်မြင့်အကြောင်းကို သိချင်ရင် "ဈေးသရဲ" ဝတ္ထုမှာ ပြန်ရှာပြီး ဖတ်ကြည့်နိုင်ပါတယ်ဗျာ။

ကျုပ် ဈေးကောက်ရုံးခန်းလေးကို ရောက်တော့ တင်မြင့်က ကျုပ်ကို ဝမ်းသာအားရနဲ့ နှုတ်ဆက်တယ်ဗျ။

"ဟာ တာတေ၊ မင်းလည်း မြို့မရောက်တာတောင် တော်တော်ကြာနေပြီနော်၊ လာကွာ၊ ဒီမှာထိုင်"

တင်မြင့်ရဲ့ အခန်းလေးက ကျဉ်းကျဉ်းလေးဗျ။ ကျုပ်က လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။

"မင်း ဘာလာလုပ်တာတုံး၊ ဈေးဝယ်လာတာလား၊ မြို့ရောက်တုန်း နှစ်ညလောက်တော့ အိပ်သွားကွာ"

"ငါကိစ္စရှိလို့ လာတာကွ တင်မြင့်ရ၊ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ ငါ့ဆရာကြီးနှစ်ယောက်လည်း ပါတယ်၊ 'အောင်တော်မူ' ကျောင်းမှာ တည်းကြတာကွ၊ ငါ အခုလာတာက မင်းအကူအညီ လိုချင်လို့ကွ"

"ဟာ၊ ပြောလေကွာ၊ ငါဘာလုပ်ပေးရမှာတုံး"

"ငါ အမဲသား တစ်ပိဿာဝယ်ပြီး ဟင်းချက်ချင်တယ်ကွ၊ ပြီးတော့ ထမင်းလည်း ချက်ရမယ်၊ ညကျရင် မင်းနဲ့ ငါ သချိုင်းထဲကိုသွားပြီး မဖဝါ ဝင့်ချင်တယ်ကွ၊ မင်း ငါနဲ့ လိုက်ခဲ့ကွာ"

"ဟာ ဒါများ တာမတော့ရာ၊ ကဲ ငါ အမဲသား သွားဝယ်ပေးမယ်၊ ပြီးရင် ငါ့အိမ်ကို သွားကြမယ်၊ အိမ်ကလူတွေ ဘုရားဖူးသွားကြတယ်ကွ၊ တစ်ပတ်လောက်တောင် ကြာမှာ၊ အိမ်မှာ ငါတစ်ယောက်တည်း ကျန်ခဲ့တာကွ၊ ငါ ငွေတွေလည်း ခပ်ပြီးသွားပြီဆိုတော့ ငါ အားသွားပါပြီ၊ အမဲသားဝယ်ပြီးရင် အိမ်ပြန်လို့ရပြီ။ အိမ်မှာ မင်းနဲ့ ငါနဲ့ အတူတူချက်ကြတာပေါ့ကွာ၊ ပြီး

တော့ ဘာလိုသေးတုံး"

"တောင်းတစ်လုံးနဲ့ ငှက်ပျောဖတ် နှစ်ရွက်လောက် လို ချင်တယ်ကွ၊ ထမင်းတောင်း ပြင်ရအောင်လေကွာ"

"အဲဒါက အိမ်မှာ ရှိပါတယ်ကွ၊ ငါတို့ဝိုင်းထဲမှာ ငှက်ပျောပင် သုံးလေးပင် ရှိတာပဲ တာတေရ"

"အေး၊ ဒါဆိုရင် အဆင်ပြေပါပြီကွာ"

တင်မြင့်တို့အိမ်ရောက်တော့ ကျုပ်တို့နှစ်ယောက်တည်း အေးအေးဆေးဆေး ချက်ကြပြုတ်ကြရတာပေါ့ဗျာ။ ညနေလေးနာရီ လောက်ရောက်တော့ ထမင်းလည်းကျက်၊ ဟင်းလည်း နူးပြီဗျ။

ညခုနစ်နာရီထိုးတာနဲ့ ထမင်းတောင်း ပြင်ကြတယ်။ အဲဒီ ညနေက ညစာကို တင်မြင့်အိမ်မှာပဲ ကျုပ်စားလိုက်တာပေါ့ဗျာ။ တင်မြင့်က ဟင်းချက်လည်း တော်တော်ကောင်းတာဗျ။ ကျုပ်က ဝက်သားကြိုက်တတ်မှန်းသိလို့ ဝက်သားဟင်း ချက်ကျွေးတယ်။

ညရှစ်နာရီထိုးတာနဲ့ ထမင်းတောင်းလေးထမ်းပြီး တင်မြင့် နဲ့ ကျုပ်နဲ့ မြို့သချိုင်းကို ထွက်လာခဲ့ကြတယ်။ တင်မြင့်က လွှတ်အားကိုးရတဲ့ကောင်ဗျ။ ထမင်းတောင်းကို သူထမ်းတာ။ ထမ်းပြီးတော့ ကားယား ကားယားနဲ့ ကျုပ်နောက်က လိုက်တာ

ဗျို့။ သချိုင်းကုန်း မရောက်ခင် ကျုပ်က တင်မြင့်ကို မေးတယ်။

"တင်မြင့်၊ မင်း မကြောက်ဘူးလား"

"ဟာ မင်းတစ်ယောက်လုံး ပါနေတာပဲဟာ၊ ငါက ဘာကို ကြောက်ရမှာတုံးကွ"

"တကယ်လို့ ငါက ထွက်ပြေးမယ်ဆိုရင် မင်း ဘယ်လို လုပ်မှာတုံး"

"ဟာကောင် တာတေရ၊ မင်းပြေးမှတော့ ငါက ဘာ ဆက်လုပ်စရာရှိလို့တုံးကွ၊ မင်းရှေ့ကို ရောက်အောင် ပြေးရုံပေါ့ ကွာ"

"ဟား ဟား ဟား ဟား"

ကျုပ်က တင်မြင့်ပြောတာကို သဘောကျပြီး ရယ်လိုက် တာဗျ။ ကားယားတင်မြင့် ဆိုတဲ့ကောင်က စကားပြောရင် ဘယ် တော့မှ သိမ်မွေ့ညာပြောတဲ့ကောင် မဟုတ်ဘူးဗျ။

ကျုပ်တို့နှစ်ယောက် သချိုင်းထဲရောက်တော့ ဂူကြီးကြီး ကို လိုက်ရှာတယ်။ တချို့ဂူက ကြီးပေမယ့် ဆေးတွေဘာတွေ မသုတ်တော့ ကြည့်မကောင်းဘူးဗျ။

**ရပ်ဟန်းအမ၊ ကျောင်းအမ**
**ဒေါ်ဝဲ**

ဆိုတဲ့ အုတ်ဂူက ကြီးလည်းကြီးတယ်၊ ဆေးတွေဘာတွေ ပြန်သုတ်ထားတော့ ‘သစ်သစ်လွင်လွင်’ ဖြစ်နေတာပေါ့။ အဲဒီဂူကိုပဲ ကျုပ်က ရွေးလိုက်တယ်။ ဂူပေါ်မှာ ငှက်ပျောဖက်ခင်းပြီး ထမင်းပွဲ ပြင်တာပေါ့ဗျာ။ ပြီးတော့ အသင့်ယူလာတဲ့ ရေပုံးကို ရေခွက်ထပ် ပြီး ချထားလိုက်တယ်။ ဖယောင်းတိုင် တစ်တိုင်ထွန်းပြီး ဂူရဲ့ ခေါင်းရင်းဘက်မှာ စိုက်ထားလိုက်တယ်။ ပြီးတာနဲ့ ကျုပ် မဖဲဝါ ကို စပြီးပင့်တယ်။ ကားသမားတင်မြင့်က ပွဲနားအထိ လိုက်မလာ ဘူးဗျ။ ခပ်လှမ်းလှမ်းက ကုလားမန်ကျည်းပင်အောက်မှာ ရပ်နေ တယ်။

ကျုပ်မီးထွန်းလိုက်လို့လား မသိဘူးဗျ။ ကုက္ကိုပင် အုပ် အုပ်ကြီးပေါ်က ကျီးကန်းတွေလန့်ပြီး ပျံသွားကြတယ်။ တင်မြင့် ကတော့ ပျံသွားတဲ့ ကျီးကန်းတွေကို ကြည့်နေတယ်ဗျ။

“အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကျွန်း၊ မြောက်မြုဝံ၊ အထက်ဘဝဂ်၊ အောက်အဝီစိအတွင်း ရောက်နေရာ အရပ်၊ ရှိနေရာအရပ်ကနေ မြန်မကြာ လှမ်းကာကြွခဲ့ပါ၊ သချိုင်း ရှင်မ မဖဲဝါ ခင်ဗျား၊ ထနောင်းကုန်းသား ကျုပ်တာတောက

ပင့်ဖိတ်ပါတယ်၊ မဖဲဝါအတွက် စားပွဲသောက်ပွဲများလည်း ပြင်ပြီး ကြိုဆိုလို့ပါဗျာ၊ ကြွပါ၊ ကြွပါ၊ မဖဲဝါ၊ အမြန်သာ ကြွခဲ့ပါဗျာ"

ကျုပ်က မဖဲဝါကို ပင့်ဖိတ်ပြီး စောင့်နေလိုက်တယ်။ ကျောင်းအစ်မကြီးရဲ့ ဂူပေါ်မှ ထွန်းထားတဲ့ ဖယောင်းတိုင်လေးက မှိတ်တုတ် မှိတ်တုတ်နဲ့ပေါ့ဗျာ။

ခဏကြာတဲ့အထိ ဘာမှ မထူးဘူးဗျ။

ဒီတုန်းမှာပဲ သချိုင်းရဲ့ အနောက်ဘက်ကနေ မည်းမည်း အကောင်ကြီးတစ်ကောင် သင်္ချိုင်းထဲကို ဝင်လာတယ်ဗျ။ ဒီကောင်ကြီးက ခြေလှမ်းသုံးလှမ်းလောက် ဝင်လာပြီးတော့မှ ရပ်သွားတယ်။ မဖဲဝါအတွက် ပြင်ဆင်ထားတဲ့ ထမင်းပွဲကို လှမ်းကြည့်နေတယ်ဗျ။ ကျုပ်က မျက်ကွင်းလေး ကွင်းထားတာဆိုတော့ မြင်နေရတာပေါ့ဗျာ။ ခေါင်းက တင်းတောင်းကြီးတစ်လုံးလောက် ရှိတာဗျ။ မျက်လုံးကြီးနှစ်လုံးက မီးခဲကြီးတွေလို နီရဲနေတာဗျို့။ အရွယ်က ရေနွေးကြမ်းပန်းကန်လုံးလောက် ရှိတယ်။ ခေါင်းမှာ ဆံပင်တဖားလျားကြီးဗျ။ ပါးစပ်ကြီးထဲက တစ်တောင်လောက်ရှိတဲ့ လျှာကြီး တွဲလောင်းကျနေတယ်ဗျ။

ဒီကောင်ကြီး ရှေ့ကိုတော့ ထပ်တိုးမလာဘူးဗျ။ ကျုပ်

ငါက်ထင်တော့ ဒီသရှိုင်းကို တာဝန်ယူရတဲ့ သရဲကြီး ဖြစ်မယ်ဗျ။ ဒီသရဲကြီး ကျုပ်ဆီကို ပြေးဝင်လာမှာ စိုးရိမ်ပြီး ကြက်သီးတွေ ဖျန်းခနဲ ထသွားတယ်ဗျ။

မဖဲဝါကို ကျုပ် ထပ်ပြီးပင့်ဖိတ်လိုက်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ ဝူး၊ ဝူး"

ဟော လာပြီဗျို့။ မဖဲဝါ လာပြီ။ မဖဲဝါရဲ့ ခွေးကြီးအူတဲ့ အသံကို ကြားလိုက်တယ်ဗျ။ ကျုပ်ကြားသလိုပဲ သရှိုင်းစောင့် သရဲကြီးလည်း ကြားသွားပုံရတယ်ဗျ။ ဒီသရဲကြီးတွေက မဖဲဝါ တာဝန်ပေးထားလို့ မဖဲဝါရဲ့ ကိုယ်စား သရှိုင်းစောင့်ပေးကြရတာ ဗျ။

ဟော သွားပြီဗျို့။ နောက်ကို ချာခနဲလှည့်ထွက်သွားပြီ ဗျို့။ မဖဲဝါ လာနေတာကို ဒီကောင်ကြီး သိသွားပြီပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ခွေးအူသံကြီးက တဖြည်းဖြည်း နီးလာပြီဗျ။ ကျုပ်မြင်နေ ရတဲ့ သရှိုင်းစောင့်သရဲကြီးနဲ့ ကျုပ်ကြားနေရတဲ့ မဖဲဝါရဲ့ ခွေးကြီး အူသံကို တားယားတင်မြင့်ကတော့ မကြားရ မမြင်ရဘူးပေါ့ဗျာ။ ဒါကြောင့်လည်း ဒီကောင်က အေးအေးဆေးဆေးကို ဆေးပေါ်

လိပ်ကလေး မီးညှိပြီး ဖွာနေတာဗျ။ လာတုန်းက ခါးကြားမှာ ထိုးထားတဲ့ ဒုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးလေးကို တင်မြင့်က လက်ထဲမှာ ကိုင်ထားတယ်ဗျ။ မီးတော့ မထိုးဘူး။ ဟိုကြည့် ဒီကြည့်တော့ လုပ်နေတာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီ"

ဟော နက်ကျော်ကြီး သချိုင်းထဲကို ဝင်လာပြီဗျို့။ လာပါ ဖြိုးဗျာ။ မဖဲဝါ လာပါပြီ။ ဖြူဖြူအရိပ်ကြီးက အုတ်ဂူတွေအပေါ် တစ်တောင်လောက်အကွာကနေ ရိပ်ခနဲ ရိပ်ခနဲ ရွေ့လာတာဗျ။

ဟော ကျုပ် ထမင်းပွဲပြင်ထားတဲ့ ဂူပေါ်ကို ရောက်လာပြီ ဗျို့။ ဂူပေါ်မှာ ခြေစုံရပ်ပြီး ပတ်ခန်းကျင်ကို တစ်ချက်လိုက်ကြည့် တယ်။

နှံတဲ့အရုပ်ကြီး မဟုတ်ပါဘူးဗျာ။ ကျုပ်စိတ်ထင်တော့ ဆယ်ပေ၊ ဆယ့်ငါးပေလောက် ရှိမယ်ထင်တယ်ဗျ။ ဆံပင်ဖားလျား ကြီးချပြီး လက်ဖက်ရည်ပန်းကန်လောက်ရှိတဲ့ မျက်လုံးနီနီကြီးတွေ နဲ့ သချိုင်းကုန်းတစ်ခုလုံးကို လိုက်ကြည့်နေတာဗျ။

ထဘီအနက်ကြီးကို ရင်လျားထားတယ်။ မဖဲဝါရဲ့ လက်

ချောင်းတွေက အကိုအရှည် မညီလှဘူးဗျ။ တချို့လက်ချောင်းတွေကတိုပြီး၊ တချို့လက်ချောင်းတွေက ရှည်နေတယ်။

ဟော ထိုင်ချလိုက်ပြီဗျို့။ ဒူးခေါင်းကြီးတစ်ဖက် ထောင်ပြီး ထိုင်တာဗျ။ ကျုပ်ပြင်ပေးထားတဲ့ ထမင်းပွဲကို သေသေချာချာ ငုံ့ကြည့်ပြီး ခေါင်းနှစ်ချက် သုံးချက် ညိတ်တယ်ဗျ။

ဟော စားပြီဗျို့၊ စားပြီ။ အားရပါးရကို စားတာဗျ။ အသားတုံး တစ်တုံးကို နက်ကျော်ကြီးဆီ ပစ်ကျွေးလိုက်သေးတယ်ဗျ။ ထမင်းစားနေရင်းကနေ ကျုပ်ကို လှမ်းကြည့်တယ်။ ကျုပ်သိတာပေါ့ဗျာ။ ဘာကိစ္စရှိတုံးလို့ ကျုပ်ကိုမေးတဲ့ သဘောဗျ။

ကျုပ်က နတ်မိစ္ဆာဖြစ်သွားတဲ့ ကဝေရာဇာကြီး မိုးညို့အကြောင်းကို အကျဉ်းရုံးပြီး ပြောပြလိုက်တယ်။ ပြီးတော့ မလှလေးစိန်ရဲ့ ဗိုက်ထဲက ဒုထုတ်ယူသွားတဲ့ ကလေးဟာ အခုဆိုရင် ကိုးနှစ်ပြည့်ပြီမို့လို့ နတ်မိစ္ဆာမိုးညို့က ဝိဇ္ဇာဝင်လဲတော့မယ့်အကြောင်းကို ပြောပြတယ်။ အဲဒါ သင်္ချိုင်းတစ်ခုထဲမှာ လဲမှာလို့ ဘိုးလှမေက ပြောတဲ့အကြောင်းနဲ့ အဲဒါ ဘယ်သင်္ချိုင်းဆိုတာ သိချင်လို့ပါလို့ ကျုပ်က ပြောပြလိုက်တယ်ဗျ။ ပြီးတော့ ဆရာနဲ့ဖနဲ့ ဘိုးလှမေ နိုင်းလို့ လာရတဲ့အကြောင်းလည်း ပြောပြလိုက်တယ်။

"တာတေ နှင့်ဆရာကြီးတွေ အကြိတ်အနယ် လုပ်ယူရ လိမ့်မယ်၊ လူ့လောကမှာ တစ်ခါမှ မရှိဘူးသေးတဲ့ ကိစ္စကို မိုးညိုက လုပ်မှာ။ ဝိညာဉ်လဲတဲ့ အဆင့်မှာ နိုင်အောင် မတိုက်နိုင်ရင် ဒီကလေးက တဖြည်းဖြည်း ကြီးလာပြီး ဘယ်သူမှ မနိုင်အောင် ဖြစ်သွားလိမ့်မယ်။ နောက်ဆုံး သာသနာတော်ကြီးကိုပါ အနှောင့် အယှက်လုပ်လိမ့်မယ် တာတေ"

"ဟာ...ဒီအထိတောင်လားဗျာ"

"အေး ဟုတ်တယ်၊ ဒါကြောင့် နင့်ဆရာကြီးတွေက သူတို့အသက်နဲ့ရင်းပြီး နှိမ်နင်းပါမယ်လို့ အထက်ပုဂ္ဂိုလ်တွေဆီမှာ ကတိပြုခဲ့ကြတယ်။ မိုးညိုကလည်း ဒီ လူ့လောကကို ပြန်ရောက် ဖို့အတွက် နှစ်ပေါင်းများစွာ စီမံခဲ့ရတဲ့ ကိစ္စဆိုတော့ အသေအလဲ တိုက်မှာပဲ တာတေရဲ့။ ဒါပေမဲ့ နက်မိစ္ဆာတွေမှာ လျှို့ဝှက်ချက် တစ်ခုရှိတယ်။ တိုက်ရင်းနဲ့ သူတို့အစွမ်းတွေက ကုန်ကုန်လာ တယ်။ ဒီအခါမှာ သူတို့က အသွင်တစ်မျိုးပြောင်းပြီး တိုက်ကြတယ်။ နောက်ဆုံးမှာ အစွမ်းတွေလုံးဝကုန်သွား လိမ့်မယ်။ အဲဒီအချိန်မှာ နက်မိစ္ဆာက ရှုံးတိုးလိမ့်မယ်။ အဲဒါ သူတို့အစွမ်း ပြန်ယူတာပဲ။ အဲဒီလို ရှုံးတိုးတဲ့အချိန်မှာ မိမိရရ

နိမ်နင်းနိုင်ရင် တော့ နင့်ဆရာကြီးတွေ နိုင်မှာ သေချာတယ်"

"ကျေးဇူးတင်လိုက်တာ မဖဲဝါရယ်"

"အေး နောက်တစ်ခုက နတ်မိစ္ဆာ မိုးညို ကိုးနှစ်ကလေးနဲ့ ဝိဉာဉ်လဲမယ့် နေရာက သင်္ချိုင်းနံပါတ်ကိုးမှာ"

"ဗျာ၊ သင်္ချိုင်းနံပါတ်ကိုးဆိုတာ ဘယ်သင်္ချိုင်းတုံးဗျ မဖဲဝါရဲ့"

"သင်္ချိုင်းနာမည်ကို ပေါင်းရင် "ကိုး" ရတဲ့ သင်္ချိုင်းဟဲ့၊ အဓိကရ သင်္ချိုင်းကြီးလည်း ဖြစ်ရမယ်"

"ဟင် ဒါဆိုရင်"

ကျုပ်က ဘာပြောရမှန်း မသိတော့ဘူးပေါ့ဗျာ။

"ဟဲ့ တာတေရဲ့၊ ဘိုးလူပေကို သေသေချာချာ ပြောလိုက်၊ နတ်မိစ္ဆာ မိုးညို ကိုးနှစ်သားကလေးနဲ့ ဝိဉာဉ်လဲမယ့် သင်္ချိုင်းဟာ ပေါင်းရင် ကိုးကျမယ့် သင်္ချိုင်း၊ ကြံတောသင်္ချိုင်းလို့ ကြားလား တာတေ"

"ဟုတ်ကဲ့ပါဗျာ၊ ဟုတ်ကဲ့ပါ မဖဲဝါ၊ ဘိုးလူပေတို့ ဆရာကြီး စိုင်းနွံဖတို့ကို ကျုပ် သေသေချာချာ ပြောလိုက်ပါမယ် ဗျာ"

ပြီးပြီ၊ ကျုပ်လာတဲ့ကိစ္စတော့ ပြီးပြီဗျ။

"ဟဲ့ ဘာတော၊ နောက်တစ်ခုမှတ်ဦး၊ ဝိညာဉ်လဲမယ့် အချိန်ဟာ အခုလာမယ့် လကွယ်ည သန်းခေါင်ချိန်မှာ လဲမှာ၊ ကြဲ့တောသချိုင်းထဲက ကာလီမယ်တော်ဗိမ္မာန်နောက်ဘက်မှာ"

"ကောင်းပါပြီ မဖဲဝါ၊ ကောင်းပါပြီဗျာ"

မဖဲဝါက အမဲသားဟင်းနဲ့ ထမင်းကို ဆက်စားတယ်ဗျ။ စားသောက်ပြီးတော့ လက်ဆေး၊ ရေသောက် လုပ်တယ်။ ပြီးတာနဲ့ သချိုင်းထဲက ပြန်ထွက်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

မဖဲဝါရဲ့ခွေးကြီး နက်ကျော်ရဲ့ အူသံရှည်ကြီးက တဖြည်းဖြည်း ဝေးဝေးသွားတယ်ဗျ။ ကျုပ်နဲ့ တင်မြင့်လည်း သချိုင်းထဲက ထွက်ခဲ့တာပေါ့ဗျာ။ တင်မြင့်က ကျုပ်ကို အောင်တော်မှကျောင်း အထိ လိုက်ပို့တယ်ဗျ။

ဆရာကြီးနဲ့ဖဲ့ ဘိုးလူပေက ကျုပ်ကို မျှော်နေကြတာပေါ့ ဗျာ။ ကျုပ်ကို တွေ့တော့မှ ပြုံးပြုံးရွှင်ရွှင် ဖြစ်သွားပြီး -

"မောင်ဘာတော၊ ညစာ စားပြီးပြီလားကွဲ့"

လို့ ပျာပျာသလဲ မေးရှာတယ်ဗျ။

“စားပြီးပါပြီ ဆရာကြီး၊ ကျုပ်သူငယ်ချင်း တင်မြင့် အိမ်မှာပဲ စားလိုက်တယ် ဆရာကြီးရဲ့”

“ဪ အေး အေး၊ သွားတဲ့ကိစ္စကော နေရာကျရဲ့လား ကွဲ့”

“အဆင်ပြေပါတယ် ဆရာကြီးရဲ့”

လို့ ပြောပြီး တင်မြင့်နဲ့ အမဲသားဟင်းချက်တဲ့အကြောင်း ကစပြီး မဖဲဝါ နောက်ဆုံးပြောသွားတဲ့ စကားအထိ ကျုပ်က တစ်ခုမကျန် ပြန်ပြောပြလိုက်တယ်။

“ဟာ...ဒါဆိုရင်တော့ နေရာကျပြီပေါ့ မောင်တာတေ ရယ်”

လို့ ဆရာနံ့ဖက ဝင်ပြောတယ်ဗျ။

“ကြံတောသချိုင်းဆိုတော့ ကျုပ်တို့ ဖိုးကုန်ကို ဆင်းကြ ရမှာပဲ အစ်ကိုနံ့ဖရဲ့”

“ဟုတ်တယ် ကိုလှမေ၊ မနက်ဖြန်ကိုပဲ ခရီးထွက်မှ ဖြစ်မယ်၊ လကွယ်ဖို့က ဆယ်ရက်ပဲ လိုတော့တာကွဲ့”

“ဟုတ်တယ် အစ်ကိုနံ့ဖ၊ မနက်ဖြန် ထွက်မယ့် ညနေ ရထားနဲ့ လိုက်ကြရအောင်”

"ကောင်းသားပဲကွဲ့"

ဆရာနွံဖက ခရီးထွက်ဖို့ သဘောတူလိုက်တယ်။

"မဖဲဝါ ပြောသလိုဆိုရင် မိုးညိုနဲ့တိုက်တဲ့ တိုက်ပွဲကို တိုတိုနဲ့ ဖြတ်လို့မှာ မဟုတ်ဘူး အစ်ကိုနွံဖရဲ့၊ အချိန်ဆွဲပြီး တိုက်ရလိမ့်မယ်။ ဒါမှ ကြာလေ ဒီကောင် အစွမ်းကုန်လေ ဖြစ်လာမှာ၊ နောက်ဆုံး အစွမ်းလုံးလုံးကုန်ရင် ဒီကောင် ရှုံးတိုးပြီး အားပြန်ရလိမ့်မယ်။ အဲဒီအချိန်မှာ အစ်ကိုနဲ့ ကျုပ်နဲ့ ဒီကောင့်ကို ပွဲသိမ်းတိုက်ကြရမှာပဲ အစ်ကိုရဲ့"

"ဟုတ်တယ် ကိုလှူပေ၊ မပူပါနဲ့ ကိုလှူပေရာ၊ ဒီကောင်ကို နှိမ်နင်းဖို့ ကျုပ်တို့နှစ်ယောက်စလုံး ရက်ပေါင်း ကိုးဆယ်တိတိ ဥပုသ်စောင့် ဝင်ခဲ့ကြပြီပဲကွာ"

ဒီတော့ ကိုးလှူပေက ဘာမှပြန်မပြောတော့ဘဲ ခေါင်းညိတ် ပြလိုက်တယ်။ ကျုပ်ဆရာကြီးနှစ်ယောက်ဟာ နတ်မိစ္ဆာကြီး မိုးညိုကိုတိုက်ဖို့ တစ်ချက်မှ သတိမလစ်ကြဘူး ဆိုတာကို တွေ့တော့ ကျုပ် တော်တော်ကို အံ့သြသွားတယ်ဗျ။

နောက်နေ့ ညရထားနဲ့ ကျုပ်တို့ ရန်ကုန်ကို ဆင်းလာခဲ့တယ်။ ရန်ကုန်ကိုရောက်တော့ ရွှေတိဂုံဘုရားကြီး အရှေ့မုခ်က

ပဟာန်းဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုကြတယ်။ အဲဒီကျောင်းက ဆရာတော်က ဆရာနဲ့ဖကိုရော ဘိုးလှုပေကိုရော ရင်းရင်းနှီးနှီး သိတာဗျ။ ဆရာနှစ်ယောက်ပေါင်းပြီး ဆင်းလာတော့ တော်တော်ကို အံ့သြနေတာပေါ့ဗျာ။

"ပထမံဆရာမှားကြီးရဲ့ တပည့်နဲ့ သားတော်ကြီးတို့ အတူတူလာကြတယ် ဆိုကတည်းက တော်တော်အရေးကြီးတဲ့ ကိစ္စမှန်း ဘုန်းကြီး ရိပ်မိပါတယ်လေ။ ကဲ ဘုန်းကြီးရဲ့ကျောင်းမှာ စိတ်တိုင်းကျ တည်းကြခိုကြပေတော့ကွယ်၊ သြော် ဒါနဲ့ ဒီကလေးက ဘယ်သူတုံးကွဲ့"

"ဒီကလေးက မောင်တာတေလို့ ခေါ်ပါတယ်ဘုရား၊ အညာ ထမောင်းကုန်းရွာကပါ၊ သူက လူငယ်ပေမဲ့ သဏ္ဌာန်အတွေ့ကောင်းတဲ့ ကလေးဘုရား၊ အဖေကိုနဲ့ဖနဲ့လည်း ခရီးတွေ ထွက်ဖူးသလို တပည့်တော်နဲ့လည်း အမြဲလိုက်ပြီး ကူညီနေတဲ့ကလေး ဘုရား"

ဘိုးလှုပေက ဆရာတော်ကို လျှောက်တင်လိုက်တော့ ဆရာတော်က ကျုပ်ကို သေသေချာချာကြည့်ပြီး ဒီသူငယ်မှာ ထူးခြားတာတွေ ရှိသကွဲ့။ ပရလောကနဲ့ ထူးထူးခြားခြား ဆက်သွယ်

နိုင်တဲ့ ကလေးကွဲ့"

"ဟုတ်ပါတယ်ဘုရား၊ မဖဲဝါနဲ့ အဆက်အသွယ် ရှိပါတယ်ဘုရား"

"သြော်…ဒါကြောင့်ကိုး"

ဆရာတော်ကလည်း ခေတ်ပုဂ္ဂိုလ်တော့ မဟုတ်ဘူးဗျ။ ကျုပ်ကို ကြည့်တာနဲ့ ကျုပ်အကြောင်းကို သိတာဗျ။

"ကောင်းပါတယ် မောင်တာတေရယ်၊ အထက်လမ်း ပုဂ္ဂိုလ်တွေကို တစ်ဖက်တစ်လမ်းက ကူညီတယ်ဆိုတာ သာသနာကို ကူညီတာပါပဲကွယ်။ သာဓုကွယ်၊ သာဓု၊ သာဓု"

ကျုပ်က ဆရာတော်ကို ကန်တော့လိုက်တယ်။

ရောက်တဲ့နေ့ကစပြီး ဆရာကြီးနှစ်ယောက်က ပုတီးကို မနားတမ်း စိပ်တယ်။ ကျုပ်ကိုလည်း ဆရာတော်က ပုတီးစိပ်ခိုင်းတယ်။ နီတော့မှ ကျုပ်သိတာဗျ။ ဆရာတော် ယော်ယော်တုန်းက ဘိုးလှုပေရဲ့ အဖေ ပထမဆရာပွားကြီးဆီမှာ ပညာယူခဲ့ဖူးတာတဲ့ဗျ။

နောက်ပြီးတော့ ဆရာတော်က လူတစ်ယောက်ကို အခရုံ ခံလိုက်တာနဲ့ ဒီလူနဲ့ ပတ်သက်တဲ့ ထူးခြားတဲ့ ကိစ္စတွေကို

သိလာတာတဲ့ဗျ။

ဒါကြောင့် ကျုပ်ကို တွေ့တွေ့ချင်း ပရလောကနဲ့ ဆက်သွယ်နိုင်တဲ့သူလို့ တန်းပြောတာပေါ့ဗျာ။

လကွယ်နေ့ည မှောင်စပျိုးပြီဆိုတာနဲ့ ကျုပ်နဲ့ ဆရာကြီးတွေနဲ့ ကြံတောသချိုင်းဘက်ကို ထွက်ခဲ့ကြတယ်။ သုံးဘီးကားလေးတစ်စီး ငှားပြီး လာခဲ့ကြတာပေါ့ဗျာ။ ကားကို ဟံသာဝတီအဝိုင်းကနေ ပတ်မောင်းခိုင်းလိုက်ပြီး မြန်မာ့အသံ ခြံဝင်းကြီးနောက်ကဝင်တဲ့ လမ်းထိပ်မှာ ရပ်ခိုင်းလိုက်တယ်။ ကျုပ်နဲ့ ဆရာကြီးနှစ်ယောက် ခုတ်လမ်းကလေးအတိုင်း ဝင်လာခဲ့ကြတယ်။

"ဒီတည့်တည့်သွားရင် ကာသီမယ်တော်ဗိမာန်ကို ရောက်တယ်ကွဲ့ မောင်တာတေရဲ့"

ဆရာကြီး စိုင်းခွန်ဖက ကျုပ်ကို ပြောတာဗျ။

"ဒီသချိုင်းက အကြီးကြီးပဲ ဆရာကြီးရဲ့၊ ဒီသချိုင်းမှာ သချိုင်းစောင့်တဲ့လူတွေ ရှိမှာပဲဗျ။ ဒီအထဲမှာ ကာပေတွေက ဝိဉာဉ်လဲတဲ့ အလုပ်ကိုလုပ်ဖို့ လွယ်ပါ့မလား ဆရာကြီးရဲ့"

ကျုပ်က ဘိုးလှမေကို မေးလိုက်တာဗျ။

"ဘယ်လွယ်မှာတုံး မောင်တာတေရယ်၊

ဝိညာဉ်လဲတယ် ဆိုတာက ကိုးနှစ်သားကလေးကို အိပ်ပျော်သွားအောင် ဆေးဝါး တွေနဲ့လုပ်ပြီး ခေါင်းထဲမှာ ထည့်ရမှာကွဲ့၊ ပြီးရင် အဲဒီခေါင်းကို မြေကျင်းတူးပြီး မြှုပ်ရမှာ။ နတ်မီးခွာကောင်က အဲဒီမြေမြှုပ်ထားတဲ့ ကလေးနဲ့ မြေကျင်းထဲမှာတင် ဝိညာဉ်လဲရမှာ၊ လဲပြီးလို့ အောင်မြင်သွားတာနဲ့ မြေကျင်းက အလိုလို ပွင့်ထွက်ပြီး မြေမြှုပ်ထားတဲ့ခေါင်းက မြေကျင်းပေါ်ကို သူ့အလိုလို မြောက်တက်လာ မှာကွဲ့၊ ဒါဆိုရင် မိုးညို အောင်ပြီပေါ့ကွယ်"

"အဲဒါကို ကျုပ်ပြောတာ ဆရာကြီးရဲ့၊ ဒီလိုတွေ မြေကျင်းတူးပြီး လုပ်ကိုင်နေတာကို သချိုင်းစောင့်တဲ့ လူတွေက ဘာမှမပြောဘဲ နေမလားလို့"

"ဟာ မောင်တာတောကလည်း ငွေဆိုတာ ရှိတယ်ကွဲ့၊ သူနဲ့လုပ်ရင် တော်တော်များများ အဆင်ပြေတယ်၊ အခုလောက်ဆိုရင် မင်းပြောတဲ့လူတွေက မြေကျင်းတစ်ကျင်း အဆင်သင့်တူးပေးထားလောက်ရောပေါ့ကွယ်။ မင်း မယုံရင် ကာလီမယ်တော် ဗိမာန်ရောက်တော့ အဲဒီအနီးအနားမှာ ရှာကြည့်ပေါ့ကွယ်"

ကာလီမယ်တော် ဗိမာန်ကိုရောက်တော့ မယ်တော်ရုပ်တု

ကြီးကို ကျုပ်က တအံ့တသြနဲ့ ငေးကြည့်နေတယ်ဗျ။

"ဒီဗိမာန်မှာ လူတွေလာပြီး အုန်းသီးခွဲကြတာပေါ့ကွယ်၊ ကဲ မောင်တာတေ၊ ဒီအနီးအနားမှာ မြေကျင်းတူးထားတာ ရှိမရှိ လိုက်ကြည့်စမ်းကွယ်"

ဘိုးလူပေက ကျုပ်ကို ခိုင်းလို့ ကျုပ် ကာလီမယ်တော်ဗိမာန်နဲ့ မလှမ်းမကမ်းက လမ်းကလေးထဲကိုဝင်ပြီး ဟိုကြည့်ဒီကြည့် လုပ်လိုက်တယ်။

ပေါက်တူးနဲ့ တူရွင်းတွေထမ်းပြီး ထွက်လာတဲ့ လူသုံးယောက်ကို ကျုပ်တွေ့လိုက်တယ်။ သစ်ပင်တစ်ပင်နောက်မှာ ကျုပ် ဝင်ကပ်ပြီး အရိပ်အကဲ ကြည့်နေလိုက်တယ်။ အဲဒီလူတွေ သချိုင်းထဲ ဝင်သွားပြီး ခဏကြာတော့မှ ကျုပ်ထွက်ပြီး အဲဒီလူတွေ ထွက်လာတဲ့နေရာကို သွားကြည့်လိုက်တယ်။

ဟုတ်ပါ့ဗျာ။ ဘိုးလူပေ ပြောတာကတော့ ဒက်ထိကို မှန်တာဗျို့။ ဟိုလူသုံးယောက် မြေကျင်းတစ်ကျင်း တူးသွားတာဗျ။ ကျင်းကခပ်သေးသေးပဲဗျ။ ဒါ ကလေးအလောင်းမြှုပ်မယ့်အရွယ်ဗျ။ သေချာတာပေါ့ဗျာ။ အိပ်ပျော်အောင်လုပ်ထားတဲ့ ကိုးနှစ်ကလေးရဲ့ အခေါင်းနဲ့တော့ ဒီကျင်းက အံကိုက်ပေါ့ဗျာ။ ကာဝေ

တွေက ဒီလူတွေကို မွေးပေးပြီး နိုင်းထားတာပဲကိုးလို့ ကျုပ်တွေး လိုက်မိတယ်။ နေရာကို သေသေချာချာ မှတ်ပြီးတော့ ကျုပ်ဆရာ ကြီးတွေဆီကို ပြန်လာခဲ့တယ်။ ကာလီမယ်တော် စီမာန်ကနေ စောင့်နေတဲ့ ဆရာကြီးတွေက ကျုပ်ကို ဆီးမေးတယ်ဗျ။

"ဘယ်လိုတုံး မောင်တာတေ၊ တွေ့ခဲ့လားကွဲ့"

"တွေ့တယ် ဆရာကြီး၊ အခုပဲ ဟူးသွားကြတာ၊ ကျင်း က ကလေးမြုပ်မယ့် အရွယ်ပဲဗျ"

"နေရာကို သေသေချာချာ မှတ်ခဲ့ရဲ့လား မောင်တာတေ"

"ဟုတ်ကဲ့၊ မှတ်ခဲ့ပါတယ် ဆရာကြီး"

လူနှစ်ဖက်စာလောက်ရှိတဲ့ သရက်ပင်ကြီးတစ်ပင်ရဲ့ အနောက်ဘက်မှာ ကျုပ်နဲ့ ဆရာကြီးနှစ်ယောက် ခပ်ကွယ်ကွယ် လေး ရပ်နေကြတယ်။ ဒါပေမဲ့ လမ်းပေါ်ကိုရော သင်္ချိုင်းဘက်ကို ရော ကျုပ်က မျက်ခြည်မပြတ် ကြည့်နေရတာဗျ။

ဟော လာပြီဗျို့။ လူငါးယောက်ဗျ။ လွယ်အိတ်တွေ ကိုယ်စီလွယ်လို့ဗျ။

"ဆရာကြီးတို့ လူငါးယောက် သင်္ချိုင်းထဲကို ဝင်လာ တယ်ဗျ၊ ပုံစံတွေက သိပ်မဟုတ်ဘူးထင်တယ်"

ကျွပ်စကားကို ကြားတော့ ဆရာကြီးနှစ်ယောက်က မသိမသာ ကြည့်လိုက်ကြတယ်။ လူငါးယောက်က ကာလီမယ် တော် ရုပ်တုကြီးရှိတဲ့ ဗိမာန်ရှေ့မှာ ရပ်နေကြတာဗျ။

"ဟာ ဟုတ်တာပေါ့ မောင်တာတေရယ်၊ မုဆိုးအဖြာ ကွက်တုံးကြီး ဝတ်ထားတာ ယောပြန့်ရာမ ဆိုတဲ့ကောင်ပေါ့ကွဲ၊ ဒီကောင်တွေက ရှေ့ပြေးအဖွဲ့ဖြစ်မယ်၊ သင်္ချိုင်းထဲမှာ ရန်သူရှိရင် ရှင်းထားဖို့ပေါ့ကွယ်"

"မကြာခင်မှာ ကျွပ်တို့ ရောက်နေတာကို ဒီကောင်တွေ သိသွားတော့မှာကွဲ၊ ဇဲ အစ်ကိုနွံဖ ကျွပ်တို့ ထွက်ပြီး ရင်ဆိုင် လိုက်ရအောင်"

"အေးပေါ့ ကိုလူပေရယ်၊ လွှတ်ပေးလို့မှ မဖြစ်တာ ရင်ဆိုင်ရတော့မှာပေါ့"

ပြောပြောဆိုဆိုနဲ့ ဆရာကြီး စိုင်းနွံဖက ခုတ်လမ်းနီနီ လေးပေါ်ကို တက်လိုက်တယ်။ ဘိုးလူပေကလည်း နောက်ကနေ ချက်ချင်းထွက်လိုက်သွားတယ်ဗျ။ ကျွပ်ကတော့ ဆရာကြီး နှစ်ယောက်ရဲ့ နောက်ခပ်လှမ်းလှမ်းမှာ ရပ်နေတယ်။ ကျွပ်လက် ထဲမှာတော့ ဆရာကြီး စိုင်းနွံဖ ပေးထားတဲ့ အင်းတစ်ချပ်နဲ့

ဆရာကြီး ဘိုးလူပေ ပေးထားတဲ့ အင်းတစ်ချပ်ကို ကိုင်ထားတာ ပေါ့ဗျာ။

ဆရာကြီးနှစ်ယောက်က လမ်းပေါ်မှာရပ်ပြီး ကာလီမယ်တော် ဗိမာန်ရှေ့က လူစုကို ကြည့်နေတယ်ဗျ။

ဟော မြင်သွားပြီဗျို့။ မြင်သွားပြီဗျ။ ယောပြန်ရာမရဲ့တပည့်တစ်ယောက်က သူ့ဆရာကို လက်ကုတ်ပြီး ဘိုးလူပေတို့ကို လက်ညှိုးထိုးပြတယ်။ ဒီတော့မှ ယောပြန်ရာမက မြင်သွားတယ်ဗျ။

"ဟ နှမ်းဖနဲ့ လူပေပါလား၊ မွေးကြီးသားနဲ့ တပည့်ပဲ။ ငါတို့ဆရာကြီး ပြည်တော်ဝင်မယ့်ကိစ္စကို ဟန့်တားဖို့ ရောက်လာတာပေါ့ ဟုတ်စ။ ဟား ဟား ဟား ဟား၊ မင်းတို့ကို မင်းတို့ရဲ့ အထက်ပုဂ္ဂိုလ်တွေက နိုင်းစေလိုက်တယ်ပေါ့ ဟုတ်စ"

"ဟေ့ကောင် ရာမ၊ စကားရှည်မနေနဲ့၊ မင်းတို့ဆရာ နတ်မိစ္ဆာမိုးညို ပြည်တော်ဝင်ရအောင် သူက ဘာမို့လို့တုံး၊ ပြည်တော်ဝင်တယ်ဆိုတာ အထက်ပုဂ္ဂိုလ်တွေအလုပ်ကွ ရာမရဲ့"

"ဟေ့ကောင် လူပေ၊ မင်းက ငါ့မွေးရင် ပေါ့သားလောက်ပဲရှိတဲ့ အကောင်၊ မင်းကများ ငါ့ကို ရာမလို့ ခေါ်ရအောင်

မင်းက ဘာကောင်မို့လို့တုံး၊ ဘဝမေ့တဲ့ကောင်၊ ကိုယ့်မျိုးရိုး ပညာသယ်တွေကို သစ္စာဖောက်တဲ့အကောင်၊ မင်းကိုယ်ထဲက သွေးဟာ ကဝေပျံ ဘရုန်းနဲ့ မောက်ကတော် မယ်ဖန်ရဲ့သွေးကွ၊ ဟော ဟိုကောင် ရှမ်းသူခိုးက မင်းကို ခိုးသွားတာ၊ သေသွားတဲ့ မွှားက အဖေမဟုတ်ဘူး"

ယောပြန်ရာမ ဆိုတဲ့ ကဝေကြီးက လူကောင်ကလည်း ထွားထွားကြီးဗျ။ ခေါင်းမှာလည်း ဘျောင်ထုံးကြီး ထုံးထားတယ်။ နှုတ်ခမ်းမွေးကြီးကလည်း ကားကားကြီးနဲ့၊ မျက်လုံးတွေကလည်း ပြူးနေတာဗျို့။ ကျုပ်ဆရာကြီး စိုင်းနွံဖကို လက်ညှိုးနဲ့ထိုးပြီး ကလေးသူခိုးလို့ ပြောနေတာဗျ။ (ဒီအကြောင်းတွေကို သိချင်ရင် ကျုပ်ရေးခဲ့တဲ့ **"မဖဲဝါမွေးတဲ့သား"** စာအုပ်ထဲက **"ကဝေသွေး"** ဝတ္ထုမှာ ဖတ်ကြည့်ပေါ့ဗျာ)

ဘိုးလူပေက ဘာမှပြန်မပြောဘဲ ကြည့်ရုံ့ ကြည့်နေ တယ်။ ကဝေဆိုတာ လှတ်မာယာများတောဗျ။ ဒီတော့ ဆရာကြီး တွေက သတိတစ်ချက် မလွတ်အောင် ကြည့်နေကြရတာပေါ့ဗျာ။

"ဟော့ကောင် လူပေ၊ မင်း အခုနေ ဒီဘက်ကို ပြန်လာခဲ့၊ ဒီည သန်းခေါင်ယံမှာ ငါတို့ဆရာ ကဝေနတ်ကြီး

ပြည်တော်ဝင် တော့မှာ၊ အဲဒီကျရင် မင်းကို ဆရာကြီးက ကောင်းကောင်းစောင့် ရှောက်မှာကွ"

"ဟား ဟား ဟား ဟား၊ ရာမ ရာမ၊ အသက်ဖြင့် သေကာနီးနေပြီ၊ အခုထိ မိုက်ကောင်းတုန်းပါလား"

လို့ ပြောပြီး ဘိုးလူပေက ရှေ့ကို ခြေနှစ်လှမ်းတိုးလိုက်တယ်ဗျ။

ဒီမှာတင် ယောပြန်ရာမ ဆိုတဲ့ ကာဝေကြီးကလည်း ရှေ့ကို ခြေနှစ်လှမ်း တိုးလာတယ်။

"အေးလေ၊ မင်းက ဒီလောက်သေချင်နေမှတော့လည်း ငါက သတ်ပေးရတော့မှာပေါ့ကွာ၊ ကဲ ဟိုရှမ်းကောင်လည်း အဆင်သင့် ပြင်ထားပေတော့၊ ပြီးရင် မင်းအလှည့်လာမယ်"

ပြောပြောဆိုဆိုနဲ့ ယောပြန်ရာမက သူ့လက်နှစ်ဖက်ကို လေထဲမြှောက်ပြီး ဝှေ့လိုက်တယ်ဗျ။ ဘိုးလူပေက ပြုံးလိုက်တယ်ဗျ။ ပြီးတာနဲ့ မြေကြီးကို ဖနောင့်တစ်ချက် ပေါက်လိုက်ရောဗျ။

ဟာ…ရာမလက်ထဲမှာ မြွေဟောက်ကြီး နှစ်ကောင်ဗျ။ ဘယ်လက်ထဲမှာ တစ်ကောင်၊ ညာဘက်လက်ထဲမှာ တစ်ကောင်ဗျ။ နှစ်ကောင်လုံး ပါးပြင်းကြီးတွေထောင်ပြီး ခွီးခနဲ ခွီးခနဲ

လုပ်နေတာဗျ။

ဟာ…ရာမကြီး သူ့မြွေတွေကို သူ မနိုင်ဘူးဗျို့။ မြွေတွေက အတင်းရုန်းနေတာဗျ။

"ဟဲ့ ငြိမ်ကြစမ်း၊ သေချင်လို့လား"

ဘိုးလူပေက မြွေကြီးကို ဖနောင့်နဲ့ တစ်ချက်ထပ်ပေါက်လိုက်တယ်ဗျ။

"ရှီး" "ရှီး" "ရှီး"

ဟာ…မြွေဟောက်ကြီးနှစ်ကောင်က အတင်းရုန်းပြီး ကဝေကြီး ရာမကို တန်ပြန်နေပြီဗျို့။

တစ်ကောင်က ရာမရဲ့လက်ကို ပေါက်ချလိုက်တယ်။ ရာမရဲ့လက်မှာ ပေါက်သွားပြီး သွေးတွေ ထွက်လာတယ်ဗျ။ ရာမလည်း လက်ထဲက မြွေတွေနဲ့ ဘိုးလူပေကို လှမ်းပစ်တယ်။ ဒါပေမဲ့ မြွေတွေက ရှေ့ကို ထွက်မလာဘဲ နောက်မှာရပ်နေတဲ့ ရာမရဲ့ တပည့်လေးတစ်ယောက်ဆီကို လွင့်သွားတယ်ဗျ။

"ဟာ၊ ဟာ၊ ဘယ်လိုဖြစ်တာတုံး"

လို့ အော်လိုက်ပြီး ရာမရဲ့ တပည့်တွေက မြွေတွေကို လက်နဲ့ လှမ်းရိုက်တယ်။ ဒါပေမဲ့ မြွေနှစ်ကောင်က အဲဒီလူတွေကို

ဒေါ်သတာကြီးနဲ့ ပေါက်တော့တာပဲဗျို့။ မြန်လိုက်တဲ့ မြွေတွေဗျာ။ တစ်ယောက်စီရဲ့လက်မှာပတ်ပြီး နှစ်ယောက်ဆက်တိုက် ကိုက်တာဗျ။ ရာမရဲ့ တပည့်လေးယောက်စလုံး မြွေအကိုက်ခံလိုက်ရပြီဗျို့။

မြွေကြီးတွေကို အတင်းဖယ်ပစ်ပြီး လွယ်အိတ်ထဲက ဆေးတောင့်တွေထုတ်ပြီး ဝါးစားကြတယ်။

"ရာမကတော့ မြွေကိုက်ခံလိုက်ရတဲ့ သူ့လက်က ဒဏ်ရာကို ဓားတွေးနဲ့ "ထွီ" ခနဲ တစ်ချက်ထွေးလိုက်ပြီး လက်နဲ့ သပ်ချလိုက်တာ ဒဏ်ရာက ချက်ချင်းပျောက်သွားရောဗျ။

ပြီးတာနဲ့ ဘိုးလူပေဘက်ကို လှည့်ပြီး စက်တွေလွှတ်တော့တာပဲဗျို့။

"ကဲ ဈေးဟေ့၊ ရာမရဲ့စက်ကို ခံနိုင်ရင် ခံပေတော့"

ရာမရဲ့ လက်ချောင်းတွေထိပ်က လက်ခနဲ လက်ခနဲ ထွက်လာတဲ့ စက်တွေက ဘိုးလူပေဆီကို ပြေးဝင်လာတယ်ဗျ။ ဘိုးလူပေက ရာမရဲ့ စက်တွေကို အနားရောက်မခံဘဲ လက်နဲ့ တွန်းထုတ်သလို လုပ်လိုက်တာ စက်တွေက တုံ့ခနဲ ရပ်သွားပြီး "ဝုန်း" ဆိုတဲ့ အသံကြီးနဲ့အတူတူ ကာဝေကြီးရာမ နောက်ကို

မြွေတစ်လုံးလောက် ရှေ့သွားတယ်ဗျ။

ဒီအချိန်မှာပဲ မြွေကိုက်ခံလိုက်ရတဲ့ ရာမရဲ့ တပည့်လေးယောက်ဟာ ယိုင်တိယိုင်တိုင်နဲ့ ကာလီမယ်တော် ဗိမာန်ထဲ ဝင်သွားကြတယ်ဗျ။

""ဒီတစ်ခါ ခံနိုင်ရင် ခံပေတော့ လူပေရေ၊ မင်းကို ငါ့သူငယ်ချင်း ဘရှန့်ရဲ့သားဆိုပြီး ငါညှာနေတာ၊ ဒီတစ်ခါတော့ အသေပဲပေါ့ကွာ""

ကဝေကြီးရာမရဲ့ မျက်လုံးတွေရော၊ ဟထားတဲ့ ပါးစပ်ထဲကရော စိမ်းစိမ်းပြာပြာစက်တွေ ထွက်လာတာဗျို့။ အဲဒီစက်တွေပေါင်းပြီး အနီရောင်စက်တွေ ဖြစ်သွားတယ်။ အနီရောင်စက်တွေက ဘိုးလူပေဘက်ကို ပြေးဝင်လာတာဗျို့။

ဒီအချိန်မှာပဲ ရပ်ကြည့်နေတဲ့ ဆရာကြီး နိုင်းနွဲ့ဖပါ ရှေ့ကို ထွက်သွားပြီး ဆရာကြီးနှစ်ယောက် ပြိုင်တူရိုက်ချလိုက်တယ်။ ရှေ့ကို ပြေးဝင်လာတဲ့ စက်တွေ အပိုင်းပိုင်းပြတ်ကုန်ရောဗျို့။

""ဖြန်း"" ""ဖြန်း"" ""ဖြန်း""

စက်တွေ ပြတ်တောက်ပြီး ပျောက်သွားတာဗျ။ ဒီတုန်း

မှာပဲ ဆရာနွံဖက သူ့ရဲ့လက်ဖဝါးနှစ်ဖက်ကို ပွတ်နေတယ်။ ဘိုးလူပေကတော့ သူ့ရဲ့စက်တွေကို စလွှတ်တယ်။ ကဝေကြီးရာမက မျက်နှာ နည်းနည်းပျက်သွားတာဗျ။

ပြီးတော့မှ ပါးစပ်က မန္တန်တွေရွတ်ပြီး သူ့ကိုယ်ကို လက်နဲ့ကာသလို ပွတ်သလို လုပ်နေတယ်ဗျ။

"ဪ ဪ၊ မင်းက ကဝေသံချပ် ဝတ်နေတာပေါ့ လေ၊ မင်းရဲ့ ကဝေသံချပ်က တော်ရုံတန်ရုံစက်ကိုပဲ ကာနိုင်မှာ ရာမရဲ့၊ ငါ့ရဲ့ လောင်မီးစက်ကိုတော့ ကာနိုင်မယ် မထင်ဘူး"

လို့ ခိုင်းနွံဖက ရှမ်းသံဝဲဝဲနဲ့ ပြောလိုက်တာဗျို့။

ဒီအချိန်မှာပဲ ဘိုးလူပေရဲ့ လိမ္မော်ရောင် တောက်နေတဲ့ စက်တွေ လက်ခနဲ လက်ခနဲ ထွက်သွားတယ်ဗျ။

ကဝေကြီးရာမက လက်ဝါးနှစ်ဖက်နဲ့ ဘိုးလူပေရဲ့စက်တွေကို ကာသလို လုပ်လိုက်တယ်။ ဘိုးလူပေရဲ့ စက်တွေက နည်းနည်းတန့်သွားပြီး ရှေ့ကို အရှိန်နဲ့ ပြေးမဝင်နိုင်တော့ဘူးဗျ။ ကဝေကြီးရာမ ဆိုတာ ခေသူမဟုတ်ဘူးလို့ ကျုပ် တွေးလိုက်မိတယ်။

ဘိုးလူပေ လွှတ်လိုက်တဲ့ စက်တွေကလည်း ရှေ့ကို

တရွှေရွှေနဲ့ တိုးဝင်နေတယ်ဗျ။ ကဝေကြီး ရာမကလည်း လက်နဲ့ တောင့်ပြီး ကာထားတယ်။ ဒါပေမဲ့ သူ ကြာကြာမကာနိုင်ဘူးဗျ။ ဘိုးလူပေရဲ့ စက်တွေက တိုးဝင်သွားတယ်။

ဟာ၊ ကဝေကြီးရာမရဲ့ ကဝေသံချပ်ကလည်း အတော် စွမ်းတာဗျို့။ ဘိုးလူပေရဲ့ လိမ္မော်ရောင်စက်တွေ သူ့ကိုယ်ထဲကို ဖောက်မဝင်နိုင်ဘူးဗျ။ သူ့ကိုယ်ကိုပတ်ပြီး လက်ခနဲ လက်ခနဲ ဖြစ်နေတာဗျ။

"ဟား ဟား ဟား ဟား၊ ဘယ့်နှယ်တုံး လူပေရဲ့၊ မင်းရဲ့ စက်တွေက ငါ့ရဲ့ ကဝေသံချပ်ကို မဖောက်နိုင်ပါလားကွ၊ ဟား ဟား ဟား ဟား"

"ဟုတ်လား ရာမ၊ ဒါဆိုရင် ရော၊ ငါ့ရဲ့ လောင်မီးစက်"

လို့ ဆရာနီဖက ပြောလိုက်ပြီးတော့ စောစောကတည်းက ပွတ်နေတဲ့ လက်ဖဝါးနှစ်ဖက်ကို ဖွင့်လိုက်တဲ့အခါ မီးစက် ကလေးတစ်စက်လို လင်းနေတဲ့ အစက်ကလေးတစ်စက် ဆရာ နီဖရဲ့ လက်ဝါးပေါ်မှာ တွေ့လိုက်ရတယ်ဗျ။

ဆရာနီဖက မန္တန်တစ်ခုကို ရွတ်လိုက်တဲ့အချိန်မှာ အလင်း

စက်ကလေးက လွင့်ထွက်သွားပြီး ကဝေရာမရဲ့ ခေါင်းပေါ်မှာ ဝဲနေတယ်ဗျ။ ကဝေရာမကလည်း မှေ့ခ်တွေရွှတ်ပြီး အလင်းစက်ကလေးကို လက်နဲ့လိုက်ကာနေတယ်ဗျ။

အလင်းစက်ကလေးက ရာမရဲ့ မျက်နှာရှေ့ကို ရောက်လာပြီး ဝဲနေတုန်းပဲဗျ။ ဒီမှာတင် ရာမက ပါးစပ်ဟပြီး သွေးစက်တွေကို ထုတ်တယ်။ စက်က ထွက်မလာတော့ဘူးဗျ။

ရာမ မျက်နှာပျက်သွားပြီး မျက်လုံးတွေလည်း ပြူးသွားပြီဗျ။ မျက်နှာရှေ့မှာ ပျံနေတဲ့ ဆရာကြီး စိုင်းနွံဖရဲ့ မီးစက်ကို မျက်တောင်မခတ် လိုက်ကြည့်နေတယ်။

ဒီအချိန်မှာပဲ ဆရာကြီး စိုင်းနွံဖက လက်ဝါးနဲ့ တွန်းသလို လုပ်လိုက်ရောဗျို့။ ဟာ ဝင်သွားပြီဗျို့၊ ဝင်သွားပြီ။ အလင်းစက်ကလေးက ဟပြီးစက်ထုတ်ဖို့ ကြိုးစားနေတဲ့ ကဝေကြီးရာမရဲ့ ပါးစပ်ထဲကို ဝင်သွားပြီဗျို့။

"ကိုလှပေ၊ မင်းစက်တွေ သိမ်းတော့"

ဆရာကြီး စိုင်းနွံဖက လှမ်းပြောလိုက်တော့ ဘိုးလှပေက သူလွှတ်ထားတဲ့ စက်တွေကို သိမ်းပစ်လိုက်တယ်ဗျ။

"ကိုယ့်အတတ် ကိုယ်စူးတာပေါ့ ရာမရယ်၊ ကဝေသံချပ်

ဝတ်ထားတော့ မင်းတွက်မပြေးနိုင်တော့ဘူးပေါ့ကွာ"

"အား၊ အား၊ အား"

ပါးစပ်ကနေ ဝင်သွားတဲ့ ဆရာနွံဖရဲ့ လောင်မီးစက်က ကဝေကို ဒုက္ခပေးပြီပေါ့ဗျာ။ ကဝေကြီးရာမ အော်ပြီး ပစ်လဲသွားပြီဗျို့။

မြေကြီးပေါ်မှာ လူးလိမ့်ပြီး အော်နေပြီဗျို့။ စောစောက မြွေကိုက်ခံလိုက်ရတဲ့ ရာမရဲ့ တပည့်တွေကလည်း မြွေဆိပ်တက်နေပုံပဲဗျ။ ကာလီမယ်တော် ဗိမာန်ထဲကနေ ဒယီးဒယိုင်နဲ့ ထွက်လာပြီး သူတို့ဆရာရဲ့ အဖြစ်ဆိုးကို မျက်လုံးအပြူးသားနဲ့ ဝိုင်းကြည့်နေကြတာပေါ့ဗျာ။

"အား၊ အား၊ အား၊ အား"

ကဝေကြီးရာမရဲ့ အသံနက်ကြီးနဲ့ အော်လိုက်တဲ့အသံက ကြံတောသချိုင်းထဲမှာ ပဲ့သွားတာဗျ။ ခဏနေတော့ ရာမ ငြိမ်သွားပြီး-

"ဝုန်း"

ဟာ..ငရဲမီးတောက် ထပြီဗျို့။ အကုသိုလ်များလွန်းတဲ့ ကဝေကြီးဗျာ။ ငရဲမီးတောက်ကြီး ထလောင်တာဗျ။ ရာမရဲ့

တပည့်တွေလည်း မှုံလွှန်းလို့ ကာလီမယ်တော် ရုပ်တုကြီးနောက်ကို ပြေးဝင်သွားကြတယ်ဗျို့။

သိပ်မကြာပါဘူးဗျာ။ ကဝေကြီးရာမရဲ့ ခန္ဓာကိုယ်ကြီးပျောက်သွားတယ်။ ရေမီးတောက်ကြီးလည်း ပြန်ဆင်းသွားပြီဗျ။ လောင်မီးကျတဲ့နေရာမှာ ပြာတောင် မကျန်ဘူးဗျ။

ဟော…ပြေးပြီဗျို့။ ပြေးပြီ။ ကဝေကြီးရာမရဲ့ တပည့်တွေ သချိုင်းထဲကို ဝင်ပြေးကုန်ကြပြီဗျို့။ ဒီလူတွေမှာ ဆေးတွေပါလာလို့သာပေါ့ဗျာ။ မဟုတ်ရင် စောစောက တိုက်မြွေတွေကိုက်တာနဲ့တင် သေလောက်တယ်။

ဆရာကြီး စိုင်းနွံဖနဲ့ ဘိုးလူပေတို့က စောစောက သရက်ပင်ကြီးနောက်ကို ပြန်ပြီးဝင်နေလိုက်ကြတယ်ဗျ။ ကျုပ်လည်းပါတာပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်က ကင်းသမားလေဗျာ၊ သချိုင်းထဲကို ဝင်လာတဲ့လူတွေကို စောင့်ကြည့်နေရတာဗျ။

မိုးချုပ်လာပြီဗျ။

စောစောက အိပ်တန်းတက်တဲ့ ငှက်သံတွေတောင် ပျောက်သွားပြီ။ ရန်ကုန်မြို့ရဲ့ အထိကရ သချိုင်းကြီးလေဗျာ၊ နံပါတ် ကိုးတဲ့ဗျ။ သချိုင်းတွေမှာ နံပါတ်တွေ ရှိတာကို မဖဲဝါ

ပြောမှပဲ ကျုပ်လည်း သိတော့တာဗျ။ သချိုင်းတွေမှာ သီးသန့် နာမည်တွေ ရှိနေတာဗျ။ အဲဒီနာမည်တွေပေါင်းလို့ ကျတဲ့ဂဏန်း ဟာ အဲဒီသချိုင်းရဲ့ နံပါတ်ပဲဗျ။ နံပါတ်တူတဲ့ သချိုင်းတွေလည်း ရှိမှာပေါ့ဗျာ။ ကျုပ်စဉ်းစားတယ်ဗျ။ အောက်လမ်းမှော်ပညာ ကျင့်စဉ်တွေမှာ ကိုးဂဏန်းကို အဓိကထားပြီး ကျင့်ကြတာကို ကျုပ် သတိထားမိတယ်။

ကိုးသချိုင်းကျင့်စဉ်။ ကုန်းကြီးကိုးကုန်း၊ ကန်ကြီးကိုးကန်၊ သစ်ပင်ကြီးကိုးပင်တို့ပေါ့ဗျာ။ ကိုးကျင်းကျင့်စဉ်ဆိုတာကတော့ လူသိများပါတယ်။ ကိုးကျင်းအောင်တဲ့ ကဝေတို့၊ ကိုးသချိုင်း အောင်တဲ့ ကဝေတို့၊ ကိုးသချိုင်းစားတို့ ဆိုတာတွေဟာ အကုန်လုံး ကိုးဂဏန်းတွေပဲဗျ။

အခုလည်း နတ်မိစ္ဆာ မိုးညိုက ပြည်တော်ဝင်မယ့် အစီအရင်မှာ ကလေးရဲ့ ဝိညာဉ်နဲ့ သူ့ဝိညာဉ်လဲမယ့်နေရာကို အထိကရ သချိုင်းကြီးဖြစ်တဲ့ ကိုးနံပါတ်ရတဲ့ ကြံတောသချိုင်းကြီးထဲမှာ စီရင်တာလေဗျာ။

တဖြည်းဖြည်းနဲ့ အမှောင်ထုက သချိုင်းကုန်းကြီးထဲမှာ ကြီးစိုးလာပြီဗျ။ တစ်ချက် တစ်ချက် အော်လိုက်တဲ့ ငှက်သံကြီး

တစ်သံကလွဲရင် တိတ်ဆိတ်နေတာဗျ။ တစ်ခါတလေကျတော့လည်း ပိုးကောင်လေးတွေရဲ့ အော်သံကို ကြားနေရတယ်။ ကျုပ်တို့ နိုးနေတဲ့ သရက်ပင်ကြီးနဲ့ မလှမ်းမကမ်းမှာရှိတဲ့ သစ်တိုပင်ကြီးပေါ်မှာ အိပ်တန်းတက်နေတဲ့ ရှဉ့်တစ်ကောင်ရဲ့ အိပ်မှော်ရင်းယောင်အော်လိုက်တဲ့ -

"ကစ်" "ကစ်" "ကစ်"

ဆိုတဲ့ အသံကိုလည်း တစ်ချက် တစ်ချက် ကြားနေရတယ်။

"ဗူး" "ဗူး" "ဗူး" "ဗူး"

ဆိုပြီး ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးကြီးတစ်ကောင်ရဲ့ အူသံကို သင်္ချိုင်းကြီးရဲ့ အလယ်လောက်က ထွက်ထွက်လာတာလည်း ကြားနေရတယ်ဗျ။

"ဝှန်း" "ဖြန်း" "ဖြန်း" "ဖြန်း" "အာ" "အာ"

ကျီးတွေ ပျံနေတာဗျို့။ ရတ်တရက်ကြီးကို ကျီးတွေ ထပျံတာဗျာ။ ကျုပ်ဆိုတာ ကြက်သီးတွေတောင် ထသွားရောဗျာ။

"မောင်တာတေ သတိထား၊ ဘာမှမကြောက်နဲ့ကွဲ့၊ ဒီကောင်တွေ ရောက်လာတော့မယ်"

ဆရာကြီး ဘိုးလူပေက ကျုပ်ကို ကြောက်မှာစိုးလို့

သတိပေးတာဗျ။ ကျုပ်ကတော့ ကြောက်ဖို့ကို သတိမရတာပါဗျာ။ ဘာတွေဖြစ်မှာလဲ ဆိုတာကိုပဲ သိချင်နေတာဗျ။

ဟော မီးရောင်တွေ့တယ်ဗျ။ ဂျစ်ကားတစ်စီး သချိုင်းထဲကို ဝင်လာတယ်။ ဟာ တစ်စီးမဟုတ်ဘူးဗျ၊ နှစ်စီး နှစ်စီး။

ကာလီမယ်တော် ဗိမာန်ရှေ့မှာပဲ ဂျစ်ကားနှစ်စီးလုံး ရပ်လိုက်ပြီး ကားပေါ်ကလူတွေ ဆင်းလာကြတယ်။ အပေါ်ဖြူအောက်ဖြူ ဝတ်ထားတဲ့ လူနှစ်ယောက်လည်း ပါလာတယ်ဗျ။ ဂျစ်ကားမီးရောင်အောက်မှာ တွေ့နေရတာ အဝတ်ဖြူနဲ့ လူနှစ်ယောက်က ဘေးဘက်ဆင်းပြီး ရပ်နေတယ်။

ဟာ...ကားပေါ်မှာ ခေါင်းပါလာတာပဲဗျ။ ကျွန်းသားခေါင်းဗျာ။ ပေါ်လစ်ရောင်ကို ဝင်းနေတာဗျ။ ဒါပေမဲ့ ခေါင်းက တိုတိုလေးဗျ။ ကိုးနှစ်အရွယ် ကလေးအလောင်းထည့်တဲ့ ခေါင်းပေါ့ဗျာ။

ဟော...ခေါင်းကို မလာတာက လူကိုးယောက်ဗျ။ လူချင်း ပူးကပ်ပြီးတော့ သယ်လာတာဗျို့။ သြော် ကျွက်တိကို စီစဉ်တာပဲဗျ။ နံပါတ်ကိုးသင်္ချိုင်းမှာ လူကိုးယောက် ဝိုင်းပြီးသယ်လာတဲ့ ကိုးနှစ်သားလေးကို အရှင်လတ်လတ် အိပ်မွေ့ချပြီး ည

ကိုးနာရီတိတိမှာ ရေမြှုပ်ကြမှာကိုး။

ဘိုးလူပေနဲ့ ဆရာစိုင်းနွံဖက တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး ပြောလိုက်တယ်။

"အစ်ကိုနွံဖ၊ ဟိုဘက်က အရပ်ရှည်ရှည်ကောင်က အောင်ပင်လယ်ဆရာကျော် ဆိုတဲ့ကောင်ဗျ။ ဒီဘက်က ပုပုကောင်က ရေပြာအိုင်ဆရာမြ ဆိုတဲ့ကောင်ပဲဗျ။ ဒီကောင်နှစ်ကောင်က မိုးညိုရဲ့ ညာလက်ရုံးနဲ့ ဘယ်လက်ရုံးပဲဗျ။ ကဲ ကျုပ်တို့ ထွက်လိုက်ကြရအောင်၊ အစ်ကိုနွံဖက ရေပြာအိုင်ကိုလုပ်၊ ကျုပ်က အောင်ပင်လယ်ကို လုပ်မယ်"

"ကောင်းပြီ ကိုလူပေ"

သွားပြီဗျို့။ ဆရာကြီးနှစ်ယောက် လမ်းပေါ်ကို တက်လိုက်ကြပြီဗျို့။ ကျုပ်လည်း နောက်ကလိုက်ပြီး ထွက်လိုက်တယ်။ ရေပြာအိုင်က အရင်မြင်သွားတာဗျ။ ဂျစ်ကားမီးရောင်အောက်မှာ လမ်းပေါ်ကိုတက်ပြီး မားမားကြီးတွေ ရပ်နေတဲ့ ဆရာနွံဖနဲ့ ဆရာကြီး ဘိုးလူပေကို တွေ့သွားတာ။ အောင်ပင်လယ်ကို ပြောလိုက်တော့ အောင်ပင်လယ်လည်း လှည့်ကြည့်တယ်။

"ရာမဆီက ဘာအဆက်အသွယ်မှ မရတော့တာ

ဒါကြောင့်ကိုး၊ ငါတို့လူ ရာမကို မင်းတို့ လုပ်လိုက်ပြီပေါ့လေ၊ ပွေးသား ကာလေကာဝကောင်နဲ့ ပွေးအိမ်က အိမ်စောင့်ခွေးနွံဖ"

"ဟေ့ကောင် မင်းဟာမင်း အောင်ပင်လယ်ဖြစ်ဖြစ်၊ ကျွဲလူးအိုင်ဖြစ်ဖြစ် အရေးမကြီးဘူး၊ မင်းတို့ဆရာ မိုးညိုကို လူ့လောကကနေ မောင်းထုတ်လိုက်တာ ငါနဲ့ ငါ့ဆရာကွ၊ ဒါကို မင်းဆရာက လူ့လောကကို ပြန်ဝင်ဖို့ ယုတ်ယုတ်မာမာ အကြံတွေနဲ့ ကြံစည်နေတာ လွယ်မယ်ထင်လို့လားကွ"

ဆရာကြီး စိုင်းနွံဖက ရှေ့ကို ရှေ့ကတစ်လှမ်းတိုးပြီး ပြောလိုက်တာဗျ။

"ဩော်...လက်စသတ်တော့ တို့ဆရာကိုသတ်တဲ့အထဲမှာ မင်းပါ ပါတာကိုး။ ရှမ်းကောင်ရေ၊ ဒီညတော့ မင်းသေဖို့သာ ပြင်ထားပေတော့"

လို့ အောင်ပင်လယ်က ပြောလိုက်တဲ့အချိန်မှာ ရှေ့ပြာအိုင်က သူ့တပည့်တွေကို လှည့်ပြီးအမိန့်ပေးတယ်ဗျ။

"ဟေ့ မော်စက်ရောင် မောင်ညို၊ မင်း ဦးဆောင်ပြီး ဆက်လုပ်၊ ကိုးနာရီတိတိမှာ စီရင်ရမယ် ကြားလား"

ကာဝေ ကိုးယောက်က ကိုးနှစ်သားလေးရဲ့ ခေါင်းကို

သယ်ပြီး သချိုင်းထဲကို ဝင်သွားတယ်ဗျ။

ညနေက သချိုင်းစောင့်လူတွေ တူးပေးထားတဲ့ မြေကျင်းဆီကို တန်းသွားတာပေါ့ဗျာ။ ရေပြာအိုင်က ဆရာနွံဖကို ကြည့်ပြီး စက်တွေ စလွှတ်တယ်ဗျ။ အောင်ပင်လယ်က ဆရာဘိုးလူပေဆီကို စက်တွေ စလွှတ်တယ်။ ဒါပေမဲ့ ဒီစက်တွေက သိပ်ပြီးမပြင်းသေးပါဘူးဗျာ။ ရှေ့ပြေးလွှတ်တဲ့ စက်တွေပဲ ရှိသေးတာပါ။

ဆရာနွံဖရော၊ ဆရာဘိုးလူပေရော ရှေ့ကို ခြေနှစ်လှမ်းတက်ပြီး လက်ထဲမှာ အသင့်ကိုင်ထားတဲ့ အင်းတွေနဲ့ ပစ်သွင်းလိုက်ကြတာဗျို့။

"ဝုန်း" "ဝုန်း"

ဟာ…စက်တွေ လက်ခနဲ လက်ခနဲဖြစ်ပြီး အပိုင်းပိုင်းပြတ်ကုန်ပြီဗျို့။ အစိုးအငွေ့တွေ ပျောက်သွားတော့ ရေပြာအိုင်ရော အောင်ပင်လယ်ရော ဖင်ထိုင်ရက် လဲနေကြတာဗျာ။

လဲနေရာကနေ ချက်ချင်းထပြီး ပြန်တိုက်တယ်ဗျ။ ကာဝေနှစ်ယောက်စလုံး စက်တွေ ထပ်လွှတ်ကြပြန်ပြီဗျ။ ဒီတစ်ခါလွှတ်တဲ့စက်ကတော့ တော်တော်ကို ပြင်းမယ့်ပုံပဲဗျို့။ ပါးစပ်တွေရော၊ မျက်လုံးတွေရောက တဝင်းဝင်းနဲ့ ထွက်လာတဲ့ စက်တွေဗျ။

အောင်ပင်လယ်ရဲ့ စက်တွေက ဘိုးလူပေဆီကို တန်းဝင်လာပြီး ရေပြာအိုင်ရဲ့ စက်တွေက ဆရာနွံဖဆီကို တန်းဝင်သွားတာဗျို့။

ဆရာနွံဖရော ဘိုးလူပေရော စက်တွေ ပြန့်လွှတ်တာယ်ဗျ။ အသက်လမ်းစက်တွေနဲ့ အောက်လမ်းစက်တွေ ထိပ်တိုက်တွေ့ပြီဗျို့။

"ဝုန်း၊ ဝုန်း"

ဆိုတဲ့ အသံကြီးတွေ ထွက်သွားပြီး ကဝေနှစ်ယောက် နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်သွားတယ်ဗျ။ ဒါပေမဲ့ သူတို့ရဲ့ အစွမ်းတွေကို ထပ်မြှင့်ပြီး စက်တွေကို အားထပ်ဖြည့်မှု ရတယ်ဗျ။

ဒီတစ်ခါ ဘိုးလူပေရော ဆရာနွံဖရော နောက်ကို ခြေ တစ်လှမ်းစီ ဆုတ်လိုက်ရတယ်ဗျ။

"ငါ့ဆရာကို သတ်တဲ့ကောင် မင်းကို ငါ ဒီည ပြန် သတ်မယ်ကွ"

ရေပြာအိုင်ကဝေကြီးတဲ့ အံကြိတ်ရင်း ကြိမ်းလိုက်တယ် ဗျ။ ကဝေကြီး• မိုးညိုကို ရှင်းတုန်းက ပထမဆရာမွှားကြီးနဲ့ အတူတူ ဆရာနွံဖ ပါတာကိုးဗျ။

ဆရာနဲ့ဖကတော့ ကဝေ ဒေါ်သဖြစ်လေ ကြိုက်လေ ဆိုတဲ့ ပုံစံပဲဗျ။

စက်တွေ ထိပ်တိုက်ပြီး အားတွေထုတ်နေကြတာဗျ။ ခဏနေတော့ ဆရာကြီးတွေရဲ့စက်က အရောင်တွေ ပိုတောက်လာပြီး လင်းခနဲ လင်းခနဲ ဖြစ်လာတယ်ဗျ။

ကဝေကြီးနှစ်ယောက်ကလည်း သူတို့ရဲ့ စက်တွေကို အားထည့်ပြီး တိုက်နေကြတယ်ဗျို့။ ခဏနေတော့ -

"ဝုန်း" "ဝုန်း"

ဆိုတဲ့ အသံကြီးတွေ ထပ်ထွက်လာပြီး ကဝေကြီး နှစ်ယောက် နောက်ကို သုံးပေလောက် လွင့်သွားရောဗျို့။ မြေကြီး ပေါ်ကို ဖင်ထိုင်ရက် သဲကုန်ကြရောဗျ။

"ဒေါင်၊ ဒေါင်" "ဒေါင်၊ ဒေါင်"၊ "ဒေါင်၊ ဒေါင်" "ဒေါင်၊ ဒေါင်" "ဒေါင်"၊

ဟော ကင်းသံချောင်းခေါက်သံ ကြားရတယ်ဗျ။ ည ကိုးနာရီထိုးပြီ။

မော်စက်ရောင် မောင်ညို ဆိုတဲ့ ကဝေကြီး ဦးဆောင်ပြီး ကလေးရဲ့ခေါင်းကို မြေမြှုပ်လိုက်ကြပြီ ထင်တယ်ဗျ။

"ဟော့ကောင်တွေ နတ်မိစ္ဆာတစ်ကောင်ဟာ လူ့လောကကို လွယ်လွယ်နဲ့ ပြန်ရောက်လာမယ်လို့ မင်းတို့ ထင်နေလို့လား"

ဘိုးလူပေရဲ့ အောင်မြင်တဲ့အသံက သချိုင်းထဲမှာ ဟိန်းထွက်သွားတယ်ဗျ။

မန္တန်ရွတ်နေတဲ့ ကဝေကိုးယောက်လည်း မန္တန်ရွတ်တာကို ရပ်လိုက်ပြီး ချက်ချင်း အုပ်စုလိုက် စုလိုက်ကြတယ်။ ရှေ့ဆုံးမှာ ရပ်နေတာက မှော်စက်ရောင် မောင်ညို ဆိုတဲ့ ကဝေဗျ။

"ဟေ့ လူရှုပ်တွေ မင်းတို့ ဘာလာရှုပ်တာတုံး၊ ငါတို့အလုပ် ငါတို့လုပ်နေတာ၊ အခု ပြန်သွားကြ"

"ငါတို့ ပြန်ဖို့လာတာ မဟုတ်ဘူးကွ၊ တိုက်ဖို့လာတာ"

ဆရာနန္ဒဖက ပြတ်ပြတ်ပဲ ပြောလိုက်တယ်ဗျ။

ကဝေတွေလည်း သူတို့စက်တွေကို ထုတ်ကြရောဗျို့။ ဒီကဝေတွေက အဆင့်သိပ်မမြင့်တော့ သူတို့စက်တွေကလည်း သိပ်မပြင်းဘူးဗျ။ ဒါပေမဲ့ ဒီလူတွေက သူတို့ စက်တွေကို ပေါင်း ပြီးတော့ တိုက်မယ့်ပုံစံဗျ။ စက်တွေ ပေါင်းလိုက်တော့ တော်တော် ကို အရောင်တွေ တောက်သွားတာဗျ။

ကဝေစက်တွေ ပေါင်းထားတဲ့ ကိုးပင်လိမ်စက်က ဆရာ

ကြီးတွေဆီကို တလက်လက်နဲ့ ဝင်လာတာဗျ။

ဆရာစိုင်းနဲ့ဖရော၊ ဘိုးလူပေရော၊ အင်းတစ်ချပ်စီ ကိုင်ထားတာဗျ။ စက်တွေရှေ့ကို တိုးလာတာနဲ့ ရှေ့ပေါ်စ်လှမ်းတိုးပြီး အင်းတွေ ပစ်လိုက်ပြီဗျို့။

"ကဲကွာ" "ကဲကွာ"

ဖြိုင်ကနဲပစ်လိုက်တဲ့ အင်းတွေက အရောင်တွေ တဝင်းဝင်းနဲ့ ပြေးဝင်သွားတာဗျို့။

"ဝုန်း"

"သွားပြီဗျာ၊ ကိုးပင်လိမ်စက်တွေ အပိုင်းပိုင်းပြတ်ပြီး ကဝေ ကိုးယောက်စလုံး ဖင်ထိုင်ရက်တွေ လဲသွားပြီဗျို့။ ကဝေတွေ သတိလစ်သလို ဖြစ်သွားပုံရတယ်ဗျ။ ခဏငြိမ်သွားပြီးတော့မှ ကုန်းထလာကြတယ်။

ပြီးတာနဲ့ သချိုင်းဘက်ကို ထွက်ပြေးတော့တာဗျို့။ မှော်စက်ရောင်ဆိုတဲ့ ကဝေတစ်ယောက်ပဲ မတ်တတ်ရပ်ပြီး ကျန်ခဲ့တာဗျာ။

"ဩော်...သူ့ရဲ့ကောင်းကြီးက မပြေးဘဲ ကျန်နေတာကိုး"

"အေး မှတ်ထား၊ ငါ့နာမည် မော်စက်ရောင် ဆရာညိုတဲ့၊ မင်းတို့ကို သူ့သေ ကိုယ်သေ တိုက်မယ့်ကောင်ဆိုတာ မှတ်ထားကွ"

"ဘိုးလူပေက ဆရာနွံဖကို ဖယ်နိုင်းလိုက်ပြီးတော့ သူ တစ်ယောက်တည်း တိုက်ဖို့ ပြင်လိုက်တယ်ဗျ။

မော်စက်ရောင် ဆရာညိုက သူ့လက်ဝါးနှစ်ဖက်ကို ပွတ် နေတယ်။ ဆရာကြီး ဘိုးလူပေက လွယ်အိတ်ထဲက ပစ္စည်းလေး တစ်ခုကို ထုတ်လိုက်တယ်။

ဟာ၊ ရွှေချထားတဲ့ သံကဝေရုပ်ကလေးဗျ။ ဘိုးလူပေ ကလည်း သံကဝေရုပ်ကလေးကို လက်ဝါးပေါ်တင်ပြီး မန္တန်မှုတ် လိုက်တယ်။ သံကဝေရုပ်ကလေးကလည်း အရောင်တွေ တဝင်း ဝင်း ထွက်လာတယ်ဗျ။

မော်စက်ရောင် ဆရာညိုရဲ့ လက်ဝါးထဲကလည်း ကွမ်း သီးလုံးလောက်ရှိတဲ့ စက်ကလေးတစ်ခု အရောင်တလက်လက် ထွက်နေတယ်ဗျ။

"ဒါကြောင့်လည်း မော်စက်ရောင်လို့ ခေါ်တာကိုး"

ဆရာနွံဖက ခပ်တိုးတိုး ပြောလိုက်တဲ့အသံကို ကျုပ် ကြားလိုက်တယ်ဗျ။

မော်စက်ရောင် ဆရာညိုရဲ့ လက်ထဲက စက်အလုံးလေး က တဖြည်းဖြည်း ကြီးလာတာ ပန်းကန်လုံးအရွယ်လောက် ဖြစ် လာရောဗျ။ ဒီအချိန်မှာ ဘိုးလူပေ လက်ဝါးပေါ်မှာ တင်ထားတဲ့ သံကဝေရုပ်ကလေးကလည်း စက်တွေထွက်ပြီး "ဒိ" "ဒိ" "ဒိ" "ဒိ" နဲ့ အသံတွေ ထွက်လာတယ်ဗျ။

ဆရာညိုရဲ့ မော်စက်လုံးလေးက လေထဲကို မြောက် တက်လာတဲ့ အချိန်မှာ သံကဝေရုပ်ကလေးကလည်း လေထဲကို မြောက်တက်လာရောဗျ။

ဟော ပျံသွားပြီဗျို့။ သံကဝေရုပ်ကလေး ပျံထွက်သွားပြီး ဆရာညိုရဲ့ မော်စက်လုံးကို သံကဝေက ပတ်ပြီး ပျံနေတာဗျ။

မော်စက်လုံးက စက်တွေကလည်း အေးကို ဖျတ်ခနဲ ဖြာထွက်လာတယ်။ သံကဝေရုပ်ကလေးက ထွက်တဲ့စက်တွေက လည်း အေးကို ဖြာထွက်သွားပြီး စက်ဖွံ့စ်ဗု တိုက်မိတဲ့အခါ ဝင်းခနဲ အရောင်တွေ ထလက်သွားရောဗျ။ မော်စက်လုံးကို သံကဝေက ပတ်နေတုန်းပဲဗျို့။ ခဏကြာအောင် ပတ်ပြီးသွားတဲ့ အချိန်မှာ မော်စက်လုံးက အပေါ်ကို တရွေ့ရွေ့နဲ့ မြင့်တက်သွား တယ်ဗျို့။ သစ်ပင်ကြီးတွေရဲ့ ထိပ်ဖျားကျော်သွားတဲ့အချိန်မှာ

သံကဝေရုပ်ကလေးက ထွက်လာတဲ့ စက်ရောင်တွေဟာ လင်း ထိန်လာတယ်ဗျ။

ဖြာထွက်လာတဲ့ စက်တွေထဲက လိမ္မော်ရောင် စက်တန်း တစ်ခုက မှော်စက်လုံးဘက်ကို လှစ်ခနဲလက်ပြီး ဝင်သွားတယ်ဗျို့။

"အုန်း"

ဆိုတဲ့ အသံကြီးနဲ့အတူတူ သစ်ပင်တွေအပေါ်မှာ မီးခိုးလုံး ကြီး ထွက်လာတယ်ဗျ။ မှော်စက်လုံး ကွဲထွက်သွားတာဗျို့။ မှော်စက်လုံးက ထွက်လာတဲ့ စက်ရောင်တွေ ဖြာထွက်ပြီး ဘေး ပတ်လည်ကို ပျံ့သွားရောဗျ။

အဲဒီအချိန်မှာ သံကဝေရုပ်ကလေးက အောက်ကို နိမ့်ပြီး ပျံချလာတယ်ဗျ။

"ဒွိ" "ဒွိ" "ဒွိ" "ဒွိ"

ဆိုတဲ့ အသံတွေနဲ့ သံကဝေရုပ်ကလေးက ကျောက်ဝိုင်းဘက် ကို ပျံလာပြီး စက်တန်းတစ်ခု လွှတ်လိုက်တာ မှော်စက်ရောင် ဆရာညို အဓိုက်မိသွားတယ်ဗျို့။ လိမ္မော်ရောင် စက်တန်းလေးက လက်ခနဲဖြစ်ပြီး ဆရာညိုရဲ့ ကိုယ်ထဲကို ဖောက်ပင်သွားတယ်ဗျ။

"အား"

ဆရာညို့ရဲ့ အော်သံက သင်္ချိုင်းထဲမှာကို ဟိန်းသွားတာ ဗျ။

"ဝေါ့"

ဆရာညိုက ဒူးထောက်ရက် ကျသွားပြီး ထိုးအန်တော့တာပဲဗျာ။ သွေးတွေဗျာ မြင်လို့တောင် မကောင်းပါဘူးဗျာ။

ကြဲတောသင်္ချိုင်းရဲ့ မြေပြင်ပေါ်မှာ ရဲသွားတာဗျ။ အရှင်လတ်လတ် အိပ်မွေ့ချပြီး မြှုပ်ထားတဲ့ ကလေးရဲ့ မြေပုံဘေးပတ်လည်မှာ ထွန်းထားတဲ့ ဖယောင်းတိုင် ကိုးတိုင်ရဲ့ အလင်းရောင်အောက်မှာ ဒူးထောက်လျက်ကြီး ဖြစ်နေတဲ့ ဆရာညို အသက်ကို မနဲ့ရှူနေရတဲ့ပုံပဲဗျ။

"ဒွိ" "ဒွိ" "ဒွိ" "ဒွိ"

ဆရာကြီး ဘိုးလူပေက သံကဝေရုပ်ကလေးကို လက်ဖဝါးဖြန့်ပြီး ပြန်ခေါ်လိုက်တယ်။ သံကဝေရုပ်ကလေးက ခက်တွေ ပျောက်သွားပြီး ဘိုးလူပေရဲ့ လက်ထဲကို ရောက်သွားတယ်ဗျ။

ဟော ထပြီဗျို့။ ထလာပြီ။ မှော်စက်ရောင်ဆရာညိုဒယီးဒယိုင်နဲ့ ထလာတယ်ဗျ။ ဆရာနွံဖနဲ့ ဘိုးလူပေကို မျက်လုံး

ပြူးကြီးနဲ့ကြည့်ပြီး သူ့လွယ်အိတ်ထဲက အထုပ်တစ်ထုပ်ကို ထုတ်လိုက်တယ်။

“ဟောကောင်, မော်စက်ရောင်၊ မင်း တော်တော်ယုတ်ညံ့တဲ့ အကောင်ပဲကွ၊ မင်းကို ငါတို့က လွှတ်ပေးဖို့ စိတ်ကူးထားတာ၊ မင်းက ဒီလိုယုတ်ညံ့တဲ့ ပစ္စည်းနဲ့ တိုက်ဖို့လုပ်တယ်ဆိုတော့ ဘယ်လိုမှ မင်းကို ခွင့်မလွှတ်နိုင်တော့ဘူးကွ”

ဆရာနွံဖက ပြောပြောဆိုဆိုနဲ့ ရှေ့တစ်လှမ်းတိုးပြီး လက်ထဲက အင်းချပ်နဲ့ ပစ်သွင်းလိုက်တာဗျို့။

“ဝုန်း”

ဟာ..မီးခိုးလုံးကြီး ထသွားပြီဗျို့။ မီးခိုးလုံးကြီး တဖြည်းဖြည်း ပျယ်သွားတဲ့အချိန်မှာ ကျုပ်ကြည့်လိုက်တော့ မော်စက်ရောင့် ဆရာညို မြေကြီးပေါ်မှာ စန့်စန့်ကြီး ဖြစ်နေပြီဗျို့။

“အစ်ကို ကဝေသက်ဖြတ်အင်းမို့လား”

လို့ ဘိုးလူပေက မေးတယ်ဗျ။ ဆရာနွံဖက ခေါင်းညိတ်ပြလိုက်ပြီး ပြောတယ်ဗျ။

“ဟုတ်တယ် ကိုလူပေ၊ ဒီကောင် အင်မတန်ယုတ်မာတာ၊ မီးတွင်းမှာ သေသွားတဲ့ မိန်းမရဲ့ ထဘီနဲ့ စီရင်ထားတဲ့

အစီအရင်ကိုထုတ်ပြီး တိုက်ဖို့လုပ်တာကွ၊ ဒါမျိုးကို အခွင့်အရေး ပေးလို့ မဖြစ်ဘူး၊ အင်မတန်ယုတ်ညံ့တဲ့ အစီအရင်ကွ ကိုလူမေရဲ''

''သိပ်ဟုတ်တာပေါ့ အစ်ကိုနွံဖရယ်၊ အဲဒီထဘီ အစီအရင်ကို လေတင်က ခါလိုက်တာနဲ့ ကျုပ်တို့တစ်ကိုယ်လုံးမှာ အပိန့်ကြီးတွေထပြီး ယားယံကုန်မှာဗျ။ ပြီးတော့ ကျုပ်တို့မှာ ပါလာတဲ့ ဆေးတော်တွေက အဆောင့်တွေ ရှောင်ထွက်သွားကြမှာ၊ ကဝေတွေရဲ့ အစီအရင်ထဲမှာ အယုတ်ညံ့ဆုံး အစီအရင်ပဲဗျ။

ဒါကြောင့် ကျုပ် လုပ်လိုက်ရတာပေါ့ ကိုလူမေရယ်''

လို့ ဆရာနွံဖက ပြန်ပြောပြီး ကျုပ်ဘက်ကို လှည့်ပြောတယ်။

''မောင်တာတေရေ၊ အချိန်မရှိဘူးကွဲ့၊ မြုပ်ထားတဲ့ ဂဏလေးကို မြန်မြန်ဖော်မှဖြစ်မယ်၊ ဒီအနားမှာ တူးစရာ ဘာများ ရှိတုံးကွဲ့''

ကျုပ်က စောစောတည်းက မြင်ထားပြီးသားဗျ။ ညနေက ကျင်းတူးတဲ့လူတွေ ဆယ့်နှစ်ရာသီပင်လေးအောက်မှာ ကျန်ရစ် ခဲ့တဲ့ ပေါက်တူးတစ်လက်လေဗျာ။ ညနေက ရောက်ရောက်ချင်း ကျုပ်လာကြည့်ကတည်းက အဲဒီပေါက်တူးကို

တွေ့ထားတာဗျ။

ကျုပ်က အချိန်မဆိုင်းဘဲ ပေါက်တူးကို ပြေးယူပြီး ခပ်ဖွဖွ ဖို့ထားတဲ့ မြေကြီးတွေကို မနားတမ်း ပေါက်ထုတ်ပစ်လိုက်တယ်။ ညနေကတည်းက ကျုပ်တွေ့တယ်ဗျ။ မြေကျင်းက တိမ်တိမ်ပဲ တူးထားတာ။

ကျုပ် သိပ်မတူးလိုက်ရဘူးဗျ။ ကျွန်းခေါင်းလေး ပေါ်လာတယ်။ ကျုပ်က ကျွန်းခေါင်းကို ကျင်းထဲဆင်းပြီး မ,တယ်။ ဆရာကြီးနှစ်ယောက်က အပေါ်က ဆွဲယူတယ်။

"ကဲ အဖုံးမြန်မြန်ဖွင့်ပေတော့ မောင်တာတေရေ"

မြေကြီးပေါ်ကို ရောက်လာတဲ့ ခေါင်းကို ပေါက်တူးနှင့် ကလော်ပြီး ဖွင့်ရတယ်ဗျ။ ပထမတော့ မနည်းဖွင့်နေရတာ။ နောက်တော့ နည်းနည်းလေး ဟသွားပြီး -

"ဂလုပ်"

ဆိုတဲ့ အသံမြည်ပြီး ခေါင်းအဖုံး ပွင့်သွားတယ်ဗျို့။ မြေပုံဘေးမှာ ဝိုင်းပြီးထွန်းထားတဲ့ ဖယောင်းတိုင်တွေရဲ့ အလင်းရောင်နဲ့ ကလေးကို တွေ့ရပြီဗျ။

ဟာ၊ ချစ်စရာကောင်းလေးဗျာ၊ အသားဖြူဖြူ ရုပ်ချောချော

လေးဗျ။ အောင်မယ်လေး လက်မတင်ကလေးပါလားနော်။

ဘိုးလူပေက သူ့လွယ်အိတ်ထဲက ရေစင်ပုလင်းကိုထုတ်ပြီး မြန်မြန်ဖွင့်တယ်။ ပြီးတာနဲ့ ကလေးရဲ့မျက်နှာကို ရေစင်နဲ့ တောက်ပြီး မန္တန်တစ်ပုဒ် ရွတ်လိုက်တယ်။

ဟော…လှုပ်လာပြီဗျို့၊ လှုပ်လာပြီ။ ကောင်လေးက လန့်ပြီး နိုးသွားတယ်ဗျ။ သူ့ကို ထည့်ထားတဲ့ ခေါင်းထဲမှာပဲ ဆတ်ခနဲ ထထိုင်လိုက်တယ်။ မျက်လုံးပြူးပြူးလေးနဲ့ ဟိုကြည့် ဒီကြည့် လုပ်နေတယ်ဗျ။

"လူလေး မကြောက်နဲ့ လူလေး၊ ဘိုးတို့က လူလေးကို သာကယ်တဲ့လူတွေ၊ လူလေး ဘာမှမကြောက်နဲ့တော့"

ဘိုးလူပေက ပြောလိုက်တာဗျ။

ကျုပ်က ကောင်လေးကို ခေါင်းထဲကနေ မ,ပြီး ထုတ်လိုက်တယ်။

"လူလေးနာမည် ဘယ်လိုခေါ်တုံး"

ဆရာနန္ဒဖက မေးလိုက်တာဗျ။

"ကျုပ်နာမည်က မိုးညိုပါ"

ဟာ၊ မိုးညိုဆိုပါလား။ ဆရာကြီးနှစ်ယောက်က

တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပြီး ခေါင်းညိတ်လိုက်ကြတယ်ဗျ။

"ကဲ မောင်တာတေ၊ ခေါင်းကို ပြန်ဖုံးလိုက်ကွဲ့၊ ပြီးရင် မြေကျင်းထဲ ပြန်ထည့်ပြီး မြေပြန်ဖို့ထားလိုက်ကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး"

လို့ ပြောပြီး ကျုပ်က ခေါင်းကို အဖုံးပြန်ဖုံးတယ်။ ပြီးတော့ ကျင်းထဲကို ခေါင်းပြန်ထည့်ပြီး မြေပြန်ဖို့လိုက်တယ်။

ဘိုးလူပေက ကလေးလက်ကို ကိုင်ထားတယ်ဗျ။ ကလေးကတော့ သူ့ကိုယ်သူ ဘာဖြစ်မှန်း မသိဘဲ ကျုပ်လုပ်နေတာတွေကို ကြည့်နေတာပေါ့ဗျာ။

"လူလေး ရန်ကုန်မှာ နေတာလား"

"ဟုတ်တယ် ဘိုး၊ ကျုပ် ရန်ကုန်မှာ နေတာ"

"ရန်ကုန် ဘယ်မှာနေတာတုံးကွဲ့"

"တာမွေမှာ"

"လူကလေးရဲ့ အဖေနဲ့ အမေက ဘယ်သူတုံး"

"အဖေက ဦးညို၊ အမေက ဒေါ်ဒေါ်"

"မင်းအဲဖေကို မှော်စက်ရောင် ဆရာညိုလို့ ခေါ်ကြတာ

ကို လူလေး သိလား''

''သိတယ်ဗျ၊ အဖေ့တပည့်တွေ အိမ်ကို မကြာ မကြာ လာကြတယ်''

''ကိုလူပေ ဒေါ်ဒေါင်းဆိုတာ မောက်ကတော် မိဒေါင်းကို ပြောတာထင်တယ်''

''ဟုတ်မယ် အဲကိုနွံဖရဲ၊ ကလေးကို ဗိုက်ထဲက ထုတ်ယူသွားပြီးတော့ ညီနဲ့ မိဒေါင်းကို မွေးခိုင်းထားတာ ဖြစ်လိမ့်မယ်''

''မင်းအမေ ဒေါ်ဒေါင်းက အခု အိမ်မှာ ရှိတာပေါ့ ဟုတ်လား လူလေး''

''ကျုပ်အမေ မရှိတော့ဘူးဗျ၊ ဟိုတလောကလေးတင် သေသွားပြီ''

''ဟော···ဟုတ်လား၊ ဘာရောဂါနဲ့ သေတာတုံးကွ''

''မသိဘူး ဘိုးရဲ၊ သွေးတွေအန်ပြီး သေသွားတာပဲဗျ''

''ဟော···ဟုတ်လား''

စကားပြောနေတုန်းမှာ ဆရာနွံဖက ကောင်းကင်ကို မော့ကြည့်တယ်။

"ကိုလူပေရေ၊ အချိန်တော့ နီးပြီကွဲ့"

"မောင်တာတေက ကလေးကို စောင့်ရှောက်ထားကွဲ့"

လို့ ပြောပြီး ဆရာနံ့ဖက သူ့အိတ်ထဲက ခြေမန်းကွင်းတွေ ထုတ်ပြီး ကလေးကို စွပ်ပေးလိုက်တယ်ဗျ။ ဘုရင်တွေ စလွယ် လွယ်သလို ဘယ်ရော ညာရော စလွယ်သိုင်း စွပ်ပေးလိုက်တယ်။

ဘိုးလူပေကလည်း သူ့လွယ်အိတ်ထဲက ခြေမန်းကွင်း တွေထုတ်ပြီး ကျုပ်ကို စလွယ်သိုင်းစွပ်ပေးထားတယ်။ ကျုပ်ကော ကလေးရော ခြေမန်းကွင်းတွေနဲ့ပေါ့ဗျာ။

စောစောကနေရာ သရက်ပင်ကြီးအောက်ကိုပဲ ကျုပ်တို့ ပြန်လာခဲ့ကြတယ်။

"မောင်တာတေ ရှော့ ဒီအင်းနှစ်ချပ် ယူထား၊ ကလေး နားကို ကပ်လာလို့ကတော့ ဘာကောင်ပဲဖြစ်ဖြစ် ဒီအင်းတွေနဲ့သာ ပစ်ကွဲ့ ကြားလား"

ဘိုးလူပေက ကျုပ်ကို အင်းနှစ်ချပ်ပေးတယ်ဗျ။ ဘာအင်း တွေတုံးဆိုတာတော့ ကျုပ်ကို မပြောဘူးဗျ။

ကျုပ်လည်း ညာဘက်လက်မှာ အင်းနှစ်ချပ်ကို ထပ်ပြီး ကျစ်ကျစ်ပါပါ ဆုပ်ထားလိုက်တယ်။ ဘယ်ဘက်လက်က မိုးညှို

လေးကို ကိုင်ထားရတာပေါ့ဗျာ။

ဆရာကြီးနှစ်ယောက်ကတော့ ဘေးပတ်ဝန်းကျင်ကို မျက်တောင်မခတ် ကြည့်နေကြတာဗျ။ ကောင်းကင်ရော၊ မြေကြီးရော အရှေ့အနောက် ဘေးဘက်တွေပါ မချန်ဘဲ ကြည့်နေကြတာ ဗျို့။

အချိန်ကလည်း တဖြည်းဖြည်းနဲ့ သန်းခေါင်နားကို ကပ် လာပြီဗျ။

"အောက် အီး အီး အွတ်"

ဟော သန်းခေါင်ကြက်တောင် တွန်ပြီဗျ။ သချိုင်းစောင့် တစ်ယောက်ရဲ့ အိမ်မှာ မွေးထားတဲ့ကြက် တွန်တာထင်တယ်ဗျ။

"ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟာ အတောင်ပံခတ်သံကြီးဗျ။ ကျုပ်ရော ဆရာကြီးတွေ ရော ကောင်းကင်ကို မော့ကြည့်ကြတယ်ဗျ။

"မိစ္ဆာကောင်တော့ လာပြီ၊ အစ်ကိုနဲ့ဖရေ"

ဟာ တွေ့ပြီဗျို့ တွေ့ပြီ။ ကောင်းကင်မှာ ငှက်ကြီးဗျ။ အတောင်ပံ အကြီးကြီးပဲဗျာ။ အတောင်တစ်ဖက်ကို ငါးပေလောက် ရှိမယ်ထင်တယ်ဗျ။ အတောင်နှစ်ဖက်ကို ဆယ်ပေလောက်ရှိတယ်၊

အတောင်နှစ်ခုကြားက ကိုယ်လုံးကြီးကတော့ လူအရွယ် နှစ်ဆ ခန့်လောက် ရှိမယ်ဗျ။

ဟော ဟော၊ ကျုပ်တို့ ကြည့်နေတုန်းမှာပဲ ကာလီမယ်တော်စံမှာန်အပေါ်မှာ နားလိုက်တယ်ဗျ။ ဆရာကြီးနှစ်ယောက်က လမ်းပေါ်ကို ထွက်ရပ်လိုက်တယ်။ စောစောက ထိုးထားတဲ့ ဂျစ်ကားမီးရောင်တွေအောက်မှာ ဆရာကြီးတွေက မားမားကြီးတွေ ရပ်လိုက်ပြီး ကာလီမယ်တော် စံမှာန်ပေါ်မှာ နားနေတဲ့ မိစ္ဆာကောင်ကြီးကို မော့ကြည့်ပြီး

"ဟေ့ နတ်မိစ္ဆာကောင်၊ မင်း အခုဆင်းခဲ့၊ လူ့လောကကို မင်း လာချင်တိုင်း လာလို့ရမယ် ထင်နေသလားကွ"

ဘိုးလူပေက ခိန်ခေါ်လိုက်တယ်ဆိုရင် မိစ္ဆာက ချက်ချင်း ထိုးဆင်းလာတာဗျ။

ဆရာနန္ဒဖက လက်ထဲက အင်းချပ်နဲ့ ဆီးပစ်လိုက်တယ်ဗျ။

"အုန်း"

ဆိုတဲ့ အသံကြီးနဲ့ အတူတူ မိစ္ဆာကောင်ကြီး လွင့်ထွက်သွားတယ်ဗျို့။ မီးခိုးတွေကလည်း မှောင်သွားတာဆိုတော့ ဘာဖြစ်

သွားတယ်ဆိုတာ မသိရဘူးဗျ။ မီးခိုးတွေ ပျယ်သွားတော့မှ ကျုပ် ကြည့်လိုက်တော့ မျောက်ဝံကြီးဗျာ။ ငှက်မဟုတ်တော့ဘူးဗျ။ နတ်မိစ္ဆာက ရုပ်ပြောင်းရုပ်လွှဲ မျိုးစုံရတာပဲကိုးဗျ။

ကျုပ်စိတ်ထင်တော့ အမြင့်ဆယ်ပေလောက်ရှိမယ် ထင်တယ်ဗျ။ ကိုယ်လုံးက ငါးဆယ်ဝင်ပုတ်လောက် ရှိမယ်။ ခေါင်းကြီးက တင်းတောင်းကြီးလောက် ရှိမယ်ထင်တယ်ဗျ။

ဘိုးလူပေကလည်း သူ့ကိုယ်ထဲကနေ မျောက်ဝံတစ်ကောင်ကိုယ်ပွား ထွက်သွားတယ်ဗျ။ ထွက်သွားတဲ့ မျောက်ဝံက တဖြည်းဖြည်း ကြီးကြီးလာပြီး မိစ္ဆာမျောက်ဝံထက် နှစ်ဆလောက် ကြီးသွားတာဗျို့။

"ဂိုး" "ဂိုး" "ဝူး" "ဂါး"

တိုက်ပြီဗျို့။ မျောက်ဝံကြီးနှစ်ကောင် တိုက်တဲ့ တိုက်ပွဲက တော်တော်ကို ကြမ်းတာဗျို့။

လမ်းပေါ်က အုတ်မှုန့်တွေဆိုတာ ဖွားခနဲ ဖွားခနဲ ထွက်သွားတာဗျ။ ခြေဖဝါးကြီးတွေကလည်း စကောကြီးတစ်ချပ်စာလောက် ရှိတာဗျ။

ခြေထောက်ကြီးတွေ တစ်ချက်ဆောင့်နင်းလိုက်တိုင်း

'ဒုန်း'ခနဲ 'ဒုန်း'ခနဲနဲ့ မြေကြီးကို သိမ့်သိမ့်တုန်သွားတာဗျို့။

"ဘုန်း" "ဘုန်း" "အုန်း"

တစ်ကောင်နဲ့ တစ်ကောင် ရိုက်ကြတဲ့ အသံကြီးတွေက လည်း တဘုန်းဘုန်း၊ တအုန်းအုန်း ဖြစ်နေတာဗျို့။

"ဘုန်း"

မိစ္ဆာက ဒေါသတကြီးနဲ့ အရှိန်လွှန်ထွက်သွားတဲ့အချိန်မှာ ဘိုးလူပေကိုယ်ပွား မျောက်ဝံကြီးက လက်ကြီးလွှဲပြီး ရိုက်ထည့်လိုက်ရောဗျို့။

"အုန်း"

ဟာ ရှေ့ကို စိုက်ကျသွားပြီဗျို့။ ဒီတစ်ချက်ကတော့ မိမိရရပဲဗျ။ မိစ္ဆာ ဒူးထောက်ရက်ကြီး မြေကြီးပေါ်ကို ကျသွားပြီဗျာ။

ချက်ချင်းမထနိုင်ဘူးဗျ။ ဟော...ထပြီ၊ ထပြီ။ ထတော့ ထလာပြီ။ ဒယီးဒယိုင်နဲ့ ဘိုးလူပေရဲ့ကိုယ်ပွား မျောက်ဝံကြီးနားကို ကပ်လာတယ်ဗျ။

"ဒုန်း"

ဟာ၊ ဘိုးလူပေကိုယ်ပွားက အနားကပ်လာတဲ့ မျောက်ဝံ

ကြီးကို ခြေထောက်ကြီးနဲ့ လှမ်းကန်လိုက်တာဗျ။ မိစ္ဆာမျောက်
နောက်ကို သုံးပေလောက် ရွေ့သွားတယ်။

ဟော ပြေးဝင်လာပြီဗျို့။ တစ်ရှိန်ထိုးပဲဗျာ။

"ဒုန်း"

ဟာ..ရိုက်ချလိုက်ပြီဗျို့။ မိစ္ဆာမျောက်ရဲ့ နားထင်နှစ်ဖက်
ကို ဘိုးလူပေကိုယ်ပွား မျောက်ကြီးက လက်သီးဆုပ်ကြီးနှစ်ဖက်နဲ့
ညှပ်ပြီး ထုလိုက်တာဗျ။ "ဒုန်း" ဆိုတဲ့ အသံကြီး ကြားလိုက်ရပြီး
မိစ္ဆာမျောက်ကြီး ဖင်ထိုင်ကျသွားရောဗျို့။

"ဘုန်း"

ဆိုတဲ့ အသံကြီးနဲ့အတူတူ မြေကြီးပေါ်မှာ ဖင်ထိုင်ရက်
ကြီးဗျ။ တင်းတောင်းလောက်ရှိတဲ့ ခေါင်းကြီးကိုလည်း ဘယ်ညာ
ယိမ်းပြီး ခါနေတယ်ဗျ။ ကျုပ်စိတ်ထင်တော့ မိစ္ဆာကောင်ကြီး
ခေါင်းမူးသွားတယ် ထင်တယ်ဗျ။ ချက်ချင်းပြန်မထနိုင်ဘူး။ ခဏ
နေမှ လက်ကြီးထောက်ပြီး ကုန်းထလာတယ်။ အထက်လမ်းမှော်
အတတ်နဲ့ အောက်လမ်းမှော်အတတ်မှာ အဆင့်အမြင့်ဆုံးဖြစ်တဲ့
ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ တိုက်ကြတာဗျ။ ဘိုးလူပေရဲ့ ရုပ်ပြောင်း

မှော်က တော်တော်အဆင့်မြင့်တာဗျ။ လူက ပြောင်းသွားတာ မဟုတ်ဘဲနဲ့ ကိုယ်ပွားထွက်သွားပြီးမှ ရုပ်ပြောင်းသွားတာဗျ။

ဟော…ထလာပြီဗျို့။ မိစ္ဆာမျောက်ကြီးက ပါးစပ်ကြီး ဖြဲထားတယ်ဗျ။ တော်တော်ကို ဒေါသထွက်နေတဲ့ပုံပဲဗျ။ ဟော… ဘိုးလူပေမျောက်ကြီးဆီကို တစ်ရှိန်ထိုး ပြေးဝင်လာပြီဗျို့။

"ဖုန်း" "ဖုန်း" "ဖုန်း"

ဟာ နှစ်ကောင်လုံး ထိုးကြတာဗျို့။ လက်သီးကြီးတွေ ဆုပ်ပြီး တစ်ကောင်နဲ့ တစ်ကောင် အပြန်အလှန် ထိုးနေကြတာဗျ။ တစ်ကောင့်လက်သီးကို တစ်ကောင်က မရှောင်ဘဲ အထိုးခံပြီး တော့ကို ပြန်ထိုးတာဗျ။

"ဖုန်း" "ဖုန်း" "ဖုန်း"

ဘတစ်ပြန် ကျားတစ်ပြန်ပဲဗျို့။ တစ်ကောင်နဲ့တစ် ကောင် မနားတမ်းထိုးနေကြတာဗျ။ ဒါပေမဲ့ ဘိုးလူပေ မျောက်က မိစ္ဆာမျောက်ထက် နှစ်ဆလောက် ကြီးတာပဲဟာ။ ဘိုးလူပေမျောက် တစ်ချက်ထိုးလိုက်ရင် မိစ္ဆာမျောက်က နောက်ကို ယိုင်ထွက်သွား တာဗျ။ ဒါပေမဲ့ နည်းနည်းမှ မလျှော့ဘဲ ထိုးနေတာဗျ။

ဟာ ကိုက်ပြီဗျို့။ အလစ်မှာ ဝင်ကိုက်တာဗျာ။ မိစ္ဆာ မျောက်ကြီးက ဘိုးလူပေမျောက်ကြီးရဲ့ လက်မောင်းကို ဆွဲပြီး ကိုက်တာဗျို့။

ဘိုးလူပေမျောက်က အကိုက်ခံထားရတဲ့ လက်ကို မရုန်းဘဲ ထိုးပေးထားလိုက်ပြီး မိစ္ဆာမျောက်ရဲ့ ခေါင်းကိုကျန်တဲ့ လက်တစ်ဖက်က လက်သီးကြီးနဲ့ တရစပ်ထုတော့တာပဲဗျာ။

"ဒုန်း" "ဒုန်း" "ဒုန်း" "ဒုန်း"

မိစ္ဆာမျောက်ကလည်းကိုက်၊ ဘိုးလူပေမျောက်ကလည်း ထုနဲ့ ကြာလာတော့ မိစ္ဆာမျောက်ကြီး မခံနိုင်တော့ဘူးဗျ။ မြေကြီးပေါ်ကို ခြေလွှတ်လက်လွှတ် ပြုတ်ကျသွားပြီဗျို့။

ဒီတော့မှ ဘိုးလူပေမျောက်က မိစ္ဆာမျောက် အကိုက်ခံရတဲ့ နေရာကို လက်ဝါးကြီးနဲ့ သပ်ချလိုက်တာ အရောင်တွေ တလက်လက် ထွက်သွားတာဗျာ။

မိစ္ဆာမျောက်က လဲနေရာကနေ ကုန်းထလာပြန်ပြီဗျို့။ ပြော နောက်ကို ဆုတ်ဆုတ်သွားလိုက်တာ တဖြည်းဖြည်းနဲ့ ကာလီမယ်တော်ဗိမာန်နားကိုတောင် ရောက်သွားတာဗျ။

ဟာ…ပျောက်သွားပြီဗျို့။ မိစ္ဆာမျောက်ကြီး ဖျတ်ခနဲ ပျောက်သွားပြီ။ ဘိုးလူပေမျောက်လည်း ပျောက်သွားပြီဗျ။ ဒီတော့မှ ဘိုးလူပေရော ဆရာနှံ့ဖရော လိုက်ရှာကြတော့တာဗျ။ ဒါပေမဲ့ မိစ္ဆာမျောက်ကို လုံးဝရှာမရတော့ဘူးဗျ။

"မောင်တာတေ၊ မင်း မျက်ကွင်းဆေး ကွင်းလာလား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကွင်းလာပါတယ်"

"ဒါဆိုရင် ကြည့်စမ်းကွယ်၊ မိစ္ဆာကောင် ဘယ်သွားလဲ မသိဘူးကွဲ့"

ကျုပ်လည်း ပတ်ဝန်းကျင်ကို လိုက်ကြည့်တာပဲဗျ။ ဘယ်မှာမှ မတွေ့ဘူး။

"ဠ" "ဠ" "ဠ" "ဠ"

ဒီတုန်းမှာပဲ ယင်ကောင်တစ်ကောင် ကျုပ်ရဲ့ ကလေးကို ပတ်ပြီး ပျံနေတယ်ဗျ။ ကျုပ်တို့နားကိုကပ်ပြီး ပြန်တာတော့ မဟုတ်ဘူးဗျ။ တစ်လံအကွာလောက်က ပျံနေတာ။

"ဆရာကြီး၊ ဒီမှာ ယင်ကောင်တစ်ကောင် ကျုပ်တို့ကို ပတ်ပြီး ပျံနေတယ်၊ လက်မအရွယ်လောက် ရှိတယ်ဗျ"

ကျုပ်ပြောတော့မှ ဆရာကြီးနှစ်ယောက်က မျှာမျှာသလဲ လှည့်ကြည့်တယ်ဗျ။

"မောင်တာတေ၊ အဲဒီယင်ကောင်ကို အင်းနဲ့ပစ်၊ အင်းနဲ့ ပစ်"

လို့ ပြောပြီး ဆရာနံ့ဖက ကပျာကယာ ပြေးလာပြီး ကလေးကို ဆွဲခေါ်သွားတယ်ဗျ။

"အဲဒါ မိစ္ဆာကောင်ကွ၊ ကလေးဆီကို ဝင်ဖို့ ကြိုးစားနေ တာ"

ကျုပ်လည်း လက်ထဲက အင်းတစ်ချပ်ကို ညာဘက် လက်မှာ ပြောင်းကိုင်လိုက်ပြီး ယင်ကောင်ကို သေသေချာချာ လိုက်ကြည့်လိုက်တယ်ဗျ။

ဟော လာပြီဗျို့။ တစ်ကျော့ပြန်လာပြန်ပြီ။ ကျုပ်လည်း တည့်တည့်ကြီး ပျံဝင်လာတဲ့ ယင်ကောင်ကို မျက်တောင်မခတ် ကြည့်နေပြီး အင်းတစ်ပစ်အကွာလောက် ရောက်လာတဲ့အချိန်မှာ

"ကဲကွာ"

ဆိုပြီး အင်းနဲ့ လှမ်းပစ်လိုက်တယ်ဗျ။

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်

"ဝုန်း"

ဟာ…အံ့ဩစရာဗျာ၊ အင်းက မီးတွေ ဖင်းခနဲ လက်သွားပြီး ဝုန်းခနဲ အသံကြီး မြည်သွားတယ်ဗျို့။

အခိုးတွေ ထသွားပြီးတော့ ပြန်ငြိမ်သွားတဲ့အချိန်မှာ ယင်ကောင် မတွေ့တော့ဘူးဗျ။ ဖယောင်းတိုင်မီးတွေ လင်းနေတဲ့ မြေပုံနဲ့ မန်းမဝေးမှာ ရပ်နေတဲ့ မည်းမည်းအကောင်ကြီးကို တွေ့နေရတယ်ဗျ။ အကောင်ကြီးက အရပ်ဆယ်ပေကျော်မယ်ဗျ။ ကိုယ်လုံးက လူနှစ်ဖက်လောက် ငါးဖက်လောက်ရှိတဲ့ သစ်ပင်ကြီးတစ်ပင်အရွယ်လောက် ရှိတယ်ဗျ။ မျက်လုံးကြီးတွေက နီရဲပြီး ပြူးထွက်နေတာဗျ။

"မောင်ဟာဝေ၊ ဒီကို မြန်မြန်လာ"

ဘိုးလူပေက ကျုပ်ကို လှမ်းခေါ်လိုက်ပြီး ရှေ့ကို တက်လာတယ်ဗျ။

ကျုပ်က ဆရာကြီး စိုင်းနွံဖရဲ့ လက်ထဲက ကလေးကို ဆွဲခေါ်လိုက်ပြီး သရက်ပင်ကြီးဆီးမှာ ကပ်နေလိုက်တယ်။ ကျန်နေတဲ့ အင်းတစ်ချပ်ကို ညာဘက်လက်ထဲမှာ ကျစ်ကျစ်ပါအောင်

ဆုပ်ထားလိုက်တာပေါ့ဗျာ။

"မိစ္ဆာ နဂိုရုပ် ပေါ်လာပြီကွဲ"

ဆရာနံ့ဖက ကျုပ်ကို လှမ်းပြောလိုက်တာဗျ။ မိစ္ဆာဟာ ပါးစပ်အကြီးကြီးကို အကျယ်ကြီးဟပြီး မီးတွေ တလက်လက်နဲ့ ပါးစပ်ထဲမှာ တောက်နေတယ်ဗျ။ ကျုပ်လည်း အခုမှပဲ နတ်မိစ္ဆာရဲ့ စက်ကို တွေ့ဖူးတော့တာဗျ။

ဟော လွှတ်ပြီဗျို့။ လွှတ်ပြီ။ မိစ္ဆာစက်တွေ လွှတ်ပြီဗျို့။

စက်တွေက ဆရာကြီးနှစ်ယောက်ဆီကို တန်းဝင်လာတာဗျ။ ဆရာကြီးနှစ်ယောက်က ရင်ဘောင်တန်းပြီးတော့ ရပ်နေကြတာဗျ။

စက်တွေ ဝင်လာတာကို တွေ့လိုက်တာနဲ့ လက်ဝါးတွေ ဖြန့်ပြီး ကာလိုက်ကြတယ်။

မိစ္ဆာလွှတ်တဲ့စက်တွေ တုံ့ခနဲ ရပ်သွားပြီး ရှေ့ကိုဆက်ပြီး မတိုးနိုင်တော့ဘူးဗျို့။ မိစ္ဆာက ဒေါသတွေဖြစ်ပြီး သူ့လက်ဝါးကြီးနဲ့ စက်တွေကို ဆောင့်တွန်းသလို လုပ်လိုက်တယ်ဗျ။ ဆရာကြီးနှစ်ယောက်ကလည်း သူတွန်းသလိုပဲ လက်ဝါးတွေနဲ့ ပြ

ဆောင့်တွန်းလိုက်တယ်ဗျ။

"ဝုန်း"

နှစ်ဖက်ပြိုင်တွန်းလိုက်တဲ့အချိန်မှာ စက်တွေက မီးတောက်ကြီးလိုထပြီး ကောင်းကင်ကို တက်သွားရောဗျို့။ ဝါးနှစ်ရိုက်လောက် အမြင့်ကို ရောက်တော့မှ မီးတောက်ကြီး ပျောက်သွားတာဗျာ။

မိစ္ဆာက ချက်ချင်း ထပ်ပြီးစက်တွေ လွှတ်တယ်။ ဒီတစ်ခါလွှတ်တဲ့စက်တွေက ပါးစပ်ရော မျက်လုံးရောကနေ ပြိုင်လွှတ်တာဗျ။ စက်ကလည်း နီရဲနေတာဗျ။ ဒီစက်နဲ့ ထိလို့ကတော့ လွယ်မယ်မထင်ဘူးဗျ။

ဘိုးလူပေနဲ့ ဆရာနွံဖကလည်း ပြေးဝင်လာတဲ့ စက်တွေကို ပြိုင်တူရိုက်ထုတ်လိုက်ကြတယ်ဗျို့။

"ဖျောင်း" "ဖျောင်း" "ဖျောင်း"

ဟာ…စက်တွေ အပိုင်းပိုင်း ပြတ်သွားပြီဗျို့။

ဒီတော့မှ ကျုပ်သဘောပေါက်တာဗျ။ နတ်မိစ္ဆာရဲ့ စက်တွေကို ဘိုးလူပေရော ဆရာနွံဖရော တစ်ယောက်ချင်းဆိုရင်

ခဲနိုင်ဖို့ မလွယ်ဘူးဗျ။ ဒါကြောင့် နှစ်ယောက်ပေါင်းပြီး ဆင်းလာကြတာဗျို့။ နှစ်ယောက်ပေါင်း မှော်အစွမ်းနဲ့ ကာကွယ်နေရတာဗျ။

မိန္တာက လက်ဝါးနှစ်ဖက်ကို ပွတ်တယ်။ ဟာ လောင်မီး စက် ထုတ်တော့မယ်ထင်တယ်ဗျ။ စက်ထဲမှာ ဒီစက်က အပြင်းထန်ဆုံးပဲဗျို့။

ကျုပ်လည်း ကလေးကို လက်ဆွဲပြီး သရက်ပင်ကြီးနောက်မှာ ကွယ်နေလိုက်တယ်။ ဒီစက်မျိုး ထိလို့ကတော့ တစ်ကိုယ်လုံး မီးတွေထတောက်ပြီး ပြာဖြစ်သွားမှာ သေချာတယ်ဗျ။

သရက်ပင်နောက်ကနေ ကျုပ် ချောင်းကြည့်လိုက်တော့ မိန္တာပွတ်နေတဲ့ လက်ဝါးကြီးနှစ်ဖက်ထဲမှာ ခြင်းလုံးအရွယ်လောက်ရှိတဲ့ မီးလုံးကြီးကို တွေ့နေရတယ်ဗျ။

ဆရာကြီးနှစ်ယောက်ကလည်း သူတို့လက်ဖဝါးတွေကို ပွတ်နေကြတာ။ သူတို့လက်ဖဝါးထဲမှာလည်း ကြက်ဥအရွယ်လောက် အလင်းလုံးတွေ ဖြစ်လာပြီဗျ။ မိန္တာက ဆရာကြီးတွေသတိအလစ်ကို စောင့်နေတာဗျ။

ကျွပ်ကို ဘိုးလူပေ တစ်ခါက ပြောဖူးတယ်။ ဒီလိုအချိန်မှာ သူတို့စိတ်ဟာ နည်းနည်းလေးမှ ရွေ့လို့မရဘူးတဲ့ဗျ။ သင်္ကိုပစ်မယ့်စက်ပေါ်မှာ ကပ်ထားပြီး မန္တန်ကို စိတ်ထဲက ရွတ်နေရတာဆိုပဲဗျ။

ဟော…နတ်မိစ္ဆာက ပစ်ပြီဗျို့။ သူ့လက်ထဲက မီးလုံးနဲ့ ဆံရာကြီးတွေကို လှမ်းပစ်လိုက်ပြီ။ ဆရာကြီးတွေကလည်း သူတို့လက်ထဲက ဒေါင်းမီးစက်တွေကို ပြိုင်တူပစ်လွှတ်လိုက်ပြီဗျို့။

"အုန်း"

စက်တွေ မျက်မှာချင်းဆိုင် တွေ့ကြပြီဗျို့။ 'အုန်း' ဆိုတဲ့ အသံကြီး ထွက်လာပြီး မီးလုံးကြီးတစ်လုံး ကောင်းကင်ကို ထိုးတက်သွားတယ်။

ဟော…အလင်းရောင် မှိန်မှိန်လာပြီး ပျောက်သွားပြီဗျို့။ မိစ္ဆာရဲ့ လေ်ာင်မီးစက် ပျောက်သွားပြီပေါ့ဗျာ။

မိစ္ဆာက ဒေါသတွေ အကြီးအကျယ် ထွက်ပြီး ရဲရဲနီနေတဲ့ မျက်လုံးကြီးတွေနဲ့ ဆရာကြီးတွေကို စားတော့ဝါးတော့မလိုကို ကြည့်နေတာဗျ။

နတ်မိစ္ဆာကြီးက သူ မနိုင်တော့မှန်း ရိပ်မိပုံပဲဗျ။ ကာလေးနဲ့ ဝိညာဉ်လဲမယ့်အချိန်လည်း ကျော်သွားပြီလေဗျာ။ ကြံရာမရတဲ့အဆုံးမှာ နတ်မိစ္ဆာကြီးက ငှက်ကြီးတစ်ကောင် ဖြစ်သွားပြီး ချက်ချင်းထိုးတက်သွားတယ်ဗျ။

ဘိုးလူပေနဲ့ ဆရာနံ့ဖတို့ရဲ့ ကိုယ်ပွားတွေ ချက်ချင်းထွက်ပြီး မိစ္ဆာငှက်ထက် နှစ်ဆလောက်ကြီးတဲ့ ငှက်ကြီးတွေ ဖြစ်သွားကြတယ်ဗျ။

ဟော…လိုက်ပြီဗျို့။ လိုက်ပြီ။ ရှေ့က မျှထွက်သွားတဲ့ မိစ္ဆာငှက်ကြီးနောက်ကို ဆရာကြီးတွေရဲ့ ကိုယ်ပွားငှက်တွေ လိုက်သွားကြပြီဗျို့။ ကောင်းကင်မှာက လ,မသာတော့ ကြယ်ရောင်ပဲရှိတာပေါ့ဗျာ။

ဟာ…မီသွားပြီဗျို့။ မီသွားပြီ။

ဟာ…မိစ္ဆာငှက်ကြီးက နောက်ကလိုက်လာတဲ့ ငှက်တွေကို ခြေထောက်တွေနဲ့ ဆောင့်ကန်တယ်ဗျ။ ဟော နှုတ်သီးနဲ့လည်း ပေါက်တယ်ဗျ။

ဟော ငှက်ကြီးတွေ မျက်နှာချင်းဆိုင် တွေ့ကြပြီဗျို့။

အတောင်ပံကြီးတွေခတ်ပြီး နေရာမှာတင် ရပ်နေရတာဗျို့။ ဟာ မိစ္ဆာငှက်ကြီးရဲ့ ပါးစပ်ထဲက စက်တန်းကြီး ထွက်လာပြီး ဆရာကြီးတွေဆီကို လွှတ်တယ်ဗျ။

ဟော ရှောင်ပြီဗျို့။ ဆရာကြီးတွေက တောင်ပံကြီးတွေ ခတ်ပြီး ဘေးကို ပျံထွက်သွားကြတယ်။ ဟာ လွှတ်ပြန်ပြီဗျို့။ မိစ္ဆာငှက်ရဲ့ ပါးစပ်ထဲက စက်တန်းတွေ လွှတ်ပြန်ပြီဗျာ။

ဆရာကြီးတွေကတော့ အောက်နှိမ့်ဆင်းလိုက်၊ ဘေးဘက်ကို လှည့်ထွက်လိုက်နဲ့ သတိထားပြီး ရှောင်ပေးနေရတာဗျ။ ရှောင် ရင်းနဲ့ မိစ္ဆာငှက်ကြီးရဲ့ နောက်ကျောဘက်ကို ဆရာကြီးတွေ ရောက်သွားကြပြီဗျို့။

ဟာ မိစ္ဆာငှက်ရဲ့ ကျောကုန်းကို ဆရာကြီးတွေက နှုတ်သီးကြီးတွေနဲ့ ဝင်ပေါက်ကြပြီဗျို့။ မိစ္ဆာငှက် အောက်ကို သုံးတောင်လောက် ပြုတ်ကျလာတယ်ဗျ။

ဒါပေမဲ့ မိစ္ဆာငှက်က ပျံနှုန်းမြှင့်ပြီး ထွက်ပြေးပြီဗျို့။ ဆရာကြီးတွေလည်း နောက်က လိုက်ပျံသွားကြရောဗျို့။

ဟော၊ ဟော မိစ္ဆာငှက်က ဘေးဘက်ကို လှမ်းကြောင်း

ပြောင်းပြီး ပျံတယ်ဗျ။ ကျုပ်တို့ဘက်ကို ပြန်ရောက်လာပြီ။

ဟာ ဆရာကြီးတွေ စက်လွှတ်ပြီဗျို့။ စက်တွေကို ဖြိုင်တူ လွှတ်ကြတာဗျ။ ဖြူဖွေးပြီး အရောင်တောက်နေတဲ့ စက်တန်း နှစ်ခုက ရှေ့က ပျံနေတဲ့ မိစ္ဆာငှက်ကို တည့်တည့်ထိပြီဗျို့။

"ဝုန်း"

ဟာ မိစ္ဆာငှက်ကြီး တစ်ကိုယ်လုံး မီးတွေ ထတောက် ရောဗျာ။ ဟာ ကျလာပြီဗျို့။ ကျလာပြီ။ ကာလီမယ်တော်ဗိမာန် ရှေ့ကို ပြုတ်ကျတာဗျို့။

"ဖုန်း"

ဟာ မြေကြီးပေါ်မှာ ငှက်ကြီး မီးတွေလောင်နေတာဗျို့။

ဆရာကြီးနှစ်ယောက်က သူတို့ကိုယ်တွေရှေ့မှာ ဆင်း လိုက်ကြပြီဗျ။ ဟာ ငှက်ကြီးတွေ ပျောက်သွားပြီဗျ။ ဟော ဆရာကြီးတွေ လမ်းဘက်ကို ပြေးထွက်လာပြီး ကာလီမယ်တော် ဗိမာန်ဘက်ကို သွားကြတယ်ဗျ။ ကျုပ်ကတော့ ကလေးကို လက် ဆွဲထားပြီး သရက်ပင်ကြီးအောက်ကပဲ ကြည့်နေတာဗျ။

"ဝုန်း"

နောက်ထပ် မီးတောက်ကြီး ထပ်တောက်သွားတယ်ဗျို့။ ဒါ ငရဲမီးတောက်ပဲဗျ။ မီးတောက်ထဲမှာ တွန့်လိမ့်နေတဲ့ မိစ္ဆာကြီး က ငှက်ပုံစံကနေ သူ့ရဲ့ နဂိုပုံစံ နတ်မိစ္ဆာကြီးပုံ ပြန်ပေါ်လာပြီး လူးလွန့် အော်ဟစ်နေတုန်းမှာပဲ နောက်ထပ် မီးတောက်ကြီး ထပ်တောက်တာဗျ။ နောက်ထပ် ထတောက်တဲ့ မီးက ငရဲမီးဆို တော့ ပူလိုက်တာဗျာ။ ကျုပ်နေရာထိတောင် အပူလာဟပ်တယ်ဗျ။ ဆရာကြီးတွေတောင် ပူလို့ နောက်ကို ဆုတ်လာကြပြီဗျို့။

"အား" "အား" "အား"

နတ်မိစ္ဆာကြီးရဲ့ အော်သံက ကြဲတောသချိုင်းကြီးတစ်ခုလုံး ကို ဟိန်းထွက်သွားတာဗျ။ ကျုပ်စိတ်ထင်တော့ ဟံသာဝတီဘက်၊ လှည်းတန်းဘက်တွေကတောင် နတ်မိစ္ဆာကြီးရဲ့ အော်သံကို ကြား ရလိမ့်မယ်ထင်တယ်ဗျ။ ငရဲမီးတောက်။

ဟာ သွားပြီဗျို့။ သွားပြီ။ နတ်မိစ္ဆာကြီး မိုးညိုကို ငရဲမီး ကြီးက ဆွဲချသွားပြီဗျို့။ မီးတွေအားလုံး မြေကြီးထဲကို ဝင်ပြီး ပျောက်သွားတာဗျ။ ခုနကမီးတောက်ကြီးထတဲ့နေရာမှာ ပြာတောင် မကျန်ခဲ့ဘူးဗျ။

**အရှေ့ဘက်တောင်းကောင် စာပေထုတ်လုပ်ဖြန့်ချိရေး**

နတ်မိစ္ဆာကြီး မိုးညိုကို ငရဲမီးတောက်ကြီးက အဝီစိငရဲကို ဆွဲခေါ်သွားပေမယ့် ကျုပ်လက်ထဲမှာတော့ မျက်လုံးအပြူးသားနဲ့ ကြောက်လန့်တကြား ကြည့်နေတဲ့ မိုးညိုလေး ရှိနေတာပေါ့ဗျာ။

"မိုးညိုရယ်၊ မင်း ကံကောင်းပေလို့ပေါ့ကွာ၊ ဆရာကြီးတွေသာ လာပြီးမကယ်ရင် မင်းကိုယ်ထဲကို အဲဒီနတ်မိစ္ဆာကြီးဝင်သွားပြီကွ"

ကျုပ်က မိုးညိုကို ပြောလိုက်ပေမယ့် မိုးညိုကတော့ဘာကိုမှ နားလည်ဟန် မရှိဘူးဗျ။ ကျုပ်ကိုပဲ မော့ကြည့်နေတယ်။

ကျုပ်တို့ အလာတုန်းက သုံးယောက်။ အခု ပြန်တော့ လေးယောက်ဗျာ။

ဟံသာဝတီအဝိုင်းနားက သုံးဘီးတစ်စီးကို လက်တားပြီး ဗဟန်းဘုန်းကြီးကျောင်းကို ကျုပ်တို့ ပြန်ခဲ့ကြတယ်။ ဘုန်းကြီးကျောင်းရောက်တော့ မနက်သုံးနာရီထိုးပြီ။ ဆရာတော်က တစ်ညလုံး မကျိန်းဘဲ ကျုပ်တို့ကို မျှော်ပို့ပေးနေတာတဲ့ဗျ။

ကျုပ်တို့နဲ့ ပါလာတဲ့ ကလေးကို ဆရာတော်က ဆီးမေး

ပြီး မေတ္တာပို့ပေးနေတယ်။

ကျုပ်တို့လည်း မအိပ်ကြတော့ပါဘူးဗျာ။ ခဏကြာတော့ ကိုရင်တွေ ဦးပဥ္စင်းတွေ အိပ်ရာက နိုးလာကြပြီး အာရုံအတွက် ပြင်ကြဆင်ကြတယ်။

ကျုပ်တို့ကိုလည်း ရေနွေးကြမ်းပွဲ ပြင်ဆင်ပေးတယ်။ ကျုပ်ကတော့ နဂါးဆေးပေါ့လိပ်ကလေးတစ်လိပ် ဖွာလိုက်တယ်။ ကလေးကတော့ ကျုပ်ပေါင်ပေါ်မှာ ခေါင်းအုံးပြီး ခွေခွေလေး အိပ်ပျော်နေတယ်ဗျ။

ဗဟန်းဘုန်းကြီးကျောင်းမှာ, တစ်ရက်နားကြတယ်။ ဘိုးလူပေက ကလေးကို သူ့ဘဝအမှန်ကို ပြောပြတော့ ကလေးက ငိုတယ်ဗျ။ သူ့အမေရင်း အမေရင်းတွေကို တွေ့ချင်တယ်လို့ ပြောရှာတယ်။

နောက်တစ်နေ့မှာပဲ ကလေးရဲ့ မိဘတွေရှိတဲ့ မြို့ကို ကျုပ်တို့ ခရီးဆက်ခဲ့ကြတယ်။ မြို့ကလေးကို ရောက်တော့ ဦးလှ တို့ ဒေါ်လေးတို့ တိုက်ကို ရှာရတာပေါ့ဗျာ။ မြို့မျက်နှာဖုံးသူဌေး တွေဆိုတော့လည်း ရှာရတာ လွယ်ပါတယ်။

အံ့ဩစရာပါဗျာ။ ဦးလှတို့ ဒေါ်လေးတို့က ထူးထူးဆန်းဆန်း ဗိုက်ထဲမှာတင် ပျောက်သွားတဲ့ မြေးလေးကို ရည်စူးပြီး ကလေးရဲ့ မွေးနေ့မှာ တစ်နှစ်တစ်ခါ အလှူလုပ်ကြတယ်တဲ့ဗျ။

ကျုပ်တို့ ရောက်သွားတဲ့နေ့ဟာ ကလေး ကိုးနှစ်ပြည့်တဲ့ နေ့ဆိုပဲ။ အားလုံး လူစုံတက်စုံ ရှိနေကြတာပေါ့ဗျာ။

ကလေးရဲ့ မိဘတွေဖြစ်တဲ့ ကိုစိန်ပန်းနဲ့ မလှလေးစိန်ရော ကိုစိန်ပန်းရဲ့ မိဘတွေဖြစ်တဲ့ ဦးစိန်တို့ ဒေါ်ပန်းတို့ရော ရောက်နေကြတာဗျ။

ဆရာကြီး စိုင်းနွံဖနဲ့ ဘိုးလူပေတို့က အဖြစ်အပျက်တွေ အားလုံးကို ပြောပြလိုက်တဲ့အခါကျတော့ အားလုံး အံ့အားသင့်သွားကြပြီး ပါးစပ်အဟောင်းသားတွေနဲ့ မိုးညိုလေးကို ဝိုင်းကြည့်နေကြတာပေါ့ဗျာ။

ဒီမှာတင် မအေလုပ်တဲ့ မလှလေးစိန်က ကလေးကို ပွေးဖက်ပြီး ငိုတော့တာပဲဗျို့။ ဘိုးအေ ဘွားအေတွေကလည်း ငိုကြလို့ပေါ့ဗျာ။

မိုးညိုကလည်း လူချောလေးဗျ။ ဗိုက်ထဲမှာကတည်းက

ပျောက်သွားတဲ့ သူတို့သားလေးကို ကိုးနှစ်ပြည့်တော့မှ တွေ့ရတဲ့ မိဘတွေဆိုတာ ချစ်လို့ကို မဝနိုင်ကြတော့ဘူးပေါ့ဗျာ။

ဪ ထူးဆန်းတာ ပြောရဦးမယ်ဗျ။ မလှလေးစိန်မှာ ဒီကလေး ကိုယ်ဝန်ပျောက်သွားပြီးတဲ့နောက်မှာ နောက်ထပ် ကလေးမရတော့ဘူးတဲ့ဗျာ။ မိုးညိုလေးဟာ သူတို့ရဲ့ တစ်ဦးတည်းသော သားလေးတဲ့ဗျာ။

ဒီတော့လည်း ရှုံးဖတက် ဖြစ်ကြတော့တာပေါ့ဗျာ။

နောက်ဆုံးတော့ ဆရာကြီးတွေက ဒီကလေးကို နာမည် ပြန်မှည့်ဖို့ ပြောတယ်။ မိုးညိုဆိုတာ ကဝေတွေ ပေးထားတဲ့ နာမည်ဖြစ်နေလို့ မမှည့်ဖို့ ပြောရတာပေါ့ဗျာ။ ဒီမှာတင် နှစ်ဖက် ဘိုးအေတွေ ဘွားအေတွေရော ကလေးရဲ့ မိဘနှစ်ပါးကပါ ဆရာ ကြီးတွေပဲ အမှတ်တရဖြစ်အောင် ကလေးကို နာမည်မှည့်ပေးဖို့ ပြောလာတယ်ဗျ။

ဒါနဲ့ ဘိုးလူပေကပဲ ကွက်ချက်ကြည့်ပြီးတော့ ပြောတယ် ဗျ။

"ကဲ ဒီနေ့ကစပြီး ဒီကလေးကို မောင်ကံစိန်လို့ ခေါ်ကြ

မေတော့ဗျာ"

"မောင်ကံစိန်" "မောင်ကံစိန်" "မောင်ကံစိန်"

"ကောင်းလိုက်တဲ့ နာမည်လေးကွာ"

လို့ ဘိုးအေတွေကလည်း ပြောကြတယ်ဗျ။

ဆရာကြီးနှစ်ယောက်နဲ့ ကျုပ်နဲ့ အဲဒီမြို့လေးမှာ မောင်ကံစိန်လေးနဲ့ အတူတူ သုံးရက်နေခဲ့ကြတယ်။ သုံးရက်ကြာတော့မှ ကျုပ်တို့ ပြန်ခဲ့ကြတယ်။ ဆရာကြီးတွေက ကျုပ်တို့မြို့လေးအထိ လိုက်ပို့ကြတယ်။ မြို့ရောက်တော့ ကျုပ်က ရှာကားစီးပြီး ပြန်ခဲ့တာပေါ့ဗျာ။

ဌာနေခွင်းကုန်းကို ပြန်ရောက်တော့ ကျုပ်ကို မျှော်နေတဲ့ အဘနဲ့ အမေက ဆီးကြိုကြတာပေါ့ဗျာ။

ကျန်းမာ ချမ်းသာကြပါစေ

တာတေ

◆◆◆